# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်  ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ် ၁၉ ရက်၊ ဗုဒ္ဓဟူးနေ့  အတွဲ (၅၉)၊ အမှတ် (၃၂၁)


## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ

## COVID-19 ကူးစက်ဖြစ်ပွားမှု ဒုတိယလှိုင်း မပေါ်ပေါက်စေရေး ပြည်သူသို့ပန်ကြားချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**Coronavirus Disease 2019 (COVID-19) ကာကွယ်၊ထိန်းချုပ်၊ကုသရေး**

**အမျိုးသားအဆင့်ဗဟိုကော်မတီ**

**COVID-19 ကူးစက်ဖြစ်ပွားမှု ဒုတိယလှိုင်း မပေါ်ပေါက်စေရေး ပြည်သူသို့ပန်ကြားချက်**

**၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၅ ရက်**

**(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၈ ရက်)**

၁။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၁၈.၈.၂၀၂၀)နေ့ နံနက်ပိုင်း မြန်မာစံတော်ချိန် (၀၉:၃၀) နာရီတွင် ထုတ်ပြန်ထားသော သတင်းအချက်အလက်များအရ ကမ္ဘာတွင် (COVID-19) ရောဂါ ဖြစ်ပွားသူ (၂၁.၅)သန်းခန့်ရှိ၍ သေဆုံးသူ (၇.၆) သိန်းကျော်ရှိနေပြီဖြစ်ကာ ဖြစ်ပွားသူနှင့် သေဆုံးသူ အရေအတွက်မှာ အချိန်နှင့်အမျှ တိုးတက်များပြားလျက်ရှိနေပါသည်။

၂။ မိမိတို့နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည့် အိန္ဒိယနိုင်ငံတွင် ဖြစ်ပွားသူ (၂.၆) သန်းခန့်နှင့် သေဆုံးသူ (၅၀,၉၂၁) ဦးဖြင့် ကမ္ဘာတွင်ဖြစ်ပွားမှု တတိယအများဆုံးနိုင်ငံဖြစ်နေပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်လည်း ဖြစ်ပွားသူ (၂.၇)သိန်းကျော်နှင့် သေဆုံးသူ(၃,၆၅၇) ဦး ရှိနေပါသည်။ အဆိုပါနိုင်ငံများတွင် ဖြစ်ပွား/သေဆုံးသူဦးရေမှာ နေ့စဉ်ဆက်လက်မြင့်တက်လျက်ရှိနေသည်ကို တွေ့ရှိနေရပါသည်။

၃။ မိမိတို့နိုင်ငံတွင် (COVID-19) ကူးစက်ဖြစ်ပွားမှုပထမလှိုင်း၏ အကျပိုင်းသို့ရောက်ရှိနေပြီး ပထမလှိုင်း မကြာမီပြီးဆုံးတော့မည်ဟုဆိုနိုင်သည့် အခြေအနေဖြစ်ပါသည်။ ယနေ့နံနက်ပိုင်းအထိ ရောဂါဖြစ်ပွားသူ(၃၇၆)ဦးရှိကာ ၎င်းတို့အနက် (၆)ဦးသေဆုံးခဲ့ပြီး ရောဂါပိုးကင်းစင်သူ (၃၃၁)ဦးရှိပြီ ဖြစ်ပါသည်။ (၁၈-၆-၂၀၂၀)ရက်နေ့မှစ၍ ယနေ့အထိ ပိုးတွေ့ရှိသူ (၁၁၄) ဦးရှိသည့်အနက် (၂) ဦးသာ ပြည်တွင်းကူးစက်မှုဖြစ်ပြီး ကျန် (၁၁၂) ဦးသည် ပြည်တွင်းကူးစက်မှုမဟုတ်ဘဲ နိုင်ငံခြားမှ ပြန်လည်ဝင်ရောက်လာသူများတွင် ပိုးတွေ့ရှိရခြင်း ဖြစ်ပါသည်။ ဤသို့ ထိန်းချုပ်နိုင်ခဲ့ခြင်းမှာလည်း ပြည်သူသာလျှင် အဓိကဖြစ်သည့်အတွက် ပြည်သူအားလုံးက ပူးပေါင်းပါဝင်မှု၊ လိုက်နာခဲ့မှုကြောင့်ဖြစ်ပါသည်။

၄။ အထူးသတိပြုရမည့်အချက်မှာ မိမိတို့နိုင်ငံတွင် ရောဂါပိုးတွေ့ရှိရသူများအနက် ထက်ဝက်ကျော်ဖြစ်သည့် (၆၁%)ခန့်သည် အမြင်အားဖြင့် နေကောင်းကျန်းမာပြီး ရောဂါလက္ခဏာ တစ်စုံတစ်ရာပြသခြင်းမရှိသူများ ဖြစ်ပါသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❍

# COVID-19 ကူးစက်ရောဂါကြောင့် တစ်ကမ္ဘာလုံး စိန်ခေါ်မှုများ ရင်ဆိုင်နေရချိန်တွင် ရာသီဥတုပြောင်းလဲမှုများနှင့် ဆိုးရွားမှုများ ထပ်ဆင့်ဖြစ်ပေါ်လာနိုင်မှုကြောင့် အခြားထိခိုက်မှုများအပြင် စားနပ်ရိက္ခာရှားပါးမှုများ ဖြစ်ပေါ်လာနိုင်



ရေကြီးရေလျှံမှု၊ မိုးခေါင်ရေရှားမှုတို့ကြောင့် စားနပ်ရိက္ခာရှားပါးလာနိုင်မှု အခြေအနေအပေါ် ဖြေရှင်းဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

**နေပြည်တော် ဩဂုတ် ၁၈**

ရေကြီးရေလျှံမှု၊ မိုးခေါင်ရေရှားမှုတို့ကြောင့် စားနပ်ရိက္ခာရှားပါးလာနိုင်မှု အခြေအနေအပေါ် ဖြေရှင်းဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်၊

*စာမျက်နှာ ၄ ကော်လံ ၁* ❑


KBZ BANK

(6) CONSECUTIVE YEARS

'BANK OF THE YEAR IN MYANMAR 2018'

Awarded by Financial Times (The Banker)

# အားနည်းမှုများ ပြန်လည်ပြုပြင် ရောဂါကာကွယ်ရေးနည်းလမ်းများ လိုက်နာ

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ဒုတိယလှိုင်း မပေါ်ပေါက်စေရေးအတွက် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီက ပြည်သူသို့ပန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။ အိမ်နီးချင်းနိုင်ငံအချို့၌ ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုနှင့် သေဆုံးမှုတို့ မြင့်တက်နေသည့် အခြေအနေ၊ အိမ်နီးချင်းနိုင်ငံအချို့နှင့် ကမ္ဘာ့နိုင်ငံကြီးအချို့တို့တွင် ရောဂါ ဒုတိယလှိုင်းဖြစ်ပွားမှုနှင့် သေဆုံးမှုတို့ကြောင့် ခက်ခက်ခဲခဲ ပြန်လည်ထိန်းချုပ်နေရသည့် အခြေအနေတွင် မိမိတို့ ပြည်သူများအကြား ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် အချက်များကို လိုက်နာမှုအားနည်းနေခြင်းအပေါ် သတိပေးနှိုးဆော်တိုက်တွန်းလိုက်ခြင်းလည်း ဖြစ်သည်။

လတ်တလောတွင် ကမ္ဘာတစ်ဝန်းလုံး၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူ ၂၀ သန်းကျော်နှင့် ၎င်းရောဂါကြောင့် သေဆုံးသူ ခုနစ်သိန်းခွဲကျော်ရှိနေပြီဖြစ်ပြီး ဆက်လက်၍လည်း ကိန်းဂဏန်းအရေအတွက်မှာ မြင့်တက်နေဆဲဖြစ်သည်။ မိမိတို့ နိုင်ငံအနေဖြင့်မူ ကိုဗစ်-၁၉ ရောဂါ ပထမလှိုင်း အကျကာလဖြစ်သည့်အပြင် ရောဂါထိန်းချုပ်နိုင်မှုအခြေအနေအပေါ် ဘက်ပေါင်းစုံမှ လေ့လာဆန်းစစ်မှုများ ပြုလုပ်ကာ စက်ရုံအလုပ်ရုံများနှင့် လုပ်ငန်းခွင်များ၊ စီးပွားရေးလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရန် စိစစ်ခွင့်ပြုပေးမှု၊ ရုံးဌာနများ၊ အခြေခံပညာအထက်တန်းကျောင်းများ ပြန်လည်ဖွင့်လှစ်မှု၊ လူစုဝေးမှုများကို အရေအတွက်တိုးမြှင့်ခွင့်ပြုပေးမှုတို့အပေါ် စိတ်တုံးတုံးချကာ ကူးစက်မြန်ကပ်ရောဂါနှင့်စပ်လျဉ်း၍ ပေါ့ဆလာကြခြင်းဖြစ်သည်ဟု ယူဆမိသည်။

လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်များတွင် ရောဂါကာကွယ်ရေးအတွက် လိုက်နာရမည့်အချက်များကို ရောင်းချသူ၊ ဆိုင်ဝန်ထမ်းများဘက်ကရော စားသုံးသူပြည်သူများဘက်ကပါ လိုက်နာမှုမရှိသလောက် ဖြစ်လာသည်။ အများပြည်သူသွားလာသည့် ယာဉ်ရထားများ၊ ဈေးများတွင်လည်း ထိုနည်းလည်းကောင်းပင် ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုအပေါ် လျှော့တွက်မိခဲ့ကြသည့် နိုင်ငံများ၊ လိုရာဆွဲ၍ အနက်ဖွင့်မှားခဲ့ကြသည့်နိုင်ငံများမှာ ၎င်းတို့၏ အမှားအတွက် တန်ဖိုးကြီးစွာ ပေးဆပ်ခဲ့ကြရသည်။ အချို့နိုင်ငံများမှာလည်း ရောဂါပထမလှိုင်း အရှိန်ကျဆင်းသွားပြီးသည့်နောက် အလောတကြီးဆိုသလို ဖြေလျှော့မှုများပြုလုပ်ခဲ့ကြရာမှ ဒုတိယလှိုင်း ကြီးကြီးမားမားရိုက်ခတ်မှုနှင့် ရင်ဆိုင်လာကြရသည့်အတွက် တားဆီးပိတ်ဆို့မှုများ၊ ကန့်သတ်မှုများ ယခင်အတိုင်း ပြန်လည်ပြုလုပ်ကြရသည်များကို တွေ့ရှိနိုင်သည်။

မိမိတို့နိုင်ငံတွင် ရောဂါပိုးတွေ့ရှိသူများ၏ ၆၁ ရာခိုင်နှုန်းခန့်မှာ လူကောင်းပကတိနှင့်မခြား ရောဂါလက္ခဏာတစ်စုံတစ်ရာ မတွေ့ရဘဲ နေကောင်းကျန်းမာနေသူများအသွင် တွေ့ရခြင်းက အထူးသတိပြုကြရမည့်အချက်ဖြစ်သည်။ နှာမစေး၊ ချောင်းမဆိုး၊ ကိုယ်မပူ၊ ဝေဒနာမခံစားရသည့်အတွက် အများပြည်သူအကြား သွားလာနေထိုင်ရင်း ရောဂါပျံ့နှံ့နေမည်ဆိုပါက မဆင်မခြင်၊ ပေါ့ပေါ့ဆဆနေသူများမှာ ဦးစွာကူးစက်ခံရမည်ဖြစ်သည်။ ယင်းကဲ့သို့သူများအမြောက်အမြား ရုတ်တရက်ပေါ်လာမည်ဆိုပါက တစ်နိုင်ငံလုံးအတွက်၊ တစ်မျိုးသားလုံးအတွက် ဘက်ပေါင်းစုံတွင် အကျပ်အတည်းဆိုက်ရောက်လာမည်ဖြစ်သည်။

ကိုဗစ်-၁၉ ဒုတိယလှိုင်းကို ရှောင်ရှားနိုင်ရေးအတွက် မိမိကိုယ်ကိုယ် တာဝန်ယူခြင်းဖြင့် မိမိကိုယ်တိုင်ရော၊ မိမိ မိသားစုနှင့်တကွ အများပြည်သူအတွက်ပါ ကောင်းကျိုးဆောင်ကြရမည်ဖြစ်ရာ လူစုလူဝေးရှောင်ရှားရေး၊ ခြောက်ပေအကွာ ခပ်ခွာခွာနေရေး၊ အပြင်ထွက်တိုင်း ပါးစပ်နှာခေါင်းစည်းတပ်ဆင်ရေး၊ လက်ကို ဆပ်ပြာဖြင့် မကြာမကြာဆေးကြောရေး၊ ပြည်ပပြန်များ စောင့်ကြပ်ကြည့်ရှုရေးတွင် ပူးပေါင်းပါဝင်နှင့် တရားမဝင် ပြန်လာသူများရှိပါက သက်ဆိုင်ရာသို့ သတင်းပို့ရေးတို့တွင် တာဝန်ကျေပွန်ကြပါစေကြောင်း။ ။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| (၁) ဒေါက်တာ ဥမ္မာကျော်<br>ဒုတိယပါမောက္ခချုပ်<br>ရန်ကုန်အဝေးသင်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ရန်ကုန်အဝေးသင်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၂) ပါမောက္ခ ဒေါက်တာ ခင်သန်းညွန့်<br>ပါမောက္ခ/ဌာနမှူး<br>ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာဌာန<br>ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်<br>(မန္တလေး)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဆေးဘက်ဆိုင်ရာနည်းပညာ<br>တက္ကသိုလ်(မန္တလေး)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်<br>ဦးစီးဌာန<br>ကျန်းမာရေးနှင့်အားကစား<br>ဝန်ကြီးဌာန |

# မြန်မာ့ရုပ်ရှင်ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုဖျော်ဖြေပွဲ ပွဲစဉ်(၃) မြန်မာ့ရုပ်မြင်သံကြား (MRTV)မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၁၈

မြန်မာ့ရုပ်ရှင်ရာပြည့်ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့ရုပ်ရှင်တေးသီချင်းအပုဒ်(၁၀၀)ကို Emperor တေးဂီတအဖွဲ့နှင့် အခြားတေးဂီတအဖွဲ့များ၊ နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေမှုများဖြင့် ဩဂုတ် ၂၀ ရက် (သောကြာနေ့) မြန်မာ့ရုပ်မြင်သံကြား(MRTV)၏ ည ၈ နာရီ သတင်းအစီအစဉ်အပြီးတွင် မြန်မာ့ရုပ်မြင်သံကြား(MRTV) နှင့် MRTV Facebook Page တို့မှ တိုက်ရိုက်ထုတ်လွှင့်ပေးမည် ဖြစ်သည်။

ဩဂုတ် ၂၀ ရက် ပွဲစဉ်(၃) အစီအစဉ်တွင် မြန်မာ့ရုပ်ရှင် ဇာတ်ဝင်တေးများကို Emperor တေးဂီတအဖွဲ့နှင့်အတူ နိုင်ငံကျော်တေးသံရှင်များ ဖြစ်ကြသည့် ဇော်ဝင်းထွဋ်၊ ရင်ဂို၊ စည်သူလွင်၊ အောင်လ၊ ဝေလ၊ ဝိုင်းစုခိုင်သိန်း၊ ဂျူဝဲလ်၊ အေးမြဖြူနှင့် မေသက်ထားဆွေတို့က ပါဝင်ဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်ပြီး အဆိုပါတင်ဆက်မှုကို ဩဂုတ် ၂၃ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ပြန်လည်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံနှင့် အကအလှတို့ကို ရိုက်ကူးတင်ဆက်မည့် ရုပ်သံဇာတ်လမ်းတွဲ ရိုက်ကူးနိုင်ရေးအထောက်အကူပြုသင်တန်းဖွင့်လှစ်




နေပြည်တော် ဩဂုတ် ၁၈

တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံနှင့် အကအလှတို့ကို ရိုက်ကူးတင်ဆက်မည့် ရုပ်သံဇာတ်လမ်းတွဲ ရိုက်ကူးနိုင်ရေး အထောက်အကူပြုသင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက နေပြည်တော် (တပ်ကုန်း)ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ကျင်းပသည်။ **(ယာပုံ)**

သင်တန်းဖွင့်ပွဲတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က မြန်မာနိုင်ငံရှိ တိုင်းရင်းသားပြည်သူတို့၏ မတူကွဲပြားမှုများမှ ဆက်နွှယ်မှုများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ပြီး ငြိမ်းချမ်းရေး တည်ဆောက်မှုကို အထောက်အကူပြုနိုင်ရန်နှင့် စည်းလုံးညီညွတ်မှုရရှိစေရန် ရည်ရွယ်ချက်များဖြင့် တိုင်းရင်းသားဘာသာ (၁၇) မျိုးကို မြန်မာ့အသံရေဒီယိုမှလည်းကောင်း၊ တိုင်းရင်းသားဘာသာ (၁၁)မျိုးကို မြန်မာ့ရုပ်မြင်သံကြားမှလည်းကောင်း ထုတ်လွှင့်လျက်ရှိပါကြောင်း၊ အဆိုပါ ရည်ရွယ်ချက်များကို အထောက်အကူပြုနိုင်မည့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံနှင့် အကအလှတို့ကို ရိုက်ကူးတင်ဆက်မည့် ရုပ်သံဇာတ်လမ်းတွဲကို ရိုက်ကူးထုတ်လွှင့်နိုင်ရန် ယခုကဲ့သို့ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထိုသို့ သင်တန်းဖွင့်လှစ်မှုတွင် နည်းပြများအဖြစ် Yangon Film School မှ ဒေါက်တာအောင်မင်း၊ ဒါရိုက်တာ ကြည်ဖြူသျှင်တို့အပါအဝင် ဝါရင့်ပညာရှင် ၁၂ ဦးတို့က ပို့ချကြမည်ဖြစ်ပြီး Film-Directing သင်တန်းကို MRTV မှ ဝန်ထမ်း ၃၀ ဖြင့် ယခုလ ၁၈ ရက်မှ ၂၀ ရက်အထိလည်းကောင်း၊ Technical Media Production သင်တန်းကို MRTV မှ ဝန်ထမ်း ၂၅ ဦးဖြင့် ယခုလ ၂၂ ရက်မှ ၂၆ရက်အထိလည်းကောင်း တက်ရောက်လေ့ကျင့်ကြမည်ဖြစ်သည်။

ယခုသင်တန်းကို ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV) နှင့် Search for Common Ground (SFCG) တို့ ပူးပေါင်း၍ ပြုလုပ်ခြင်းဖြစ်ကြောင်း၊ MRTV နှင့် SFCG တို့သည် ရေဒီယိုကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများအနေဖြင့် ၂၀၁၇ ခုနှစ်တွင် တွေးကြခေါ်ကြ ပြောင်းလဲကြ (Let's Think Let's Change) အစီအစဉ် (၁၂) ပိုင်းကိုလည်းကောင်း၊ ၂၀၁၈ ခုနှစ်တွင် လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် အစီအစဉ် (၁၂)ပိုင်းကိုလည်းကောင်း၊ ရုပ်မြင်သံကြားကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ၂၀၁၈ ခုနှစ်တွင် "အပ်ဖျားတစ်ထောက်" အမည်ရှိ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးရုပ်သံဇာတ်လမ်းကိုလည်းကောင်း ရိုက်ကူးထုတ်လွှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကျောက်မဲခရိုင်၌ မဲဆန္ဒရှင်များ စာရင်း ပြည့်စုံမှန်ကန်ရေး လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

သီပေါ ဩဂုတ် ၁၈

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင်အတွင်းရှိ မဲဆန္ဒရှင်များစာရင်း ပြည့်စုံမှန်ကန်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းတည့် ၁၂ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောက်မဲခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်က အမှာစကားပြောကြား၍ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားပြီး ခရိုင်ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးကျော်ကျော်က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်အသီးသီးမှ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိတို့ မြို့နယ်များ၏ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို တင်ပြကြပြီး ခရိုင်အုပ်ချုပ်ရေးမှူးက နိဂုံးချုပ်စကား ပြောကြားသည်။

ကျောက်မဲခရိုင်တွင် ဆန္ဒမဲပေးခွင့်ရှိသူ ၃၉၃၈၈၈ ဦးရှိပြီး မဲရုံ ၃၅၃ ရုံရှိကြောင်း သိရသည်။

စိုင်း(သီပေါ)

# ချင်းတွင်းမြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် ဩဂုတ် ၁၈

ယနေ့ နံနက် ၁၀ နာရီခွဲတိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်သုံးရက်အတွင်း တစ်ပေခွဲခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်သုံးရက်အတွင်း တစ်ပေခွဲခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟုမ္မလင်းမြို့နယ်နှင့် ဖောင်းပြင်မြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

# ပြည်သူသာလျှင် အဓိက

○ *ရှေ့ဖုံးမှ*

အကယ်၍ ရပ်ကွက်/ကျေးရွာအတွင်း၊ လူထုအတွင်း ရောဂါလက္ခဏာ တစ်စုံတစ်ရာမရှိဘဲ COVID-19 ဗိုင်းရပ်စ်ပိုးရှိနေသောသူများ ရှိနေပါက ထိုသူတို့ထံမှ တိတ်တဆိတ်ကူးစက်ပြန့်ပွား၍ ရောဂါဖြစ်ပွားမှု ဒုတိယလှိုင်းအဖြစ် အရှိန်အဟုန်မြင့်မားစွာဖြင့် ပေါ်ပေါက်လာနိုင်သည့် အလားအလာများစွာရှိပါသည်။ ဤကဲ့သို့ရောဂါဒုတိယလှိုင်းအဖြစ် ရောဂါ ပြန်လည်ဖြစ်ပွား/သေဆုံးနေမှုများကို အိမ်နီးနားချင်းနိုင်ငံအချို့နှင့် ရောဂါကို အောင်မြင်စွာ ထိန်းချုပ်နိုင်ခဲ့သည်ဟုဆိုခဲ့သော ကမ္ဘာ့နိုင်ငံကြီးအချို့တွင် တွေ့ရှိနေရပြီး ခက်ခဲစွာ ပြန်လည်ထိန်းချုပ်နေရသည်ကိုလည်း တွေ့ရှိရပါသည်။

၅။ မိမိတို့ပြည်သူများအကြားတွင် COVID-19 ကာကွယ်ရေးအတွက် အဓိကလိုက်နာဆောင်ရွက်ရမည့် အချက်များကို နိုင်ငံတွင်းကူးစက်မှုများခဲ့သည့် ၂၀၂၀ ပြည့်နှစ်၊ မတ်လ၊ ဧပြီလနှင့် မေလတို့တွင် လိုက်နာမှု အားကောင်းခဲ့သော်လည်း ဇွန်လအလယ်ခန့်မှစတင်၍ လိုက်နာမှုအားနည်းနေသည်ကို တွေ့ရပါသည်။

၆။ အကယ်၍ မိမိတို့နိုင်ငံအတွင်း ရောဂါဖြစ်ပွားမှုများ ရုတ်တရက်များပြားစွာ ပေါ်ပေါက်လာပြီး ထိန်းချုပ်ရန်ခက်ခဲသော ရောဂါဖြစ်ပွားမှု ဒုတိယလှိုင်းအဖြစ် ပေါ်ပေါက်လာပါက ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ အလုပ်အကိုင်ရရှိရေး၊ စားဝတ်နေရေးစသည့် ကဏ္ဍမျိုးစုံတွင် ဆိုးကျိုးများစွာ ဖြစ်ပွားပေါ်ပေါက်လာနိုင်ပါသည်။

၇။ ရောဂါကာကွယ်ရေးနည်းလမ်းများကို ပြည်သူအားလုံးက လိုက်နာလျှင် လိုက်နာသကဲ့သို့ နောက်ဆက်တွဲဆိုးကျိုးများစွာ ဖြစ်ပေါ်လာစေနိုင်သည့် COVID-19 ကူးစက်ဖြစ်ပွားမှု ဒုတိယလှိုင်းကို တားဆီးကာကွယ်နိုင်မည် ဖြစ်ပါသည်။ COVID-19 ကူးစက်ဖြစ်ပွားမှု ဒုတိယလှိုင်း မဖြစ်ပေါ်စေရန် အောက်ဖော်ပြပါ အဓိကအချက်(၅)ချက်ကို တိတိကျကျလိုက်နာပြီး မိမိတို့ ပြည်သူအားလုံး အတူတကွ ဝိုင်းဝန်းကာကွယ်ကြပါရန် တိုက်တွန်းအပ်ပါသည် -

(က) တတ်နိုင်သမျှ လူစုလူဝေးရှိရာနေရာများသို့ မလိုအပ်ဘဲ (လုံးဝ) မသွားကြပါရန်။

(ခ) တစ်ဦးနှင့် တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ကြပါရန်၊ ဖြစ်နိုင်ပါက အနည်းဆုံး (၆)ပေအကွာမှသာ နေထိုင်ပြောဆို ဆက်ဆံကြပါရန်။

(ဂ) အပြင်ထွက်တိုင်းနှင့် လူစုလူဝေးရှိသည့် နေရာများသို့ သွားသည့်အခါတိုင်း ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ကြပါရန်။

(ဃ) လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ အနည်းဆုံး စက္ကန့် (၂၀) ကြာအောင် ဆေးကြောကြပါရန်။

(င) နိုင်ငံခြားမှ ပြန်ရောက်လာသူများအား အသွားအလာတားမြစ်ပိတ်ပင်၍ သီးသန့်ထားရှိ စောင့်ကြပ်ကြည့်ရှုခြင်း (Quarantine) လုပ်ငန်းစဉ်များတွင် အပြည့်အဝပူးပေါင်းပါဝင်ပါရန်၊ တရားမဝင် ပြန်လည်ဝင်ရောက်လာသူများ တွေ့ရှိပါက မဖြစ်မနေ သတင်းပို့ပါရန်။

## Computer, Internet & Video Conferencing System ဆက်စပ်ပစ္စည်းများ လွှဲပြောင်းလှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၈**

Telecom International Myanmar Co.,Ltd.(Mytel) က သာသနာရေး နှင့် ယဉ်ကျေးမှုဝန်ကြီး ဌာနသို့ E-Government စနစ်ဖော်ဆောင်ရန်အတွက် Computer, Internet & Video Conferencing System ဆက်စပ်ပစ္စည်းများ လွှဲပြောင်းလှူဒါန်းခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ် (၃၁) သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ Telecom International Myanmar Co.,Ltd.(Mytel)မှ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်စိုး၊ ပြင်ပဆက်ဆံရေး အရာရှိချုပ် ဒေါက်တာနီလာအေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။




ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ E-Government စနစ်ဖော်ဆောင်ရန်အတွက် Computer, Internet & Video Conferencing System ဆက်စပ်ပစ္စည်းများ လွှဲပြောင်းလှူဒါန်းခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

အခမ်းအနားတွင် Telecom International Myanmar Co.,Ltd. (Mytel) မှ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်စိုးက လှူဒါန်းရခြင်း အကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် E-Government စနစ်ဖော်ဆောင်ရန် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (နေပြည်တော်/ ရန်ကုန်ရုံးခွဲ)၊ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ် (မန္တလေး) နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်/ မန္တလေး) တို့တွင် အသုံးပြုရန်အတွက် Video Conferencing System (၆) နေရာနှင့် Fiber Optic Cable နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ဝန်ကြီးရုံး) သို့ Laptop ကွန်ပျူတာ အလုံး ၅၀၊ အင်တာနက် ၁၆၀ Mbps အပါအဝင် စုစုပေါင်း ငွေကျပ် ၂၀၃၅ သိန်း တန်ဖိုးရှိသည့် နည်းပညာဆိုင်ရာ ဆက်စပ်ပစ္စည်းများကို လွှဲပြောင်းပေးအပ်လှူဒါန်းရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်မှလမ်းညွှန်ထားသော E-Government စနစ်အကောင်အထည်ဖော်ရေး လုပ်ငန်းများတွင် အောင်မြင်စေရေးအတွက် ယခုကဲ့သို့ Mytel မှ နည်းပညာနှင့်ပတ်သက်သည့် ဆက်စပ်ပစ္စည်းများကို လှူဒါန်းမှုအတွက် ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးလှကျော် မြဝတီမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၈**

စိုက်ပျိုးရေးဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော CERP Plan အရ မျိုးစေ့ထုတ်တောင်သူများအား နိုင်ငံတော်အစီအစဉ်ဖြင့် ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် ငါးမွေးတောင်သူများထံ ငါးသားပေါက်ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ဩဂုတ် ၁၆ ရက် နံနက် ၈ နာရီခွဲက မြဝတီမြို့၌ ပြုလုပ်သည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြို့နယ်တာဝန်ခံနှင့် ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့ က မြဝတီမြို့နယ် မျိုးစေ့ထုတ် ဧက ၇၀ အတွက် စိုက်ပျိုးစရိတ်နှင့် ငါးမွေးကန် ၄၆ ဒသမ ၁၄ ဧကအတွက် ငါးသားပေါက်များ ထောက်ပံ့ပေးအပ်သည်။

မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် CERP Plan အရ မိုးစပါးမျိုးစေ့ထုတ် လုပ်ငန်းအား ပုဂ္ဂလိကကဏ္ဍမှ ဧက တစ်သိန်းဆောင်ရွက်နေပြီး နိုင်ငံတော်မှ တစ်ဧကလျှင် ငွေကျပ် ၁၅၀၅၀၀ ဖြင့် ဧက တစ်သိန်းအား စိုက်ပျိုးစရိတ် ထောက်ပံ့ခြင်းနှင့် ငါးမွေးကန် တစ်ဧကလျှင် ငွေကျပ် ၄၀၀၀၀ တန်ဖိုး ဖြင့် ငါးမွေးကန် ဧက ၁၅၀၀၀၀ အတွက် ငါးသားပေါက်များအား ဖြန့်ဖြူးပံ့ပိုးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မြဝတီခရိုင် မြဝတီမြို့နယ်ရှိ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ သောင်ရင်းမြစ်ဖြတ်ကျော် မြဝတီနယ်စပ် အမှတ် (၂) ဂိတ်သို့ ရောက်ရှိကြပြီး အပင်နှင့် အပင်ထွက်ပစ္စည်း စစ်ဆေးရေးစခန်း၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း စစ်ဆေးရေးစခန်း၊ ရေထွက်ပစ္စည်းစစ်ဆေးရေးစခန်းများအား ကြည့်ရှုစစ်ဆေးသည်။

အပင်နှင့်အပင်ထွက်ပစ္စည်း စစ်ဆေးရေးစခန်းအား ကြည့်ရှုစစ်ဆေးစဉ် ပြည်ပပို့ကုန် ဖျက်ပိုးကင်းရှင်းကြောင်း ထောက်ခံချက်လက်မှတ် လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ၊ Myanmar Automated Cargo Clearance System (MACCS) စနစ်ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ တင်သွင်းလာသည့် အပင်နှင့် အပင်ထွက်ပစ္စည်းများတွင် ပိုးမွှားရောဂါ ပါဝင်မှု ရှိ/မရှိစစ်ဆေးခြင်း၊ တင်သွင်းခွင့်ရရှိပြီး အပင် နှင့် အပင်ထွက် ပစ္စည်းများအား MACCS စနစ်ဖြင့် ဆောင်ရွက်နေမှုလုပ်ငန်းစဉ်များ၊ ၂၀၁၉-၂၀၂၀ ခုနှစ် ဇူလိုင်လကုန်အထိ တင်သွင်းခွင့်လိုင်စင် Import Certificate (IC) နှင့် ဖျက်ပိုး ကင်းရှင်းကြောင်း ထောက်ခံချက် လက်မှတ် Phytosanitary Certificate(PC) ထုတ်ပေးမှုနှင့် ဝင်ငွေရရှိမှုအခြေအနေများအား စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးက ရှင်းလင်းတင်ပြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကို က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။




ယင်းနောက် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း စစ်ဆေးရေးစခန်းအား ကြည့်ရှုစစ်ဆေးရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူက တိရစ္ဆာန်ကူးစက်ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများနှင့် တင်သွင်း တင်ပို့ခွင့်ဆိုင်ရာ စိစစ်ရေးလုပ်ငန်းစဉ်များ၊ အေးခဲသားများ တရားမဝင် ဝင်ရောက်မှုဟန့်တားရေးနှင့် တရားဝင်တင်ပို့နိုင်ရေး ဆောင်ရွက်မှု လုပ်ငန်းစဉ်များကို လည်းကောင်း၊ ရေထွက်ပစ္စည်းစစ်ဆေးရေးစခန်းတွင် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူးက ရေထွက်ပစ္စည်းများ တင်သွင်း တင်ပို့ခြင်း လုပ်ငန်းများအတွက် လိုအပ်သော စစ်ဆေးဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်ထားရှိမှုများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကော့နွဲ့ကျေးရွာတွင် ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်ဖြင့် စိုက်ပျိုးထားသည့် မိုးစပါး RS-CS မျိုးစေ့ထုတ် ၁၀ ဧက စံပြစိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး မိုးစပါးမျိုးစေ့ထုတ် တောင်သူများထံ ထောက်ပံ့ငွေ ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)** **သတင်းစဉ်**


ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး


ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ


ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်


ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်

## “မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် ရာသီဥတုနှင့် သက်ဆိုင်သည့် သဘာဝဘေးများကို ပြန်သုံးသပ်မည်ဆိုပါက လွန်ခဲ့သည့်နှစ်အနည်းငယ်အတွင်း မုန်တိုင်းဖြစ်ပွားမှုများသည် ထူးခြားမှုမရှိသော်လည်း ရေကြီးရေလျှံမှုများသည် ယခင်နှင့် မတူသည်များကို တွေ့ရှိလာရ”

❑ *ရွှေ့ဖုံးမှ*

ဒေါက်တာသန်းမြင့်နှင့် ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်ဝင်းနှင့် ဦးစိုးအောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက ယနေ့ကျင်းပသည့် အစည်းအဝေးသည် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် အပူလွန်ကဲခြင်းနှင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်ပြီး စိုက်ပျိုးရေးကဏ္ဍထိခိုက်ပျက်စီးမှုများဖြစ်ပေါ်လာနိုင်ကာ စားနပ်ရိက္ခာရှားပါးမှုများ ကြုံတွေ့လာနိုင်မည့် အခြေအနေများကို သုံးသပ်နိုင်ရန်နှင့် ဆောင်ရွက်နိုင်မည့် အခြေအနေများကို ညှိနှိုင်းဆွေးနွေးနိုင်ကြရန်ဖြစ်ပါကြောင်း။

ယနေ့ကမ္ဘာတွင် ပိုမိုဆိုးရွားလာသည့် ရာသီဥတုပြောင်းလဲမှုအခြေအနေများကို တွေ့မြင်ကြားသိနေရပြီး အဆိုပါအကျိုးဆက်များကြောင့် မိုးလေဝသ၊ ဇလဗေဒနှင့် ရာသီဥတုဆိုင်ရာ သဘာဝဘေးအန္တရာယ်များဖြစ်ကြသည့် မုန်တိုင်းတိုက်ခတ်မှုများ၊ ရေကြီးရေလျှံမှုများ၊ အပူလွန်ကဲခြင်းနှင့် မိုးခေါင်ရေရှားခြင်း စသည့် သဘာဝဘေးအန္တရာယ်များသည် ယခင်နှင့်မတူ နေရာဒေသပြောင်းလဲမှုများ၊ ပြင်းအားပိုမိုကြီးမားလာမှုနှင့် အရေအတွက်ပိုမိုများပြားလာမှုများ ဖြစ်ပေါ်နေသည်ကို သတိပြုမိကြမည်ဖြစ်ပါကြောင်း။

ထို့ပြင် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်သည့် သဘာဝဘေးများတွင် ကြိုတင်ပြင်ဆင် ရင်ဆိုင်နိုင်သည့် မုန်တိုင်းနှင့် ရေကြီးခြင်း၊ မျှော်လင့်မထားနိုင်သည့် အခြေအနေမျိုးနှင့် ရုတ်တရက်ကြုံတွေ့ရသည့် လျှပ်တစ်ပြက်ရေကြီးခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးခြင်းတို့နှင့် ဆက်စပ်ဖြစ်ပေါ်သည့် တောင်ပြို၊ မြေပြိုခြင်းများအပြင် သတိမမူမိဘဲ တဖြည်းဖြည်းချင်းဖြစ်ပေါ်နေတတ်သည့် မိုးခေါင်ရေရှားခြင်းဘေးအန္တရာယ်ကိုလည်း ရင်ဆိုင်နေကြရပါကြောင်း။

### နှစ်နှစ်ဆက်တိုက် ဆုံးရှုံးမှုများကြုံတွေ့

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် ရာသီဥတုနှင့် သက်ဆိုင်သည့် သဘာဝဘေးများကို ပြန်သုံးသပ်မည်ဆိုပါက လွန်ခဲ့သည့်နှစ်အနည်းငယ်အတွင်း မုန်တိုင်းဖြစ်ပွားမှုများသည် ထူးခြားမှုမရှိသော်လည်း ရေကြီးရေလျှံမှုများသည် ယခင်နှင့် မတူသည်များကို တွေ့ရှိလာရပါကြောင်း၊ ယခင်က ရေကြီးရေလျှံမှု ဆိုးရွားစွာ မဖြစ်ခဲ့ဖူးသည့် မွန်ပြည်နယ်၌ ၂၀၁၈ ခုနှစ် ရေကြီးမှုများနှင့်အတူ မော်လမြိုင်မြို့ရှိ ကျိုက်သလွံစေတီတော် တောင်ပြိုမှုဖြစ်စဉ်နှင့် ၂၀၁၉ ခုနှစ်တွင် ပေါင်မြို့နယ် မလတ်တောင် ပြိုကျမှုဖြစ်စဉ်ကြောင့် သေဆုံး၊ ဒဏ်ရာရရှိမှုများရှိခဲ့သဖြင့် နှစ်နှစ်ဆက်တိုက် ဆုံးရှုံးမှုများကြုံတွေ့ ခဲ့ရပါကြောင်း။

ထို့ပြင် ၂၀၁၈ ခုနှစ်တွင် ဆွာချောင်းရေလှောင်တမံကျိုးပေါက်မှုကြောင့် ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှု၊ ယခု ၂၀၂၀ ပြည့်နှစ်တွင် အမရပူရမြို့နယ်၊ ရွှေဂဲရေထိန်းတံခါးတာပေါင် ကျိုးပေါက်မှုကြောင့် ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုနှင့် ဖားကန့်တွင်ဖြစ်ပေါ်ခဲ့သည့် မြေစာပုံ ပြိုမှုများသည် ထူးခြားသည့်အခြေအနေများဖြစ်ပြီး အပူချိန်မြင့်တက်မှု အခြေအနေကို ကြည့်မည်ဆိုလျှင်လည်း နှစ်စဉ်ပိုမိုပူပြင်းခြောက်သွေ့လာသည်ကို မြင်တွေ့ကြရမည်ဖြစ်ပါကြောင်း။

အဆိုပါ ဖြစ်စဉ်အခြေအနေများကြောင့် လူ့အသက်ဆုံးရှုံးမှုများ၊ လမ်းတံတား၊ အဆောက်အဦ၊ လျှပ်စစ်၊ ဆက်သွယ်ရေး၊ စိုက်ပျိုးရေး စသည့် ကဏ္ဍများတွင် တိုက်ရိုက်ဆုံးရှုံးမှုများရှိခဲ့သည်ကို ဖြေရှင်းဆောင်ရွက်နေရပါကြောင်း၊ မိုးများခြင်းနှင့် ရေကြီးခြင်းများကြောင့် စိုက်ခင်းများ ပျက်စီးရာမှလည်းကောင်း၊ ပူပြင်းခြောက်သွေ့မှု၊ စိုက်ပျိုးရေ မလုံလောက်မှုတို့ကြောင့် စိုက်ပျိုးသီးနှံများ ပျက်စီးခြင်း၊ ထွက်နှုန်းကျဆင်းခြင်း၊ အရည်အသွေးကျဆင်းခြင်းတို့ကြောင့်လည်းကောင်း စားနပ်ရိက္ခာရှားပါးလာနိုင်သည့် အခြေအနေများကို ရေရှည်မျှော်မှန်းဖြေရှင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

### အမြဲနှိုင်းယှဉ်သုံးသပ်ဆောင်ရွက်နေ

ထို့ကြောင့် သဘာဝဘေးအန္တရာယ်များဖြစ်သည့် မိုးများခြင်း၊ ရေကြီးခြင်းနှင့် ပူပြင်းခြောက်သွေ့ခြင်းများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများကို ထိခိုက်စေနိုင်ပြီး စားနပ်ရိက္ခာရှားပါးလာနိုင်သည့် အကြောင်းရင်းများဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အဓိက အားထားရသည့် စိုက်ပျိုးရေးကဏ္ဍထိခိုက်ပျက်စီးပါက ဆုံးရှုံးမှုများနိုင်သည်ကို သတိပြုကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် အဆိုပါအခြေအနေနှစ်ရပ်အပေါ် လိုက်လျောညီထွေ ဆောင်ရွက်နိုင်ရေးအတွက် ကမ္ဘာတွင် ဖြစ်ပေါ်ပြောင်းလဲနေသည့် အခြေအနေနှင့် မိမိတို့နိုင်ငံ၏ အခြေအနေများကို အမြဲနှိုင်းယှဉ်သုံးသပ်ဆောင်ရွက်နေကြရမည်ဖြစ်ပါကြောင်း။

ယနေ့ ကမ္ဘာပေါ်ရှိနိုင်ငံများအကြား သတင်းအချက်အလက်၊ နည်းပညာ၊ ထုတ်ကုန်၊ အလုပ်အကိုင်၊ ယဉ်ကျေးမှု၊ စီးပွားရေး၊ နိုင်ငံရေး စသည်တို့ လျင်မြန်စွာ ကူးလူးစီးဆင်းနေသည့် Globalization ခေတ်ကာလတွင် တစ်နိုင်ငံ၏ ဖြစ်ပေါ်ပြောင်းလဲမှုသည် အခြားနိုင်ငံများအပေါ် သက်ရောက်နိုင်ရန် လွယ်ကူမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများ၌ ဖြစ်ပေါ်နေသည့် အခြေအနေများကို မျက်ခြည်မပြတ် လေ့လာသိရှိနေရန် လိုအပ်ပါကြောင်း။

ယခုနှစ် ကမ္ဘာတစ်ဝန်းကြုံတွေ့နေရသည့် COVID-19 ကူးစက်ရောဂါကြောင့် ကျန်းမာရေးကဏ္ဍနှင့် စီးပွားရေးကဏ္ဍများတွင် စိန်ခေါ်မှုများစွာရှိနေသည်ကို သိရှိကြပြီးဖြစ်ပါကြောင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထိခိုက်ကြရပြီး စီးပွားရေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးကိုလည်း ရင်ဆိုင်နေကြရပါကြောင်း၊ COVID-19 ကူးစက်ရောဂါကြောင့် တစ်ကမ္ဘာလုံး စိန်ခေါ်မှုများ ရင်ဆိုင်နေရချိန်တွင် ရာသီဥတုပြောင်းလဲမှုများနှင့် ဆိုးရွားမှုများ ထပ်ဆင့်ဖြစ်ပေါ်လာနိုင်မှုကြောင့် အခြားထိခိုက်မှုများအပြင် စားနပ်ရိက္ခာရှားပါးမှုများ ဖြစ်ပေါ်လာနိုင်သည်ကို ကြိုတင်မျှော်တွေးပြီး ဖြေရှင်းဆောင်ရွက်နိုင်မည့် အစီအမံများ ချမှတ်ထားရန် လိုအပ်မည်ပါကြောင်း၊ အဓိကအားဖြင့် မိမိနိုင်ငံ၏ စားနပ်ရိက္ခာဖူလုံနိုင်ရေးကို ဦးစားပေး ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးနိုင်ငံဖြစ်သည့် မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးထုတ်ကုန်များကို ပြည်ပတင်ပို့မှုမြှင့်တင်နိုင်မည့် အခွင့်အလမ်းတစ်ရပ် ရရှိလာနိုင်ပါကြောင်း၊ ရာသီဥတုပြောင်းလဲလာမှုများနှင့် လိုက်လျောညီထွေဖြစ်မည့် စိုက်ပျိုးနည်းစနစ်များ၊ စိုက်ပျိုးသီးနှံများဖြစ်ထွန်းစေရေး၊ တောင်သူလယ်သမားများအတွက် နည်းပညာများ ပံ့ပိုးပေးနိုင်ရေး၊ အရည်အသွေးပြည့်ဝသည့် စိုက်ပျိုးရေးထုတ်ကုန်များဖြစ်စေရေး၊ ပြည်တွင်း/ပြည်ပဈေးကွက်များ ဖော်ဆောင်ပေးနိုင်ရေး၊ ကုန်သွယ်မှုပမာဏ တိုးတက်ရေး၊ သဘာဝဘေးနှင့် ပိုးမွှားတိရစ္ဆာန်များကြောင့် စိုက်ပျိုးသီးနှံများ၊ စိုက်ခင်းများ ထိခိုက်ပျက်စီးမှုအတွက် အမြန်ဆုံးပြန်လည်ထူထောင်နိုင်ရေး စသည့်စိုက်ပျိုးရေးကဏ္ဍ တိုးတက်စေရေးနှင့် ဘေးအန္တရာယ်များကြောင့် ထိခိုက်နစ်နာမှု လျော့နည်းရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်းညှိနှိုင်းအလေးထားဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

သဘာဝဘေးအန္တရာယ်ဖြစ်ပွားပြီးနောက် ပျက်စီးဆုံးရှုံးခဲ့ရသည့် တောင်သူလယ်သမားများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အချိန်တိုအတွင်းပြန်လည်ထူထောင်နိုင်ရန် စနစ်တကျ ဆောင်ရွက်ပေးနိုင်ရေး၊ ဘေးသင့်ပြည်သူများ မူလအခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိစေရေးနှင့် ပိုမိုကောင်းမွန်သည့် လူနေမှုဘဝ ရရှိစေရေးတို့အတွက် “ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေးပေါင်းစပ်ညှိနှိုင်းမှုအဖွဲ့” ကို ၂၀၁၈ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိနေကြပါကြောင်း၊ တာဝန်ယူဆောင်ရွက်လျက်ရှိနေကြသည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့် ပုံမှန်အခြေအနေများအပြင် ယနေ့ကာလ ရင်ဆိုင်ကြုံတွေ့နေရသည့် COVID-19 ကူးစက်ရောဂါ၊ မိုးလေဝသနှင့် ရာသီဥတုဆိုင်ရာ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ လက်ရှိအခြေအနေများ၊ နောင်ရင်ဆိုင်ကြုံတွေ့လာနိုင်သည့် အလားအလာများနှင့် အကျိုးဆက်များကို ဖြေရှင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ပေါင်းစပ်ညှိနှိုင်းရမည့် အခြေအနေများကို ဖော်ထုတ်ကြရမည်ဖြစ်ပါကြောင်း။

### နိုင်ငံ၏ စီးပွားရေးကိုပါ ထိခိုက်

နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသော လူဦးရေသည် ကျေးလက်တွင် နေထိုင်ကြသူများဖြစ်ကြပြီး အဓိကစီးပွားရေးလုပ်ငန်းမှာ လယ်ယာလုပ်ငန်းဖြစ်သည့်အတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍ အောင်မြင်ပါက လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အတူ စိုက်ပျိုးရေးကဏ္ဍ ထိခိုက်ပျက်စီးဆုံးရှုံးပါက ပြည်သူအများစုအပေါ် ဆိုးကျိုးသက်ရောက်မှုများ ရှိနိုင်သည့်အပြင် နိုင်ငံ၏ စီးပွားရေးကိုပါ ထိခိုက်စေနိုင်ပါကြောင်း။

ထို့ကြောင့် ဆက်စပ်ဝန်ကြီးဌာနများနှင့် တွေ့ဆုံပြီး စိုက်ပျိုးရေးကဏ္ဍတိုးတက်စေရေး၊ စားနပ်ရိက္ခာလိုအပ်ချက်များရှိလာနိုင်မှုအပေါ် ဖြေရှင်းဆောင်ရွက်နိုင်မည့် အခြေအနေ၊ စားနပ်ရိက္ခာလိုအပ်ချက်များနှင့်စပ်လျဉ်း၍ အခွင့်အလမ်းမျိုးဖော်ဆောင်နိုင်မည့် အခြေအနေတို့ကို တိုင်ပင်ဆွေးနွေးရခြင်းဖြစ်ပါကြောင်း၊ အစည်းအဝေးသို့ တက်ရောက်လာကြသူများအနေဖြင့် ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးကြပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ရာသီဥတုပြောင်းလဲမှုကြောင့် ပြည်သူများ ကြုံတွေ့လာနိုင်သည့် စားနပ်ရိက္ခာပြဿနာ ဖြေရှင်းနိုင်ရေးနှင့်စပ်လျဉ်း၍ လက်ရှိထောက်ပံ့နေမှု အခြေအနေများ၊ မထင်မှတ်သော၊ ဆိုးရွားသောဘေးများ ကျရောက်စဉ် လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် ချိတ်ဆက်ဆောင်ရွက်မှုများ၊ ဘေးအန္တရာယ်လျော့ပါးရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များတွင် နည်းပညာ အသုံးပြုမှုနှင့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်နှင့် ဒေါက်တာ သန်းမြင့် တို့က စားနပ်ရိက္ခာနှင့် အာဟာရဖူလုံရေး ဆောင်ရွက်လျက်ရှိသည့် သီးနှံများ စိုက်ပျိုးထုတ်လုပ်ခြင်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရေချိုငါးမွေးမြူရေး၊ ရေငန်ငါးဖမ်းဆီးရေးတို့နှင့်စပ်လျဉ်းသည့် ထုတ်လုပ်မှု၊ စားသုံးမှုနှင့် ပြည်ပတင်ပို့ရောင်းချမှု အခြေအနေများ၊ သဘာဝဘေးအန္တရာယ်များကြောင့် နိုင်ငံတွင်းပျက်စီးဆုံးရှုံးမှုများ၊ သဘာဝဘေးဒဏ် ကာကွယ်ရေး အစီအမံများဆောင်ရွက်ရေး၊ ရာသီဥတုထိန်းသိမ်းထားနိုင်ရန် ဆောင်ရွက်ရေး၊ ဆည်မြောင်း၊ တာ၊ တမံများ ပိုမိုတည်ဆောက်ရေး၊ ရေသိုလှောင်ထိန်းသိမ်းထားနိုင်ရေး၊ ရေကို စနစ်ကျအသုံးချနိုင်ရန်ဆောင်ရွက်ရေး၊ ကုန်သွယ်မှုများ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရေး၊ ပြည်တွင်းပြည်ပကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ နိုင်ငံတော် အရန်ရိက္ခာများဝယ်ယူ စုဆောင်းသိုလှောင်ထားနိုင်ရေး၊ ရိက္ခာထုတ်လုပ်မှု ဖူလုံတိုးတက်စေရန် ဦးစားပေးဆောင်ရွက်ရေး၊ လျှပ်စစ်ဓာတ်အားလုံလောက်စွာသုံးစွဲနိုင်ရေး၊ ကုန်ထုတ်လမ်းများ၊ တံတားများ ပိုမိုတည်ဆောက်နိုင်ရေးတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးမောင်မောင်ဝင်းနှင့် ဦးစိုးအောင်တို့က စီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ၊ ရေကြီးရေလျှံမှု၊ မိုးခေါင်ရေရှားမှုတို့ကြောင့် စားနပ်ရိက္ခာ ရှားပါးလာမှုအခြေအနေပေါ် ဖြေရှင်းဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စရပ်များအတွက် အစီရင်ခံစာပြုစုတင်ပြနိုင်ရေးတို့ကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ရေကြီးရေလျှံမှုနှင့် မိုးခေါင်ရေရှားမှု စသည့်သဘာဝဘေးအန္တရာယ်များကို ကာကွယ်နိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင်များကို ထိန်းသိမ်းစောင့်ရှောက်ရေးသည် အထူးအရေးပါသဖြင့် အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ စားနပ်ရိက္ခာဖူလုံမှုရှိစေရန်အတွက် စားနပ်ရိက္ခာများ ပိုမိုထုတ်လုပ်နိုင်ရန် စိုက်ပျိုးမြေတိုးချဲ့ဖော်ထုတ်ခြင်း၊ ရှိပြီးသားစိုက်ပျိုးမြေများကို စနစ်တကျအသုံးချခြင်း၊ တစ်ဧကအထွက်နှုန်း တိုးတက်အောင်ဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေလုံလောက်မှုရှိစေရေးအတွက် Rain Water Harvesting ကဲ့သို့ မိုးရေသိုလှောင်ထိန်းသိမ်းနိုင်ရန် ဆည်များ၊ လျှိုပိတ်မြောင်းပိတ်များ တည်ဆောက်ခြင်း၊ ရေကြီးရေလျှံမှုကြောင့် စိုက်ပျိုးမြေများ ပျက်စီးဆုံးရှုံးမှုမဖြစ်စေရေးအတွက် ချောင်းကောမြောင်းကောများ ပြန်လည်တူးဖော်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထုတ်လုပ်ရရှိသည့် စားနပ်ရိက္ခာများကို ရေရှည်သိုလှောင်ထိန်းသိမ်းထားနိုင်ရေးအတွက် ခေတ်မီအအေးခန်းများ၊ သိုလှောင်ရုံများကို အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းတည်ဆောက်နိုင်ရေးကိုလည်း ကြိုးပမ်းအကောင်အထည်ဖော်ရမည်ဖြစ်ပါကြောင်း၊ ပြည်တွင်းရိက္ခာလိုအပ်ချက်ဖူလုံမှုကို အဓိကဦးစားပေးပြီး ပိုလျှံမှသာ ပြည်ပသို့ စိစစ်၍ တင်ပို့ရောင်းချနိုင်ရေး စီစဉ်သွားရမည်ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်များကို ရေရှည်စဉ်ဆက်မပြတ် အကောင်အထည်ဖော်နိုင်ရန်မှာ MSDP နှင့် ချိတ်ဆက်၍ Master Plan တစ်ခုရေးဆွဲပြီး စနစ်တကျ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်စစ်တမ်း (၂၀၂၀-၂၁) ကောက်ယူရေး ဦးဆောင်ကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၁၈**

မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်စစ်တမ်း (၂၀၂၀-၂၁) ကောက်ယူရေး ဦးဆောင်ကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### မဖြစ်မနေ ထည့်သွင်းရမည်

ရှေးဦးစွာ မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်စစ်တမ်း (၂၀၂၀-၂၁) ကောက်ယူရေး ဦးဆောင်ကော်မတီ၏ နာယက၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်စစ်တမ်း (၂၀၂၀-၂၁) ကို ကောက်ယူမည့်အစီအစဉ်သည် မိမိတို့နိုင်ငံ၏ ကျန်းမာရေးဆိုင်ရာ မူဝါဒနှင့် မဟာဗျူဟာများ စစ်မှန်စွာ ချမှတ်နိုင်ရန်အတွက် အရေးကြီးပါကြောင်း၊ ယခုကဲ့သို့သော စစ်တမ်းကောက်ယူခြင်းဖြင့် မိမိတို့နိုင်ငံ၏ လက်ရှိ ကျန်းမာရေးအခြေအနေများကို ပိုမိုတိကျစွာ သိရှိလာနိုင်ပြီး မှန်ကန်ထိရောက်သည့် နည်းဗျူဟာများနှင့် လုပ်ငန်းစဉ်များချမှတ်ခြင်း၊ အရင်းအမြစ်များကို လိုအပ်သည့်နေရာသို့ မှန်ကန်စွာခွဲဝေချထားခြင်း၊ အရေးကြီးသည့် ကျန်းမာရေး စီမံချက်များကို ဦးစားပေးဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးစီမံချက် မန်နေဂျာများအနေဖြင့် ယခင်ကောက်ယူခဲ့သော မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်စစ်တမ်း (၂၀၁၅-၁၆) မှ စစ်တမ်းတွေ့ရှိချက်များကို နောက်ခံထားရှိကာ မိမိတို့ ယခုကျင့်သုံးလျက်ရှိသော နည်းဗျူဟာများကို လိုအပ်လျှင် လိုအပ်သလို ပြောင်းလဲ၍ ပြည်သူများ၏ ကျန်းမာရေးအဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့် ကုသရေး ဝန်ဆောင်မှုများကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပထမအကြိမ် ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက် စစ်တမ်းမှ တွေ့ရှိချက်များကို မည်သည့်အတိုင်းအတာအထိ ပိုမိုတိုးတက်အောင် ပြုလုပ်နိုင်ခဲ့သည်များကို သုံးသပ်ရမည်ဖြစ်ပါကြောင်း၊ ယခုကောက်ယူမည့် စစ်တမ်းတွင် ကျန်းမာရေးဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များနှင့် ဆက်စပ်သည့် အချက်အလက်အကြောင်းအရာ (parameter) သစ်များကိုလည်း မဖြစ်မနေ ထည့်သွင်းရမည်ဖြစ်ပါကြောင်း။

### ဆန်းစစ်သုံးသပ်မှုများ ပြုလုပ်

မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်အဖြစ် ပြုစုထားသော သုတေသနခေါင်းစဉ်ဘဏ်မှ ယခုစစ်တမ်းနှင့် နီးနွယ်နေသည့် သုတေသနများကိုလည်း ယှဉ်တွဲ၍ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့သော စစ်တမ်းကြီးများမှ တွေ့ရှိချက်များနှင့် ပတ်သက်၍ မိခင်၊ ကလေးကျန်းမာရေး၊ အာဟာရဖွံ့ဖြိုးရေးစသည်ဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် သုတေသနများ ဆက်လက်ပြုလုပ်စေလိုပါကြောင်း၊ ယခုစစ်တမ်းကောက်ယူရာတွင် စစ်တမ်းကောက်ယူမှုနည်းစနစ်နှင့် ကောက်ယူမည့် အိမ်ထောင်စုအရေအတွက်နှင့် နေရာဒေသသတ်မှတ်မှု (sampling method and sample size) တို့သာမက ကောက်ယူမည့် အချိန်၊ စစ်တမ်းကောက်ယူသူများကို သင်တန်းပေးခြင်း၊ စစ်တမ်းကောက်ယူမှု လုပ်ငန်းစဉ်ကို စောင့်ကြည့်ဆန်းစစ်ခြင်းတို့အားလုံးသည် ဤစစ်တမ်းကောက်ယူမှု အောင်မြင်စေရန် အရေးကြီးသည့် ကဏ္ဍများဖြစ်ပါကြောင်း၊ စစ်တမ်းကောက်ယူရာတွင် ကျွမ်းကျင်မှုပိုင်းဆိုင်ရာ၊ စီမံခန့်ခွဲမှု၊ ထောက်ပံ့ပို့ဆောင်မှု၊ လေ့ကျင့်မှု၊ စစ်တမ်းကောက်ယူမှုစသည့် ကဏ္ဍများအားလုံးသည် တန်းတူညီမျှအရေးကြီးသည်ဆိုသည့်အချက်ကို အသိအမှတ်ပြုရမည်ဖြစ်ပါကြောင်း၊ ဦးဆောင်ကော်မတီတွင် ပါဝင်သော ဝန်ကြီးဌာန၊ ဦးစီးဌာန အသီးသီးနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ပညာရှင်များအနေဖြင့် အဆိုပါကိစ္စရပ်များနှင့် ပတ်သက်၍ ပွင့်လင်းစွာဖြင့် အကြံပြုဆွေးနွေးကြစေလိုပါကြောင်း၊ စစ်တမ်းကွင်းဆင်းကောက်ယူသူများကို လေ့ကျင့်ပေးရာတွင်လည်း ဦးစီးဌာနအသီးသီးနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ပညာရှင်များနှင့် ယခင်စစ်တမ်း ကောက်ယူခဲ့ရာတွင် ပါဝင်ခဲ့သူများကို ထည့်သွင်းဆောင်ရွက်ခြင်းဖြင့် (၂၀၂၀-၂၁) စစ်တမ်းကောက်ယူမှုမှာ လျင်မြန်ချောမွေ့ပြီး အောင်မြင်မည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ စစ်တမ်းကောက်ယူမှုများ၊ နည်းစနစ်များနှင့်ပတ်သက်၍ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်နှင့် အခြေခံကျန်းမာရေးတက္ကသိုလ်တို့တွင် ဟောပြောဆွေးနွေးမှုများ ဆောင်ရွက်စေလိုပါကြောင်း၊ စစ်တမ်းကောက်ယူရာတွင် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူးများ၊ အခြေခံကျန်းမာရေးပညာရှင်ဝန်ထမ်းများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်အရေးကိစ္စသဖွယ် အလေးထားကာ စိတ်ပါဝင်စားစွာ ပါဝင်ဆောင်ရွက်ရန် တိုက်တွန်းရမည်ဖြစ်ပါကြောင်း၊ မှန်ကန်သော သတင်းအချက်အလက်များ ရရှိရေးအတွက် စစ်တမ်းတွင်ပါရှိသော မေးခွန်းများ၏ အရှည်အသွေးသည် အလွန်အရေးကြီးပြီး စစ်တမ်းမေးခွန်းများသည် ဖောင်းပွများပြားခြင်းမရှိဘဲ လိုအပ်သည့် ပမာဏအတိုင်းဖြစ်ရန် အပြန်အလှန် ဆန်းစစ်သုံးသပ်မှုများ ပြုလုပ်စေလိုပါကြောင်း၊ မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်စစ်တမ်း (၂၀၂၀-၂၁) သည် နိုင်ငံ၏ ရေရှည်အကျိုးအတွက် အရေးကြီးသဖြင့် အားလုံးစုစည်းညီညာစွာဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်စစ်တမ်း (၂၀၂၀-၂၁) ကောက်ယူရေး ဦးဆောင်ကော်မတီ၏ ပထမအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

ထို့နောက် ICF အဖွဲ့မှ Survey Manager ဖြစ်သူ Ms. Christina Whang က အမေရိကန်နိုင်ငံမှ Video Conferencing စနစ်ဖြင့် ပြောကြားရာတွင် USAID အဖွဲ့၏ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်စစ်တမ်းကောက်ယူမှု စီမံကိန်းဖြင့် နိုင်ငံပေါင်း (၉၀) တွင် ဆောင်ရွက်ခဲ့မှု၊ မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက်စစ်တမ်း (၂၀၁၅-၁၆) ကို ကောက်ယူရာတွင် ဆောင်ရွက်ခဲ့မှုများ၊ အဆိုပါ စစ်တမ်းနှင့် ယခုကောက်ယူမည့် စစ်တမ်းတို့မှ ကွာခြားချက်များ၊ ယခုကောက်ယူမည့် စစ်တမ်းတွင် ပါဝင်သည့် အကြောင်းအရာများနှင့် ပတ်သက်၍ အကျဉ်းချုံးတင်ပြသည်။

ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးသတင်းအချက်အလက်ဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာစန်းဟုန်က စစ်တမ်းကောက်ယူမှုလုပ်ငန်းအဆင့်ဆင့်အတွက် အချိန်ကာလလျာထားချက်များ၊ အကြောင်းအရာကဏ္ဍအလိုက် စစ်တမ်းမေးခွန်းများ၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများနှင့် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးခဲ့မှု၊ တိုင်းရင်းသားကျန်းမာရေးအဖွဲ့များနှင့် ညှိနှိုင်းဆွေးနွေးခဲ့မှုများကို တင်ပြသည်။

### ဆွေးနွေးအကြံပြု

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက စစ်တမ်းကောက်ယူမှုနည်းစနစ်များ၊ စစ်တမ်းကောက်ယူမည့် နမူနာသတ်မှတ်မှု၊ ကောက်ယူမည့်အချိန်၊ စစ်တမ်းကွင်းဆင်းကောက်ယူသူ (enumerator) များကို လေ့ကျင့်ပေးရန်၊ စစ်တမ်းမေးခွန်းတွင် ဖြည့်စွက်သင့်သော အကြောင်းအရာကဏ္ဍများ၊ လူမှုအဖွဲ့အစည်းများ၊ တိုင်းရင်းသား ကျန်းမာရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရန် လုပ်ငန်းများ၊ မိတ်ဖက်အဖွဲ့အစည်းများက ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်သည့် လုပ်ငန်းများ၊ ကျွမ်းကျင်မှုပိုင်းဆိုင်ရာ သုံးသပ်အကြံပေး အစည်းအဝေးများ ပြုလုပ်ရန်အတွက် အစီအစဉ်များနှင့် ပတ်သက်၍ အသီးသီး ဆွေးနွေးအကြံပြုခဲ့ကြသည်။

ဆက်လက်၍ ကျန်းမာရေးသတင်းအချက်အလက်ဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာစန်းဟုန်က အဓိက ဆွေးနွေးချက်များအား အကျဉ်းချုံးတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့၌ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် မဲပေးပိုင်ခွင့်ရှိသူများကျန်ရှိမှုမရှိစေရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**ဟိုပန် ဩဂုတ် ၁၈**

“ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့၌ ၂၀၂၀ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် မဲပေးပိုင်ခွင့်ရှိသူများ မဲစာရင်းတွင် ကျန်ရှိမှုမရှိစေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၁ နာရီ မိနစ် ၃၀ က ဟိုပန်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသူကျော်က ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူ မှန်သမျှ မဲပေးနိုင်ရန်အတွက် ကော်မရှင်အဖွဲ့ခွဲများနှင့် ပေါင်းစပ်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဌာနများမှ ပေါင်းစပ်ဆောင်ရွက်နိုင်ရန်၊ ရွေးကောက်ပွဲအောင်မြင်စွာ ဖြစ်မြောက်ရေးသည် ကော်မရှင်အဖွဲ့ခွဲတွင်သာ တာဝန်ရှိသည်မဟုတ်ဘဲ ဌာနဆိုင်ရာများတွင်လည်း တာဝန်ရှိသဖြင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ပေးအပ်လာပါက စိတ်အားထက်သန်စွာ ဆောင်ရွက်ကြရန် ပြောကြားသည်။ ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူး ဦးအဲလိရဲတို့က မဲပေးပိုင်ခွင့်ရှိသူများ ကျန်ရှိမှုမရှိစေရန်အတွက် ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို အသီးသီးဆွေးနွေးခဲ့သည်။ ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးက မဲစာရင်းတွင် အမည်ပါရှိပြီး မှတ်ပုံတင်မရှိသေးသည့် တိုင်းရင်းသား ၁၂၀ကို မှတ်ပုံတင်ပြုလုပ်ပေးနေမှုနှင့် ကျန်ရှိမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးခဲ့သည်။



အဆိုပါ အစည်းအဝေးသို့ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှ အတွင်းရေးမှူးများ တတ်ရောက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## မိုးအသင့်အတင့် ထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၁၈**

နေပြည်တော်နှင့် ရန်ကုန်မြို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရခိုင်ပြည်နယ်တွင် မိုးဆက်လက်ပိုနေမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်နှင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း ဆန္ဒမဲပေးနိုင်ရေးအတွက် မြေပြင်တွင် အမှန်တကယ်ကြုံတွေ့ရသည့် အခက်အခဲများကို သိရှိနိုင်ရန်နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရန် ကွင်းဆင်းကြည့်ရှု

**နေပြည်တော် ဩဂုတ် ၁၈**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူသည် တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ပြည်ထောင်စုနယ်မြေအတွင်းရှိ ဇမ္ဗူသီရိမြို့နယ်၊ ဒက္ခိဏသီရိ မြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ပျဉ်းမနား မြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်တို့ရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ အုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ထားရှိမှုများအပေါ် ကူညီပံ့ပိုးဆောင်ရွက်ပေးရမည့် အုပ်ချုပ်ရေး လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကွင်းဆင်းကြည့်ရှု စစ်ဆေးပြီး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ **(ယာပုံ)**

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများအား ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း ဆန္ဒမဲပေးနိုင်ရန် ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းအား ကြေညာရာ၌ မဲစာရင်းများ ပြည့်စုံမှန်ကန်မှုရှိစေရေးအတွက် မြေပြင်တွင် အမှန်တကယ် ကြုံတွေ့ရသည့် အခက်အခဲများကို သိရှိနိုင်ရန်နှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ ကွင်းဆင်းစစ်ဆေးကြည့်ရှုရခြင်း ဖြစ်ကြောင်း၊ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးနိုင်ရေးနှင့် မဲစာရင်းများ ပြည့်စုံမှန်ကန်မှုရှိစေရန် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအနေဖြင့် သက်ဆိုင်ရာဌာနများ၊ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပထမအကြိမ် မဲဆန္ဒရှင်စာရင်းအား ကြေညာရာတွင်



ကြုံတွေ့ရသော အချက်အလက်မပြည့်စုံမှုများနှင့် စပ်လျဉ်း၍ ဖြစ်ပွားရသည့် အကြောင်းရင်းများကို ပြည်ထောင်စုအစိုးရ၊ နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ပြည်နယ် အစိုးရနှင့် ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများ ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းလျက်ရှိပါကြောင်း၊ ဒုတိယအကြိမ် မဲဆန္ဒရှင် စာရင်းကြေညာရာ၌ ပိုမိုပြည့်စုံမှန်ကန်ရေးနှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း ဆန္ဒမဲပေးနိုင်ရေးအတွက် ကော်မရှင်၏ လုပ်ငန်းစဉ်များအပေါ် အားလုံးကြိုးပမ်း ကူညီဆောင်ရွက်ကြရန် မှာကြားပြီး လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့် လုပ်ငန်းစဉ်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။


**သတင်းစဉ်**

# မြန်မာ-ယူကေ ပညာရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် ဦးဆောင်ကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၁၈

**မြန်မာ-ယူကေ ပညာရေး ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် (Myanmar –UK Partnership for Education) ဦးဆောင်ကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ကျင်းပသည်။** (အောက်ပုံ)





အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် Department for International Development (DFID) ဌာနမှ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ မိတ်ဖက် အဖွဲ့အစည်းများ အပြန်အလှန် ချိတ်ဆက်ဆွေးနွေးကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာ-ယူကေ ပညာရေး ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်ကို ၂၀၁၉ ခုနှစ်မှစတင်ခဲ့ရာ ၂၀၂၀ ပြည့်နှစ်မေလတွင် အောင်မြင်မှုများစွာ ရရှိခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုဒုတိယနှစ်သို့ ရောက်ရှိပြီး ပညာရေးဝန်ကြီးဌာနနှင့် ဆက်လက် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ကောင်းမွန်သော ရလဒ်နှင့် အနာဂတ်တို့ကို မျှော်လင့်ပါကြောင်း၊ TREE (Towards Results in Education and English ) စီမံကိန်းသည် ပညာရေးကောလိပ်များတွင် ယခင်က စာသင်ခန်းအတွင်း သင်ကြားသင်ယူမှုမှ ယခု online course ဖြင့် ဆရာ ဆရာမများအတွက် အင်္ဂလိပ်စာ စွမ်းရည်မြှင့်တင်ခြင်း သင်တန်းများ၊ သင်ပြနည်းသင်တန်းများ၊ လူတိုင်းအကျုံးဝင် ပညာရေးနှင့် ပတ်သက်သည့် သင်တန်းများကို ကိုဗစ်- ၁၉ ကာလအတွင်း ပို့ချပေးနေခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း လုပ်ငန်းခွင် အကြိုမူလတန်းဆရာ အတတ်ပညာသင်တန်းကို ဖွင့်လှစ်ရန် ပြင်ဆင်နေပါကြောင်း၊ AERS (Assessment and Education Reform Support) စီမံကိန်းအောက်တွင် ဦးစားပေးလုပ်ငန်း ငါးခုကို ကူညီဆောင်ရွက်နေခြင်းနှင့် EELC (Evidence Evaluation Learning Component) စီမံကိန်းတွင်လည်း သုတေသနလုပ်ငန်းများကို ကူညီဆောင်ရွက်ခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ နှစ်နိုင်ငံကြား ပညာရေးပူးပေါင်း ဆောင်ရွက်မှုအား ရေရှည်တည်တံ့ခိုင်မြဲရန် မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ- ယူကေ ပညာရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်မှ UK Department for International Development (DFID) Head of Office Dr.Rurik Marsden နှင့် Deputy Head of Office, Mr.Will Niblett တို့က ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားကြသည်။

အစည်းအဝေးတွင် မြန်မာ-ယူကေ ပညာရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များဖြစ်သော TREE, AERS, EELC, Learning Together, MEC (Myanmar Education Consortium) နှင့် STEM (Strengthening pre-service Teacher Education and Myanmar) စီမံကိန်းများနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို တင်ပြကြရာ ပညာရေးဝန်ကြီးဌာနရှိ တာဝန်ရှိသူများက ပြန်လည် ဆွေးနွေးကြသည်။

အဆိုပါ မြန်မာ-ယူကေ ပညာရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်မှ တာဝန်ရှိသူများက ကိုဗစ်-၁၉ ကာလအတွင်း ပညာရေး ပူးပေါင်း ဆောင်ရွက်ထားရှိမှုနှင့် အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်း (၂၀၂၁-၂၀၃၀) တွင် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု တိုက်ပွဲရှောင်မိသားစုများ၏ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ

**စစ်တွေ ဩဂုတ် ၁၈**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၁၇ ရက် ညနေ ၄ နာရီတွင် စစ်တွေမြို့ ကျောင်းတက်လမ်းရပ်ကွက် ပြည်တော်ပြန်ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး ပညာသင်ကြားရန် ရောက်ရှိနေကြသည့် တိုက်ပွဲရှောင် မိသားစုများ၏ ကျောင်းသား ကျောင်းသူများအား သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြည်တော်ပြန် ဘုန်းတော်ကြီးကျောင်းတိုက် ဆရာတော်အား ဖူးမြော်ကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ကျောင်းသား၊ ကျောင်းသူများအတွက် လိုအပ်ချက်များကို လျှောက်ထားသည်။ ဆရာတော်က ကျောင်းသား ကျောင်းသူများအတွက် စားဝတ်နေရေး လိုအပ်ချက်များရှိကြောင်း မိန့်ကြားရာ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ယခုရောက်ရှိနေသော ကျောင်းသား၊ ကျောင်းသူများအတွက် ဆန်၊ ဆီနှင့် အခြားစားသောက်စရိတ်၊ ကျောင်းဝတ်စုံနှင့် နေထိုင်ရန် အဆောက်အအုံ လိုအပ်ချက်များအား ပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း လျှောက်ထားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံကာ အားငယ်စိတ်များမထားရန်နှင့် ကျန်းမာရေးကို ဂရုစိုက်ပြီး ပညာကို သင်ကြားကြရန်၊ အခက်အခဲကြုံတွေ့ရသည်များကို အခက်အခဲများဟု မမှတ်ယူကြရန်နှင့် စိန်ခေါ်မှုများအဖြစ် မှတ်ယူကာ အောင်မြင်အောင် ကျော်ဖြတ်သွားကြရန်၊ အခက်အခဲကြားမှ ရယူရသည့် အောင်မြင်မှုသည် ပို၍တန်ဖိုးရှိပြီး စာကို ကြိုးစား၍ သင်ယူကြရန်၊ မိမိတို့၏ အချိန်ကို မိမိတို့ကိုယ်တိုင်စီမံခန့်ခွဲကာ အကောင်းဆုံးကြိုးစား၍ အောင်မြင်မှုရရှိအောင် လိမ်လိမ်မာမာနေထိုင်ကြရန် မှာကြားလိုကြောင်းနှင့် အောင်မြင်မှုများ ရရှိစေရန်လည်း ဆုတောင်းပေးပါကြောင်းဖြင့် အားပေးစကားပြောကြားသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းသား ကျောင်းသူများနေထိုင်သည့် အဆောက်အအုံများကို လှည့်လည်ကြည့်ရှုကြသည်။

စစ်တွေမြို့ ပြည်တော်ပြန်ဘုန်းတော်ကြီးကျောင်းတိုက်၌ ရောက်ရှိနေသော ကျောင်းသား၊ ကျောင်းသူများမှာ မြောက်ဦးမြို့နယ် လက္ကာကျေးရွာမှဖြစ်ပြီး သတ္တမတန်း ကျောင်းသား၊ ကျောင်းသူ ၂၄ ဦး၊ အဋ္ဌမတန်း ကျောင်းသား၊ ကျောင်းသူ ၁၅ ဦး၊ နဝမတန်း ကျောင်းသား၊ ကျောင်းသူ ၂၃ ဦး၊ ဒသမတန်း ကျောင်းသား၊ ကျောင်းသူ ၂၅ ဦး စုစုပေါင်း ၈၇ ဦးဖြစ်ကြောင်း သိရသည်။

**တင်ထွန်း (ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖုန်းမြတ် ကချင်ပြည်နယ်အတွင်းရှိ မငွေ့ဇ - ခေါင်လန်ဖူးလမ်း ဖောက်လုပ်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၈**

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖုန်းမြတ်သည် ကချင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်လင်းအောင်နှင့်အတူ ဩဂုတ် ၁၄ ရက်မှ ၁၇ ရက်အထိ ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်းရှိ ဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော မငွေ့ဇ-ခေါင်လန်ဖူး ကားလမ်း (၆၅/၄) မိုင်၏ မေခမြစ်(ရီဒမ်း)အရှေ့ဘက်ခြမ်း လမ်းဆက်လက်ဖောက်လုပ်နေမှု၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းနှင့် ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးတို့အား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။





**ကြည့်ရှုစစ်ဆေး**

ရှေးဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဩဂုတ် ၁၄ ရက်တွင် မငွေ့ဇ-ခေါင်လန်ဖူး (၆၅/၄)မိုင် လမ်းဖောက်လုပ်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်များတွင် ဆောင်ရွက်ပြီးစီးခဲ့သည့် မြေလမ်း၊ ကျောက်လမ်း၊ တံတားများ၊ Box Culvert များ၏ ကောင်းမွန်မှု၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်လျက်ရှိသည့် တံတားလေးစင်း တည်ဆောက်ပြီးစီးမှုနှင့် မေခမြစ်ကူး မူလကြိုးတံတားအဟောင်းကို (၃/၄)တန် ယာဉ်ငယ်များ ယာယီဖြတ်သန်း အသုံးပြုနိုင်ရေးအတွက် တံတားကြံ့ခိုင်မှု၊ ပြုပြင်ထိန်းသိမ်းထားမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ပံ့ပိုးပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဩဂုတ် ၁၅ ရက်တွင် မငွေ့ဇ-ခေါင်လန်ဖူး ကားလမ်း (၆၅/၄) မိုင်အနက် ဖောက်လုပ်ပြီးစီးခဲ့သည့် မေခမြစ်(ရီဒမ်း) အရှေ့ဘက်ခြမ်း မိုင်တိုင်(၄၇/၇)မိုင် လုပ်ငန်းခွင်သို့ ရောက်ရှိခဲ့ပြီး ကျောက်တောင်များ မိုင်းခွဲရန် ပြင်ဆင်နေမှု၊ ယန္တရားများဖြင့် လမ်းဆက်လက်ဖောက်လုပ်နေမှုကို ခြေကျင်ခရီးဖြင့် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လမ်းလုပ်ငန်း ဆောင်ရွက်နေကြသည့် ဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းမှ စစ်သည်များ၊ ဒေသခံဌာနေလုပ်သားများအား လမ်းဖောက်လုပ်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ သတ်မှတ်ကာလအတွင်း လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် ဇွဲရိယစိုက်ထုတ် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ယခုလိုကြမ်းတမ်းသည့် မိုးရာသီကာလ၌ ခက်ခဲသည့် မြေပြင်အနေအထားတွင် လုပ်ငန်းဆောင်ရွက်နေကြသူများကို ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း မှာကြားခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ထောက်ပံ့ပစ္စည်းများ ပေးအပ်**

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဩဂုတ် ၁၆ ရက်တွင် ဇီဝဒမ်းလမ်းလုပ်ငန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ လမ်းလုပ်ငန်းပြီးစီးမှုနှင့် ရှေ့ဆက်လက်လမ်းဖောက်လုပ်သွားမည့် အစီအမံများအား အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်လတ်နှင့် လမ်းအပိုင်းလိုက် တာဝန်ယူဆောင်ရွက်နေကြသည့် တာဝန်ခံအင်ဂျင်နီယာများ၊ စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းမှ တာဝန်ခံအရာရှိများက ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လုပ်ငန်းများ အောင်မြင်ချောမွေ့စွာ ဆောင်ရွက် နိုင်ရေးအတွက် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ပေးခဲ့ပြီး လမ်းစီမံကိန်းတွင် ပါဝင်ဆောင်ရွက်နေသည့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ စစ်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များနှင့် ဒေသခံဌာနေ လုပ်သားများကို ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

မငွေ့ဇ - ခေါင်လန်ဖူးကားလမ်း (၆၅/၄) မိုင်အား နိုင်ငံတော်အစိုးရ၏ ညွှန်ကြားချက်၊ တပ်မတော်၏ ထောက်ပံ့ပူးပေါင်းဆောင်ရွက်မှု၊ ဒေသခံပြည်သူများနှင့် လက်တွဲ၍ နယ်စပ်ရေးရာဝန်ကြီးဌာနက အဖွဲ့နှစ်ဖွဲ့ခွဲ၍ ဟန်ချက်ညီညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုကြောင့် ပွင့်လင်းရာသီတွင် ပူတာအို - မငွေ့ဇ - ရီဒမ်း (မေခမြစ်ကူးကြိုးတံတား)အထိ မော်တော်ယာဉ်များဖြင့် လည်းကောင်း၊ ရီဒမ်းမှ ခေါင်လန်ဖူးအထိ ဆိုင်ကယ်များဖြင့် လည်းကောင်း နေ့ချင်းပေါက် သွားလာနိုင်ပြီဖြစ်ပြီး မကြာမီကာလအတွင်း ခေါင်လန်ဖူးမြို့အထိ ကားလမ်းပေါက်အောင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဆက်လက်ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ခရီးစဉ်အတွင်း ပူတာအိုမြို့နယ်ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းနှင့် ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးများသို့ ရောက်ရှိခဲ့ပြီး ကျောင်းအုပ်များ၊ နည်းပြများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် သင်တန်းသူများအားတွေ့ဆုံ၍ ထူးချွန်ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပြီး ထောက်ပံ့ငွေများ ပေးအပ်ကာ သင်တန်းကျောင်းဝင်းအတွင်းရှိ ကျောင်းသားအိပ်ဆောင်များ၊ စားရိပ်သာများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးတက်ရောက်ရန် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ နေပြည်တော်၌ စုံညီစွာရောက်ရှိ

**နေပြည်တော် ဩဂုတ် ၁၈**

၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၉၊ ၂၀ နှင့် ၂၁ ရက်တို့တွင် ကျင်းပမည့် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးသို့ တက်ရောက်ရန် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များနှင့်ကိုယ်စားလှယ်များသည် နေပြည်တော်၌ စုံညီစွာရောက်ရှိနေကြပြီဖြစ်ကြောင်း သိရသည်။



ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိုးနှင့် ဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်း၊ ဒီမိုကရေစီ အကျိုးပြုကရင်တပ်မတော်(DKBA)မှ စောမိုရှေး၊ ကရင်အမျိုးသား အစည်းအရုံး၊ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်(ငြိမ်းချမ်းရေးကောင်စီ) (KNU/KNLA)(PC) ဥက္ကဋ္ဌ စောထော့လေးနှင့် ဒုတိယဥက္ကဋ္ဌ စောရင်နု၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) ဥက္ကဋ္ဌ ဦးသံခဲနှင့် အထွေထွေအတွင်းရေးမှူး ဦးဆန်နီ၊ ချင်းအမျိုးသားတပ်ဦး (CNF) ဥက္ကဋ္ဌ ပူးဇင်ကျုံးနှင့် ဒုတိယဥက္ကဋ္ဌ ပူးထန်နိန်းကီး၊ ပအိုဝ်း အမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) ဦးဆောင်နာယက ဖြားတန်ခွန်ဥက္ကာနှင့် နာယက ဖြားတန်ခွန်တိဆောင်၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဒုတိယဥက္ကဋ္ဌ ခိုင်စိုးနိုင်အောင်နှင့် ဒုတိယခေါင်းဆောင် စောမြရာဇာလင်း၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) ဥက္ကဋ္ဌ စဝ်ယွက်စစ်နှင့် RCSS ၏ ငြိမ်းချမ်းရေး ဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် စဝ်ဘောင်ခေး၊ မွန်ပြည်သစ်ပါတီ(NMSP) ဥက္ကဋ္ဌနိုင်ဟံသာနှင့် ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်း၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဥက္ကဋ္ဌကျာခွန်ဆာနှင့် NCA-S EAO အစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များသည် နေပြည်တော်သို့ ဩဂုတ် ၁၀ ရက်မှ စတင်ရောက်ရှိကြပြီး ခေတ္တတည်းခိုမည့် သတ်မှတ်နေရာအသီးသီး၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ နေထိုင်လျက်ရှိကြကြောင်း သိရသည်။

အလားတူ နိုင်ငံရေးပါတီ (၂၁)ပါတီမှ နာယက၊ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများသည်လည်း ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးသို့ တက်ရောက်ရန် သတ်မှတ်နေရာအသီးသီးတွင် စုံညီစွာရောက်ရှိနေကြပြီ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

၁၃-၈-၂၀၂၀ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပါသည်။

၂။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်ရေး တိုးမြှင့်ခဲ့သည့် ဇူလိုင်လ (၁)ရက်နေ့မှ ဇူလိုင်လ(၁၅) ရက်နေ့အထိ (၇၅) ယူနစ်အတွက် ဓာတ်အားခ ကျသင့်ငွေ ကင်းလွတ်ခွင့် (အခမဲ့) ကို ၁၀-၇-၂၀၂၀ ရက်နေ့တွင် ခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။

၃။ ထပ်မံ၍ ဇူလိုင်လ (၁၆)ရက်နေ့မှ ဇူလိုင်လ (၃၁)ရက်နေ့အထိ (၇၅) ယူနစ်အတွက် ဓာတ်အားခ ကျသင့်ငွေကို ကင်းလွတ်ခွင့် (အခမဲ့) ပေးသွားမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဇူလိုင်လ (၁)ရက်နေ့မှ (၃၁)ရက်နေ့အထိ (၁၅၀) ယူနစ်အား ဓာတ်အားခ ကျသင့်ငွေ ကင်းလွတ်ခွင့် (အခမဲ့) ရရှိမည် ဖြစ်ပါသည်။

၄။ COVID – 19 ကြောင့် ပြည်သူများ စီးပွားရေးအရ၊ စိတ်ဓာတ်ရေးရာအရ ကျပ်တည်းခြင်းများစွာ ရှိနေခြင်းကြောင့် ဩဂုတ်လ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့ (၃၁-၁၂-၂၀၂၀) အထိ လစဉ် ၁၅၀ ယူနစ်အတွက် ဓာတ်အားခကျသင့်ငွေ ကင်းလွတ်ခွင့် (အခမဲ့)ကို ဆက်လက်ပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ပါ၍ လစဉ်သုံးစွဲမည့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုယူနစ်များ အနက်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု (၁) ယူနစ်မှ (၁၅၀) ယူနစ်အထိ သုံးစွဲသူများကို သုံးစွဲယူနစ်အလိုက် ဓာတ်အားခကျသင့်ငွေနှင့် မီတာဝန်ဆောင်ခ အပါအဝင် ကင်းလွတ်ခွင့် (အခမဲ့) ရရှိမည်ဖြစ်ပြီး (၁၅၁)ယူနစ်နှင့်အထက် သုံးစွဲသူများကို ယူနစ် (၁၅၀) အတွက် ဓာတ်အားခကျသင့်ငွေ(၁၁၅၅၀/-) ကင်းလွတ်ခွင့် (အခမဲ့) ရရှိမည် ဖြစ်ပါသည်။

၆။ အိမ်သုံးအမျိုးအစား၌ လျှပ်စစ်မီးသုံးစွဲသူများမှ (၁၅၁) ယူနစ်နှင့်အထက် သုံးစွဲမှုများအား အလွှာလိုက် သတ်မှတ်ချက်နှုန်းထားများအတိုင်း ပေးဆောင်ရမည်ဖြစ်ပါသည်။ အထူးကိစ္စတစ်ရပ်အနေဖြင့် ကင်းလွတ်ခွင့်ပြုခဲ့သော အိမ်သုံးမဟုတ်သည့် အမျိုးအစားတွင် ပါဝင်သည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအုပ်စုမှ ပြည်တွင်းလူမှုရေး အဖွဲ့အစည်းများမှအပ ကျန်သုံးစွဲသူများ အားလုံးသည် ယခင်သတ်မှတ်နှုန်းထားများအတိုင်း ပေးဆောင်ရမည် ဖြစ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

(၂၁)ရာစုပင်လုံ စတုတ္ထအကြိမ်အစည်းအဝေးကို ဂုဏ်ပြုလျက်

# (၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေး အောင်မြင်ရေးမှသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းလာပြီး နိုင်ငံ၏ လူမှုစီးပွားရေးအရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးရေးဆီသို့

သံအမတ်ကြီး ဒေါက်တာလှမောင် (ဘောဂ)

## (၂၁) ရာစုပင်လုံညီလာခံ

မိမိတို့နိုင်ငံသည် နှစ်ပေါင်းတစ်ရာခန့် သူ့ကျွန်ဘဝတွင် နေထိုင်ခဲ့ရာမှ **၁၉၄၈ ခုနှစ်တွင် လွတ်လပ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အဖြစ် ပေါ်ထွန်းလာခဲ့ပြီး ကမ္ဘာ့အလယ်တွင် လွတ်လပ်သော နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နေထိုင်လာခဲ့ကြရသည်မှာ (၂၀) ရာစု ပထမ ပင်လုံညီလာခံ အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။** ထိုနည်းတူစွာပင် ယခုအစိုးရသစ်တက်ရောက်လာခဲ့ပြီးနောက်ပိုင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်၍ (၂၁)ရာစု ပင်လုံ ဒုတိယအစည်းအဝေးနှင့် တတိယအစည်းအဝေးများကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီးဖြစ်ပါသည်။ ထိုကဲ့သို့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစု ပင်လုံ ကျင်းပခြင်းကို မိမိတို့နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က တစ်ခဲနက် ထောက်ခံကြပါသည်။ **ယခုကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစု၊ ပင်လုံ စတုတ္ထအစည်းအဝေးကြီး အောင်မြင်စွာကျင်းပပြီးစီးပါက တိုင်းရင်းသားစည်းလုံးညီညွတ်မှုမှတစ်ဆင့် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုရရှိလာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို မိမိတို့အားလုံး ပူးပေါင်းတည်ဆောက်နိုင်ကြတော့မည် ဖြစ်ပါသည်။**

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၂၇) ရက်နေ့တွင် ထုတ်ဝေခဲ့သည့် မြန်မာ့အလင်းသတင်းစာတွင် ပင်လုံညီလာခံနှင့် ပတ်သက်၍ ဖော်ပြထားခဲ့သည့် ဆောင်ပုဒ်ကို ကောက်နုတ်ဖော်ပြရမည်ဆိုလျှင် **"ပေါင်းစည်းမှု၏ စွမ်းအားသည် ပထမပင်လုံကြောင့် လွတ်လပ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပေါ်ထွန်းခဲ့ပြီးနောက် (၂၁) ရာစုပင်လုံဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို ပေါင်းစည်းတည်ဆောက်မည်"** ဟု ဖော်ပြထားပါသည်။ အထက်ဖော်ပြပါဆောင်ပုဒ်၏ ဦးတည်ရည်မှန်းချက်များသည် မိမိအထက်တွင် (၂၁) ရာစု ပင်လုံညီလာခံနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည့် အချက်အလက်များနှင့် ထပ်တူထပ်မျှရှိနေသည်ကို သိရှိကြရမည် ဖြစ်ပါသည်။

## မြန်မာနိုင်ငံ၏ လူမှုစီးပွားရေးအခြေအနေကို ရွေးချယ်ထားသော ထွန်းသစ်စအာရှနိုင်ငံများနှင့် နှိုင်းယှဉ်ချက်

ဒုတိယကမ္ဘာစစ်မဖြစ်မီ အချိန်ကာလက မိမိတို့ မြန်မာနိုင်ငံ၏ လူမှုစီးပွားအခြေအနေသည် **အိမ်နီးချင်း အာရှနိုင်ငံများထက် သာလွန်ကောင်းမွန်လျက်ရှိကြောင်းကို အာရှနိုင်ငံများ၏ ဒုတိယကမ္ဘာစစ်မဖြစ်မီ အချိန်ကာလက ပြုစုထားသော စီးပွားရေးသမိုင်းစာအုပ်၊ စာတမ်းများအား ဖတ်ရှုလေ့လာခြင်းအားဖြင့် သိရှိနိုင်ကြမည် ဖြစ်ပါသည်။ ထို့ပြင် ကမ္ဘာ့ဘဏ် (World Bank)မှ ထုတ်ပြန်ထားသော စီးပွားရေးနှင့်လူမှုရေးညွှန်ကိန်းများကို ပြန်လည်စိစစ်သုံးသပ် နှိုင်းယှဉ်ကြည့်မည်ဆိုပါက မိမိတို့ မြန်မာနိုင်ငံသည် ၁၉၅၀–၁၉၆၀ ဝန်းကျင်ခန့်က အိမ်နီးချင်းနိုင်ငံများ၊ အထူးသဖြင့် တောင်ကိုရီးယား၊ စင်ကာပူ၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့၏ စီးပွားရေးအခြေအနေများနှင့် အနည်းငယ်သာကွဲပြားခြားနားပြီး တူညီမှုရှိပါသည်။** အထူးသဖြင့် အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး(GDP)၊ လူတစ်ဦးပျမ်းမျှဝင်ငွေ (Per Capita Income) နှင့် ပြည်ပပို့ကုန် (Exports) တန်ဖိုးတို့သည် မတိမ်းမယိမ်းရှိနေခဲ့သည်ကို တွေ့ရှိရပါသည်။ အလားတူပင် ထိုအချိန်က ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေး အခြေအနေများကို ဖော်ပြပါနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက တစ်နိုင်ငံနှင့်တစ်နိုင်ငံ များစွာကွာဟမှုမရှိဘဲ မတိမ်းမယိမ်းရှိနေကြပြီး အထူးသဖြင့် မြန်မာနိုင်ငံ၏ ပညာရေးနှင့် ကျန်းမာရေးအခြေအနေမှာ အချို့နိုင်ငံများထက်ပင် သာလွန်ကောင်းမွန်လျက်ရှိခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ **သို့သော် ယခုအချိန် မြန်မာနိုင်ငံ၏ လူမှုစီးပွားရေးအခြေအနေများကို အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် မိမိတို့နိုင်ငံသည် အဆပေါင်းများစွာ ကွာဟလျက်ရှိပြီး ၎င်းတို့ထက် ဆယ်စုနှစ် နှစ်ခု၊ သုံးခုခန့် နောက်ကျကျန်လျက်ရှိနေခဲ့သည်ကို အထင်အရှား တွေ့ရှိရမည်ဖြစ်ပါသည်။** ၎င်းအခြေအနေကို ပိုမိုထင်ရှားစွာသိမြင်လာနိုင်စေရန် မိမိအနေဖြင့် ကမ္ဘာ့ဘဏ်မှ နောက်ဆုံးထုတ်ပြန်ထားသော စာရင်းဇယားများကို အခြေခံလျက် မြန်မာနိုင်ငံ၏ လက်ရှိလူမှုစီးပွားရေး အခြေအနေများကို အာရှမိတ်ဖက်နိုင်ငံအချို့တို့နှင့် နှိုင်းယှဉ်၍ ရှင်းလင်းတင်ပြသွားပါမည်။

ဇယား (၁)

**၂၀၁၉ ခုနှစ် ရွေးချယ်ထားသော အာရှနိုင်ငံများ၏ စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၊ အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး၊ ပြည်ပပို့ကုန်တန်ဖိုးနှင့် လူတစ်ဦးပျမ်းမျှဝင်ငွေ အခြေအနေ**

| စဉ် | နိုင်ငံ | စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု (Investment) (ဒေါ်လာဘီလီယံ) | အသားတင်ကုန် ထုတ်လုပ်မှု တန်ဖိုး (GDP) (ဒေါ်လာဘီလီယံ) | ပြည်ပပို့ကုန် (Exports) (ဒေါ်လာဘီလီယံ) | လူတစ်ဦး ပျမ်းမျှဝင်ငွေ (per capita income) (ဒေါ်လာ) |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | တောင်ကိုရီးယား | ၄၈၉.၉ | ၁,၆၄၂.၄ | ၅၄၂.၂ | ၃၁,၇၆၂ |
| ၂ | အင်ဒိုနီးရှား | ၃၆၁.၉ | ၁,၁၁၉.၂ | ၁၆၇.၅ | ၄,၁၃၆ |
| ၃ | ထိုင်း | ၁၂၂.၉ | ၅၄၃.၆ | ၂၄၆.၂ | ၇,၈၀၈ |
| ၄ | ဖိလစ်ပိုင် | ၁၀၂.၃ | ၃၇၆.၈ | ၇၀.၃ | ၃,၄၈၅ |
| ၅ | စင်ကာပူ | ၈၆.၁ | ၃၇၂.၁ | ၃၉၀.၈ | ၆၅,၂၃၃ |
| ၆ | မလေးရှား | ၈၃.၇ | ၃၆၄.၇ | ၂၃၈.၂ | ၁၁,၄၁၅ |
| ၇ | ဗီယက်နမ် | ၆၃.၃ | ၂၆၁.၉ | ၂၆၄.၃ | ၂,၇၁၅ |
| ၈ | မြန်မာ | ၂၂.၈ | ၇၆.၁ | ၁၇.၄ | ၁,၄၀၈ |

## စီးပွားရေးအခြေအနေ (Economic Situation)

မြန်မာနိုင်ငံနှင့် ရွေးချယ်ထားသော ထွန်းသစ်စအာရှနိုင်ငံများ၏ လက်ရှိတိုးတက်ဖြစ်ပေါ်လျက်ရှိနေသည့် စီးပွားရေးအခြေအနေများနှိုင်းယှဉ်ချက်ကို **ဇယား(၁)**တွင် ဖော်ပြထားပါသည်။

## စုစုပေါင်းရင်းနှီးမြှုပ်နှံမှု (Investment)

၂၀၂၀ ပြည့်နှစ် ဇူလိုင်လတွင် ကမ္ဘာ့ဘဏ်မှ ထုတ်ပြန်ခဲ့သော စာရင်းဇယားများအရ **၂၀၁၉ ခုနှစ် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ** တောင်ကိုရီးယားနိုင်ငံအနေဖြင့် ဒေါ်လာ ၄၉၀ ဘီလီယံခန့်၊ အင်ဒိုနီးရှားနိုင်ငံမှာ ဒေါ်လာ ၃၆၂ ဘီလီယံခန့်၊ ထိုင်းနိုင်ငံမှာ ဒေါ်လာ ၁၂၃ ဘီလီယံခန့်၊ ဖိလစ်ပိုင်နိုင်ငံမှာ ဒေါ်လာ ၁၀၂ ဘီလီယံခန့်၊ စင်ကာပူနိုင်ငံမှာ ဒေါ်လာ ၈၆ ဘီလီယံခန့်၊ မလေးရှားနိုင်ငံမှာ ဒေါ်လာ ၈၄ ဘီလီယံခန့်၊ ဗီယက်နမ်နိုင်ငံမှာ ဒေါ်လာ ၆၃ ဘီလီယံခန့် အသီးသီးရှိကြပြီး **မြန်မာနိုင်ငံမှာ ဒေါ်လာ ၂၃ ဘီလီယံခန့်သာ ရှိပါသည်။**

## အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး (GDP)

**၂၀၁၉ ခုနှစ် အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုးတွင်** တောင်ကိုရီးယားနိုင်ငံမှာ ဒေါ်လာ ၁၆၄၂ ဘီလီယံခန့်ရှိပြီး အင်ဒိုနီးရှားနိုင်ငံမှာ ဒေါ်လာ ၁၁၁၉ ဘီလီယံခန့်၊ ထိုင်းနိုင်ငံမှာ ဒေါ်လာ ၅၄၄ ဘီလီယံခန့်၊ ဖိလစ်ပိုင်နိုင်ငံမှာ ဒေါ်လာ ၃၇၇ ဘီလီယံခန့်၊ စင်ကာပူနိုင်ငံမှာ ဒေါ်လာ ၃၇၂ ဘီလီယံခန့်၊ မလေးရှားနိုင်ငံမှာ ဒေါ်လာ ၃၆၅ ဘီလီယံခန့်၊ ဗီယက်နမ်နိုင်ငံမှာ ဒေါ်လာ ၂၆၂ ဘီလီယံခန့်နှင့် **မြန်မာနိုင်ငံအနေဖြင့် ဒေါ်လာ ၇၆ ဘီလီယံခန့်သာ ရှိပါသည်။**

**စုစုပေါင်းရင်းနှီးမြှုပ်နှံမှုများသော နိုင်ငံများအနေဖြင့် အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုးတွင်လည်း တိုးမြင့်လာကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိက အချက်ပင် ဖြစ်ပါသည်။**

## ပြည်ပပို့ကုန်တန်ဖိုး (Exports)

၂၀၁၉ ခုနှစ် ပြည်ပပို့ကုန်တန်ဖိုးအနေဖြင့် တောင်ကိုရီးယားနိုင်ငံသည် ပြည်ပပို့ကုန်မှရရှိသည့် စုစုပေါင်းဝင်ငွေမှာ ဒေါ်လာ ၅၄၂ ဘီလီယံခန့်ရှိပြီး စင်ကာပူနိုင်ငံသည် ဒေါ်လာ ၃၉၁ ဘီလီယံခန့်၊ ဗီယက်နမ်နိုင်ငံသည် ဒေါ်လာ ၂၆၄ ဘီလီယံခန့်၊ ထိုင်းနိုင်ငံသည် ဒေါ်လာ ၂၄၆ ဘီလီယံခန့်၊ မလေးရှားနိုင်ငံသည် ဒေါ်လာ ၂၃၈ ဘီလီယံခန့်၊ အင်ဒိုနီးရှားနိုင်ငံသည် ဒေါ်လာ ၁၆၈ ဘီလီယံခန့်၊ ဖိလစ်ပိုင်နိုင်ငံသည် ဒေါ်လာ ၇၀ ဘီလီယံခန့်နှင့် မြန်မာနိုင်ငံမှာ ဒေါ်လာ ၁၇ ဘီလီယံခန့်သာ ရှိပါသည်။ **ထို့ကြောင့် ပြည်ပပို့ကုန်ပစ္စည်းများကို ယခုထက် ပိုမိုထုတ်လုပ်ပြီး တိုးမြှင့်တင်ပို့သွားပါက နိုင်ငံ့အကျိုးစီးပွားအတွက်သာမက ပြည်တွင်းရှိ အလုပ်လက်မဲ့များအတွက်ပါ တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေနိုင်ပါသည်။**

## လူတစ်ဦးပျမ်းမျှဝင်ငွေ (Per Capita Income)

၂၀၁၉ ခုနှစ်၏ လူတစ်ဦး ပျမ်းမျှဝင်ငွေမှာ စင်ကာပူနိုင်ငံအနေဖြင့် ဒေါ်လာ ၆၅၂၃၃ ခန့်ရှိပြီး တောင်ကိုရီးယားနိုင်ငံမှာ ဒေါ်လာ ၃၁၇၆၂ ခန့်၊ မလေးရှားနိုင်ငံမှာ ဒေါ်လာ ၁၁၄၁၅ ခန့်၊ ထိုင်းနိုင်ငံမှာ ဒေါ်လာ ၇၈၀၈ ခန့်၊ အင်ဒိုနီးရှားနိုင်ငံမှာ ဒေါ်လာ ၄၁၃၆ ခန့်၊ ဖိလစ်ပိုင်နိုင်ငံမှာ ဒေါ်လာ ၃၄၈၅ ခန့်၊ ဗီယက်နမ်နိုင်ငံမှာ ဒေါ်လာ ၂၇၁၅ ခန့်နှင့် **မိမိတို့မြန်မာနိုင်ငံမှာ ဒေါ်လာ ၁၄၀၈ ခန့်သာရှိကြောင်း တွေ့ရှိရပါသည်။**

**အထက်ပါကိန်းဂဏန်းများက ညွှန်ပြသည်မှာ မြန်မာနိုင်ငံ၏ လက်ရှိအသားတင် ကုန်ထုတ်လုပ်မှုတန်ဖိုးနှင့် လူတစ်ဦးပျမ်းမျှဝင်ငွေ အခြေအနေများမှာ အာရှမိတ်ဖက်နိုင်ငံများနှင့် နှိုင်းယှဉ်ပါက အလွန်အမင်းနိမ့်ကျလျက်ရှိနေသည်ကို တွေ့ရှိကြရမည် ဖြစ်ပါသည်။**

## ပညာရေးနှင့် ကျန်းမာရေးအခြေအနေ (Health and Education)

မြန်မာနိုင်ငံနှင့် အာရှမိတ်ဖက်နိုင်ငံများ၏ လက်ရှိတိုးတက် ဖြစ်ပေါ်လျက်ရှိနေသည့် ပညာရေးနှင့် ကျန်းမာရေးအခြေအနေများ နှိုင်းယှဉ်ချက်ကို **ဇယား(၂) နှင့် (၃)**တွင် ဖော်ပြထားပါသည်။

## ပညာရေးအခြေအနေ (Education)

၂၀၁၈ ခုနှစ်စာရင်းအရ မြန်မာနိုင်ငံနှင့် အာရှမိတ်ဖက်နိုင်ငံများ၏ အသက်အရွယ်အပိုင်းအခြားအလိုက် ကျောင်းအပ်နှံမှုနှုန်းထားများကို ကြည့်မည်ဆိုပါက **အထက်တန်းပညာ (Secondary) သင်ယူနိုင်သည့် နှုန်းထားများမှာ** စင်ကာပူနိုင်ငံအနေဖြင့် ၉၉.၈% ခန့်၊ တောင်ကိုရီးယားနိုင်ငံမှာ ၉၈.၀% ခန့်၊ အင်ဒိုနီးရှားနိုင်ငံမှာ ၇၈.၇% ခန့်၊ ထိုင်းနိုင်ငံမှာ ၇၇.၃% ခန့်၊ မလေးရှားနိုင်ငံမှာ ၇၂.၂% ခန့်၊ ဖိလစ်ပိုင်နိုင်ငံမှာ ၆၅.၆% ခန့်နှင့် **မြန်မာနိုင်ငံမှာ ၆၄.၁% ခန့်သာ ရှိကြောင်း တွေ့ရှိရပါသည်။**

အလားတူပင် **တက္ကသိုလ်ပညာ(Tertiary) သင်ယူနိုင်သည့် နှုန်းထားမှာ** တောင်ကိုရီးယားနိုင်ငံအနေဖြင့် ၉၄.၃% ခန့်၊ စင်ကာပူနိုင်ငံမှာ ၈၄.၈% ခန့်၊ ထိုင်းနိုင်ငံမှာ ၄၉.၃% ခန့်၊ မလေးရှားနိုင်ငံမှာ ၄၅.၁% ခန့်၊ အင်ဒိုနီးရှားနိုင်ငံမှာ ၃၆.၃% ခန့်၊ ဖိလစ်ပိုင်နိုင်ငံမှာ ၃၅.၅% ခန့်၊ ဗီယက်နမ်နိုင်ငံမှာ ၂၈.၅% နှင့် **မြန်မာနိုင်ငံမှာ ၁၈.၈% ခန့်သာရှိကြောင်း တွေ့ရှိရပါသည်။ (မှတ်ချက်။ ။ ၂၀၁၈ ခုနှစ် စာရင်းအချက်အလက်မရရှိသော နိုင်ငံများအား အနီးဆုံးနှစ်ကို ဖော်ပြထားပါသည်။)**

*စာမျက်နှာ ၉ သို့*

ဇယား (၂)

**၂၀၁၈ ခုနှစ် ရွေးချယ်ထားသော အာရှနိုင်ငံများ၏ ကျောင်းဝင်ခွင့်နှုန်းများ နှင့် အစိုးရ လူတစ်ဦးပညာရေးအသုံးစရိတ် အခြေအနေ**

| စဉ် | နိုင်ငံ | အထက်တန်း ကျောင်းဝင်ခွင့်နှုန်း (Secondary Enrollment) (% net) | တက္ကသိုလ် ကျောင်းဝင်ခွင့်နှုန်း (Tertiary Enrollment) (% gross) | အစိုးရ၏ လူတစ်ဦး ပညာရေးအသုံးစရိတ် (Education Expenditure) (ဒေါ်လာ) |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| ၁ | တောင်ကိုရီးယား | ၉၈.၀ [၁] | ၉၄.၃ | ၁,၃၄၆ [၂] |
| ၂ | အင်ဒိုနီးရှား | ၇၈.၇ | ၃၆.၃ | ၁၁၉ [၃] |
| ၃ | ထိုင်း | ၇၇.၃ | ၄၉.၃ [၂] | ၂၅၄ [၄] |
| ၄ | ဖိလစ်ပိုင် | ၆၅.၆ [၃] | ၃၅.၅ [၁] | ၇၀ [၄] |
| ၅ | စင်ကာပူ | ၉၉.၈ [၁] | ၈၄.၈ [၁] | ၁,၆၅၉ [၄] |
| ၆ | မလေးရှား | ၇၂.၂ | ၄၅.၁ | ၅၁၆ |
| ၇ | ဗီယက်နမ် | n.a | ၂၈.၅ [၂] | ၁၀၇ |
| ၈ | မြန်မာ | ၆၄.၁ | ၁၈.၈ | ၂၀ |

မှတ်ချက်။ ။ [၁] - ၂၀၀၇ခုနှစ် / [၂] - ၂၀၀၆ခုနှစ် / [၃] - ၂၀၀၅ခုနှစ် / [၄] - ၂၀၀၃ခုနှစ် (၂၀၀၈ခုနှစ် စာရင်းအချက်အလက်မရရှိသော နိုင်ငံများအား အနီးဆုံးနှစ်ကို ဖော်ပြထားပါသည်။)

စာမျက်နှာ ၈ မှ

ဇယား (၃)

**ရွေးချယ်ထားသော အာရှနိုင်ငံများ၏ လူတစ်ဦးပျမ်းမျှသက်တမ်း၊ (၅)နှစ်အောက် ကလေး နှင့် မွေးဖွားမိခင်သေဆုံးမှုနှုန်း၊ အစိုးရ လူတစ်ဦးကျန်းမာရေး အသုံးစရိတ် အခြေအနေ**

| စဉ် | နိုင်ငံ | ၂၀၁၈ခုနှစ် လူတစ်ဦး ပျမ်းမျှ သက်တမ်း (Life Expectancy at Birth) (Year) | ၂၀၁၈ခုနှစ် မွေးကင်းစမှ ၅နှစ်မတိုင်မီ ကလေးသေဆုံးမှုနှုန်း (Under Five Mortality Rate) (per 1,000 live births) | ၂၀၁၇ခုနှစ် မွေးဖွားမိခင် သေဆုံးမှုနှုန်း (Maternal Mortality Ratio) (per 100,000 live births) | ၂၀၁၇ခုနှစ် အစိုးရ၏ လူတစ်ဦး ကျန်းမာရေး အသုံးစရိတ် (Health Expenditure) (ဒေါ်လာ) |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | တောင်ကိုရီးယား | ၈၃ | ၃ | ၁၁ | ၂,၂၈၃ |
| ၂ | အင်ဒိုနီးရှား | ၇၂ | ၂၅ | ၁၇၇ | ၁၁၅ |
| ၃ | ထိုင်း | ၇၇ | ၉ | ၃၇ | ၂၄၇ |
| ၄ | ဖိလစ်ပိုင် | ၇၁ | ၂၈ | ၁၂၁ | ၁၃၃ |
| ၅ | စင်ကာပူ | ၈၃ | ၃ | ၈ | ၂,၆၁၉ |
| ၆ | မလေးရှား | ၇၆ | ၈ | ၂၉ | ၃၈၄ |
| ၇ | ဗီယက်နမ် | ၇၅ | ၂၀ | ၄၃ | ၁၃၀ |
| ၈ | မြန်မာ | ၆၇ | ၄၆ | ၂၅၀ | ၅၈ |

**နိုင်ငံ့အစိုးရများအနေဖြင့် ပျမ်းမျှ လူတစ်ဦး ပညာရေးကဏ္ဍအတွက် အသုံးစရိတ် (Government Education Expenditure)မှာ** စင်ကာပူနိုင်ငံအနေဖြင့် ၁၆၅၉ ဒေါ်လာခန့်၊ တောင်ကိုရီးယားနိုင်ငံအနေဖြင့် ၁၃၄၆ ဒေါ်လာခန့်၊ မလေးရှားနိုင်ငံအနေဖြင့် ၅၁၆ ဒေါ်လာခန့်၊ ထိုင်းနိုင်ငံအနေဖြင့် ၂၅၄ ဒေါ်လာခန့်၊ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ၁၁၉ ဒေါ်လာခန့်၊ ဗီယက်နမ်နိုင်ငံအနေဖြင့် ၁၀၇ ဒေါ်လာခန့်၊ ဖိလစ်ပိုင်နိုင်ငံအနေဖြင့် ၇၀ ဒေါ်လာခန့်နှင့် **မြန်မာနိုင်ငံအနေဖြင့် ၂၈ ဒေါ်လာခန့် အသီးသီးရှိကြောင်း တွေ့ရှိရပါသည်။ အထက်ဖော်ပြပါ မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍ ကိန်းဂဏန်းများကို မိတ်ဖက်နိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်ရှုမည်ဆိုပါက များစွာလျော့နည်းလျက်ရှိနေကြောင်း တွေ့ရှိရပါသည်။**

**ကျန်းမာရေးအခြေအနေ (Health)**

မြန်မာနိုင်ငံနှင့် အာရှမိတ်ဖက်နိုင်ငံများ၏ ကျန်းမာရေးအခြေအနေကို နှိုင်းယှဉ်တင်ပြရလျှင် ၂၀၁၈ ခုနှစ် **မိမိတို့ မြန်မာနိုင်ငံ၏ လူတစ်ဦး ပျမ်းမျှ သက်တမ်းရှည်စွာ နေထိုင်နိုင်မှု(Life Expectancy) မှာ (၆၇)နှစ်ခန့်ရှိပြီး** တောင်ကိုရီးယားနှင့် စင်ကာပူနိုင်ငံတို့အနေဖြင့် (၈၃)နှစ်ခန့်၊ ထိုင်းနိုင်ငံမှာ (၇၇) နှစ်ခန့်၊ မလေးရှားနိုင်ငံမှာ (၇၆)နှစ်ခန့်၊ ဗီယက်နမ်နိုင်ငံမှာ (၇၅)နှစ်ခန့်၊ အင်ဒိုနီးရှားနိုင်ငံမှာ (၇၂)နှစ်ခန့်နှင့် ဖိလစ်ပိုင်နိုင်ငံမှာ (၇၁)နှစ်ခန့် အထိရှိကြောင်း တွေ့ရှိရပါသည်။

**၂၀၁၈ ခုနှစ်အတွင်း မွေးကင်းစမှ (၅)နှစ်မတိုင်မီ ကလေးသေဆုံးမှုနှုန်းမှာ ကလေး (၁၀၀၀) လျှင်** တောင်ကိုရီးယားနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့တွင် ၃ ဦးခန့်စီရှိပြီး မလေးရှားနိုင်ငံတွင် ၈ ဦးခန့်၊ ထိုင်းနိုင်ငံတွင် ၉ ဦးခန့်၊ ဗီယက်နမ်နိုင်ငံတွင် ၂၁ ဦးခန့်၊ အင်ဒိုနီးရှားနိုင်ငံတွင် ၂၅ ဦးခန့်၊ ဖိလစ်ပိုင်နိုင်ငံတွင် ၂၈ ဦးခန့်နှင့် **မြန်မာနိုင်ငံတွင် ၄၆ ဦးခန့်ရှိနေကြောင်း တွေ့ရှိရပါသည်။**

**၂၀၁၇ ခုနှစ် သားဖွားမိခင်များ၏ ကလေးအရှင်မွေးဖွားမှုတွင် ကလေးဦးရေတစ်သိန်းလျှင် မိခင်သေဆုံးမှုနှုန်းမှာ** စင်ကာပူနိုင်ငံတွင် ၈ ဦးခန့်ရှိပြီး တောင်ကိုရီးယားနိုင်ငံတွင် ၁၁ ဦးခန့်၊ မလေးရှားနိုင်ငံတွင် ၂၉ ဦးခန့်၊ ထိုင်းနိုင်ငံတွင် ၃၇ ဦးခန့်၊ ဗီယက်နမ်နိုင်ငံတွင် ၄၃ ဦးခန့်၊ ဖိလစ်ပိုင်နိုင်ငံတွင် ၁၂၁ ဦးခန့်၊ အင်ဒိုနီးရှားနိုင်ငံတွင် ၁၇၇ ဦးခန့်နှင့် **မြန်မာနိုင်ငံတွင် ၂၅၀ ခန့်အထိ ရှိနေကြောင်း တွေ့ရှိရပါသည်။**

**၂၀၁၇ ခုနှစ်တွင် နိုင်ငံတော်အစိုးရများ၏ ပျမ်းမျှ လူတစ်ဦးအတွက် ကျန်းမာရေးကဏ္ဍ အသုံးစရိတ်မှာ** စင်ကာပူနိုင်ငံအနေဖြင့် ၂၆၁၉ ဒေါ်လာခန့်ရှိပြီး တောင်ကိုရီးယားနိုင်ငံမှာ ၂၂၈၃ ဒေါ်လာခန့်၊ မလေးရှားနိုင်ငံမှာ ၃၈၄ ဒေါ်လာခန့်၊ ထိုင်းနိုင်ငံမှာ ၂၄၇ ဒေါ်လာခန့်၊ ဖိလစ်ပိုင်နိုင်ငံမှာ ၁၃၃ ဒေါ်လာခန့်၊ ဗီယက်နမ်နိုင်ငံမှာ ၁၃၀ ဒေါ်လာခန့်၊ အင်ဒိုနီးရှားနိုင်ငံမှာ ၁၁၅ ဒေါ်လာခန့်နှင့် **မြန်မာနိုင်ငံမှာ ၅၈ ဒေါ်လာခန့်သာ ရှိကြောင်း တွေ့ရှိရပါသည်။ အထက်ဖော်ပြပါ မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍ ကိန်းဂဏန်းများကို မိတ်ဖက်နိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်ရှုမည်ဆိုပါက မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍအခြေအနေသည် များစွာ နိမ့်ကျလျက်ရှိနေကြောင်း တွေ့ရှိရပါသည်။**

**လူ့စွမ်းအားအရင်းအမြစ်ညွှန်ကိန်း (Human Develop–ment Index)**

ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် ၁၉၉၀ ပြည့်လွန်နှစ်များနောက်ပိုင်းတွင် လူ့စွမ်းအားအရင်းအမြစ် ညွှန်ကိန်းများကို နိုင်ငံအလိုက် လူမှု၊ စီးပွားရေးအခြေအနေများနှင့် နှိုင်းယှဉ်၍ စနစ်တကျ တွက်ချက်ဖော်ပြလျက်ရှိနေပါသည်။ **ညွှန်ကိန်းနံပါတ်ကြီးလျှင် လူမှုစီးပွားရေးအခြေအနေ ကောင်းမွန်ပြီး ညွှန်ကိန်းနံပါတ်ငယ်လျှင် လူမှုစီးပွားရေး အခြေအနေ နိမ့်ကျလျက်ရှိနေကြောင်း ဖော်ညွှန်းပါသည်။** ၂၀၁၉ ခုနှစ် UNDP မှ ထုတ်ပြန်သော စာရင်းဇယားများအရ မြန်မာနိုင်ငံနှင့် မိတ်ဖက်နိုင်ငံများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို နှိုင်းယှဉ်ကြည့်မည်ဆိုပါက ၂၀၁၈ ခုနှစ်တွင် စင်ကာပူနိုင်ငံ၏ ညွှန်ကိန်းသည် ၀.၉၃၅ ဖြင့် တစ်ကမ္ဘာလုံးတွင် အဆင့်(၉) နေရာတွင်ရှိပြီး တောင်ကိုရီးယားနိုင်ငံသည် ၀.၉၀၆ ဖြင့် အဆင့်(၂၂)၊ မလေးရှားနိုင်ငံသည် ၀.၈၀၄ ဖြင့် အဆင့်(၆၁)၊ ထိုင်းနိုင်ငံသည် ၀.၇၆၅ ဖြင့် အဆင့် (၇၇)၊ ဖိလစ်ပိုင်နိုင်ငံသည် ၀.၇၁၂ ဖြင့် အဆင့်(၁၀၆)၊ အင်ဒိုနီးရှားနိုင်ငံသည် ၀.၇၀၇ ဖြင့် အဆင့်(၁၁၁)၊ ဗီယက်နမ်နိုင်ငံသည် ၀.၆၉၃ ဖြင့် အဆင့်(၁၁၈)၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၀.၆၁၄ ဖြင့် အဆင့်(၁၃၅)၊ လာအိုနိုင်ငံသည် ၀.၆၀၄ ဖြင့် အဆင့်(၁၄၀) နှင့် **မိမိတို့ မြန်မာနိုင်ငံမှာ ၀.၅၈၄ ဖြင့် အဆင့် (၁၄၅)တွင် ရောက်ရှိနေသောကြောင့် မြန်မာနိုင်ငံ၏ လက်ရှိ လူမှုစီးပွားရေး အခြေအနေမှာ များစွာနောက်ကျ ကျန်ရစ်လျက်ရှိနေကြောင်းကို ဖော်ညွှန်းပြသလျက်ရှိနေပါသည်။**

**“ကမ္ဘာ့စီးပွားရေးပညာရှင်များ မကြာခဏ လမ်းညွှန်ထောက်ပြ ပြောကြားလေ့ရှိသည့်အတိုင်း “ပြည်တွင်း တည်ငြိမ်အေးချမ်းရေး သည် နိုင်ငံ၏ လူမှုစီးပွားတိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် ကြိုတင် ဆောင်ရွက်ထားရမည့် လိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။” (Political Stability is Prerequisity for Economic Development) ဆိုသည့် လမ်းညွှန်ချက်သည် မြန်မာနိုင်ငံ၏ လက်ရှိ လူမှုစီးပွားရေး များစွာနောက်ကျကျန်ရစ်ခဲ့သည့်အချက်နှင့် ဆက်စပ်ထင်ဟပ်လျက်ရှိ”**

**မြန်မာနိုင်ငံလူမှုစီးပွားရေးအခြေအနေ နောက်ကျကျန်ရစ်ခဲ့ရသည့် အဓိကအကြောင်းရင်းခံများ**

အဘယ့်ကြောင့် လက်ရှိမြန်မာနိုင်ငံ၏ လူမှုစီးပွားရေးအခြေအနေသည် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက များစွာနောက်ကျကျန်ရစ်ခဲ့ရသည့် အဓိကအကြောင်းရင်းခံများကို ရှင်းလင်းတင်ပြသွားပါမည်။

မိမိတို့နိုင်ငံ၏လူမှုစီးပွားရေး အခြေအနေများစွာ နောက်ကျကျန်ရစ်ခဲ့ရသည့် အကြောင်းရင်းခံ (၃)ရပ်ရှိပါသည်။ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(၁) ပြည်တွင်းတည်ငြိမ်အေးချမ်းမှု မတည်ဆောက်နိုင်ခြင်း၊

(၂) အစိုးရအုပ်ချုပ်မှုယန္တရားများ မကြာခဏ ပြောင်းလဲမှုဖြစ်ပေါ်ခဲ့ခြင်း၊

(၃) အနောက်အုပ်စုအဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေး ဒဏ်ခတ်ပိတ်ဆို့မှုခံခဲ့ရခြင်း။

အထက်ဖော်ပြပါအကြောင်းရင်း(၃)ရပ်အနက် မိမိတို့နိုင်ငံ၏ လူမှုစီးပွားရေးများစွာ နောက်ကျကျန်ရစ်ခဲ့ကြရသည့် အဓိကအကြောင်းရင်းခံတစ်ရပ်မှာ မိမိတို့နိုင်ငံတွင် ပြည်တွင်းတည်ငြိမ်အေးချမ်းမှုကို မတည်ဆောက်နိုင်ခဲ့ခြင်းကြောင့်ဖြစ်ပါသည်။

**(၁) ပြည်တွင်းတည်ငြိမ်အေးချမ်းမှု မတည်ဆောက်နိုင်ခဲ့ခြင်း**

ကမ္ဘာ့စီးပွားရေးပညာရှင်များ မကြာခဏလမ်းညွှန်ထောက်ပြ ပြောကြားလေ့ရှိသည့်အတိုင်း **“ပြည်တွင်းတည်ငြိမ်အေးချမ်းရေးသည် နိုင်ငံ၏ လူမှုစီးပွားတိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် ကြိုတင်ဆောင်ရွက်ထားရမည့် လိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။” (Political Stability is Prerequisity for Economic Development)** ဆိုသည့် လမ်းညွှန်ချက်သည် မြန်မာနိုင်ငံ၏ လက်ရှိ လူမှုစီးပွားရေး များစွာနောက်ကျကျန်ရစ်ခဲ့သည့်အချက်နှင့် ဆက်စပ်ထင်ဟပ်လျက်ရှိနေသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ ပြည်တွင်းတည်ငြိမ်အေးချမ်းမှုသည် မိမိတို့နိုင်ငံအတွက် ထိပ်တန်းဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် ချမှတ်ဆောင်ရွက်သွားရန် အဘယ့်ကြောင့် အရေးကြီးလျက်ရှိသည်ကို အနည်းငယ် ရှင်းလင်းတင်ပြလိုပါသည်။ မိမိတို့နိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေး ရရှိခဲ့ပါသည်။ လွတ်လပ်ရေးမရမီ ၁၉၄၇ ခုနှစ်မှ အစပြု၍ပင် နိုင်ငံရေးပါတီအချို့ စတင်တောခိုခဲ့ပါသည်။ နောက်ပိုင်းမှာလည်း တစ်ဦးနှင့်တစ်ဦး သဘောထားကွဲပြားခြားနားမှုကို စားပွဲဝိုင်းတွင် တွေ့ဆုံညှိနှိုင်းဆွေးနွေး၍ ယုံကြည်မှုတည်ဆောက်နိုင်ခဲ့ခြင်း မရှိသည့်အတွက် တိုင်းရင်းသားအဖွဲ့အစည်း တစ်ဒါဇင်ကျော်ခန့် လက်နက်ကိုင်တောခိုပြီး တိုက်ပွဲဝင်ခဲ့ကြပါသည်။ **မိမိတို့၏ အမိမြန်မာနိုင်ငံသည် လွန်ခဲ့သည့်နှစ် (၇၀)ကျော်ခန့်** ကာလမှအစပြု၍ ပြည်တွင်းတည်ငြိမ် အေးချမ်းမှု မရှိခဲ့သည့်အတွက် မြန်မာနိုင်ငံ၏ လူမှုစီးပွားရေးအခြေအနေသည် အိမ်နီးနားချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ယခုကဲ့သို့ များစွာနောက်ကျကျန်ရစ်နေခဲ့ရခြင်း ဖြစ်ပါသည်။

မိမိအပါအဝင် စီးပွားရေးပညာရှင် အများစုတို့၏ ခံယူချက်မှာ ယခုကဲ့သို့ မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေများသည် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက များစွာ နောက်ကျကျန်ရစ်ခဲ့ရသည့် အရေးကြီးပြီး အဓိကကျသည့် အကြောင်းရင်းတစ်ရပ်မှာ မိမိတို့နိုင်ငံတွင် လွန်ခဲ့သည့်နှစ်ပေါင်း (၇၀)ကျော် အချိန်ကာလအတွင်း ပြည်တွင်းတည်ငြိမ်အေးချမ်းမှုရရှိအောင် တည်ဆောက်နိုင်ခဲ့ခြင်း မရှိသည့်အတွက်ဖြစ်သည်ဟု ခံယူမိပါသည်။ ပြည်တွင်းတည်ငြိမ်အေးချမ်းမှုသည် အထူးအရေးကြီးသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ အစည်းအဝေး ကျင်းပနိုင်ရေးအတွက် အကြိုညှိနှိုင်းဆွေးနွေးပွဲတွင် မိန့်ကြားခဲ့သည့်မိန့်ခွန်းကို အောက်ပါအတိုင်း ကောက်နုတ်ဖော်ပြလိုပါသည်။

ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ “ဒီအစည်းအဝေးက ကျွန်မတို့အားလုံးအတွက် အရေးကြီးပါတယ်။ ငြိမ်းချမ်းရေးရှိမှ ကျွန်မတို့ ပြည်သူလူထုရဲ့ စိတ်နှလုံးချမ်းသာနိုင်မှာ၊ ပြည်သူလူထုတိုးတက်နိုင်မှာပါ။ ရေရှည်မှာ ငြိမ်းချမ်းရေးမရှိဘဲနဲ့ ဘယ်လိုစီးပွားရေးကိုမျှ ထိန်းသိမ်းထားနိုင်မှာ မဟုတ်ပါဘူး။ စီးပွားရေး ဘယ်လောက်ပဲ တိုးတက်တိုးတက် ငြိမ်းချမ်းရေးမရှိတာနဲ့ စီးပွားရေးက ပြိုလဲသွားနိုင်ပါတယ်။ ဒါကြောင့် ကျွန်မတို့အတွက် အဓိကအရေးကြီးတာက ငြိမ်းချမ်းရေး ဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံဟာ ငြိမ်းချမ်းရေး မရခဲ့ရခြင်း အကြောင်းရင်းတစ်ခုက ကျွန်မတို့ရဲ့ပြည်ထောင်စုသားများအားလုံးရဲ့ ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်၊ စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်တွေကို မဖြည့်ဆည်းပေးနိုင်လို့ပဲဖြစ်ပါတယ်” ဟု မိန့်ကြားသွားခဲ့ပါသည်။

**ပြည်တွင်းတည်ငြိမ်အေးချမ်းမှုရရှိစေရန် ကြိုးပမ်းဆောင်ရွက်မှုများ**

လွတ်လပ်ရေးရပြီးနောက်ပိုင်း တက်ရောက်လာခဲ့ကြသည့် အစိုးရအဖွဲ့အစည်းအသီးသီးတို့အနေဖြင့်လည်း လက်နက်ကိုင် အဖွဲ့အစည်းများနှင့် တွေ့ဆုံခဲ့ကြပြီး ပြည်တွင်းတည်ငြိမ်အေးချမ်းမှုရရှိစေရန် အကြိမ်ကြိမ် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှု မရရှိခဲ့ကြပါ။ **နောက်ပိုင်း သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် အစိုးရ လက်ထက် သက်တမ်းမကုန်ဆုံးမီ (၂)နှစ်ကျော်ခန့် အချိန်ယူ၍ ပြည်တွင်းအေးချမ်းမှုရရှိစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ ထိုကဲ့သို့ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အားလျော်စွာ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်နေ့တွင် သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် နိုင်ငံတော်အကြီးအကဲများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီး (၈) ဖွဲ့တို့သည် “ NCA ” တစ်နိုင်ငံလုံး အပစ်အခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။ မိမိတို့နိုင်ငံ ပြည်တွင်းတည်ငြိမ်အေးချမ်းမှုရရှိစေရေးအတွက် ပဏာမ အောင်မြင်မှုတစ်ရပ်ရရှိခဲ့ခြင်းကို နိုင်ငံသားများအားလုံးတို့က အသိအမှတ်ပြုကြရမည် ဖြစ်ပါသည်။**

**(၂၁)ရာစုပင်လုံညီလာခံ**

**မိမိတို့မြန်မာနိုင်ငံသည် နှစ်ပေါင်း တစ်ရာခန့် သူ့ကျွန်ဘဝတွင် နေထိုင်ခဲ့ရာမှ ၁၉၄၈ ခုနှစ်တွင် လွတ်လပ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပေါ်ထွန်းလာခဲ့ပြီး ကမ္ဘာ့အလယ်တွင် လွတ်လပ်သော နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နေထိုင်လာခဲ့ကြရသည်မှာ (၂၀)ရာစုနှစ် ပထမပင်လုံညီလာခံ အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းကြောင့်ဖြစ်ပါသည်။** ထိုနည်းတူစွာပင် ယခုအစိုးရသစ် တက်ရောက်လာခဲ့ပြီးနောက်ပိုင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်၍ ဒုတိယနှင့် တတိယအကြိမ် (၂၁)ရာစုပင်လုံ ညီလာခံ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ပြည်ထောင်စုငြိမ်းချမ်းရေး (၂၁)ရာစု စတုတ္ထအကြိမ် ပင်လုံညီလာခံကို ဆက်လက်ကျင်းပနေခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မိမိတို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများက စတုတ္ထအကြိမ် ပင်လုံညီလာခံ ကျင်းပခြင်းကို တစ်ခဲနက်ထောက်ခံကြပြီး ကြိုဆိုလက်ခံကြရမည်ဖြစ်ပါသည်။ ယခုကျင်းပလျက်ရှိနေသည့် (၂၁)ရာစု စတုတ္ထအကြိမ် ပင်လုံညီလာခံကို အောင်မြင်စွာ ကျင်းပနိုင်မည်ဆိုပါက တိုင်းရင်းသားစည်းလုံးညီညွတ်မှု မှတစ်ဆင့် ပြည်တွင်းတည်ငြိမ်အေးချမ်းမှုရရှိလာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို မိမိတို့အားလုံး ပေါင်းစည်းတည်ဆောက်နိုင်ကြတော့မည် ဖြစ်ပါသည်။

(၂၁) ပင်လုံသည် မိမိတို့နိုင်ငံသူ၊ နိုင်ငံသားများ အားလုံးအတွက် နှစ်ပေါင်းများစွာ သေနတ်သံတညံညံနှင့် ငြိမ်းချမ်းမှုမရှိဘဲ စားဝတ်နေရေးအခက်အခဲမျိုးစုံတို့ဖြင့် ကြုံတွေ့နေရသည့် လူမှုဘဝမှလွတ်မြောက်နိုင်စေရန် ဆောင်ကြဉ်းပေးနိုင်မည့် တစ်ခုတည်းသော ညီလာခံ တစ်ရပ်ဖြစ်ပါသည်။ တစ်ဖန်လက်ရှိငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့်ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၂၄)ရက်က မိန့်ခွန်းပြောကြားခဲ့ရာတွင် “လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ် မအောင်မြင်ခဲ့ပါက အချိန်မည်မျှ ထပ်မံစောင့်ဆိုင်းရမည်ကို မသိရှိနိုင်ဘဲ ထိုကာလအတွင်း ကြုံတွေ့ရမည့် တိုင်းပြည်ထိခိုက်နစ်နာမှုများကို ထည့်သွင်းစဉ်းစားကြရန်” ဒေါ်အောင်ဆန်းစုကြည်က သတိပေးပြောကြားခဲ့ပါသည်။ “အခွင့်အလမ်းဆိုတာ လူတစ်ယောက်ရဲ့ဘဝမှာ နှစ်ခါပြန်မလာပါဘူး။ နိုင်ငံတစ်နိုင်ငံရဲ့ သမိုင်းကြောင်းက အင်မတန်ရှည်ပါတယ်။ အခွင့်အရေးတစ်ခါလွတ်သွားမယ်ဆိုရင် ပြန်ရလာနိုင်မည်မဟုတ်ပါ။ ဒါကြောင့် ကျွန်မတို့က အောင်မြင်အောင် လုပ်ချင်ပါတယ်။ အောင်မြင်အောင်လုပ်နိုင်ခဲ့ရင် ကျွန်မတို့နိုင်ငံအတွက် အများကြီးအကျိုးရှိပါတယ်။ ဒီတစ်ခေါက် မအောင်မြင်ရင် နောင်ဘယ်လောက်အထိ စောင့်ရမလဲ။

စာမျက်နှာ ၁၀ သို့

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက်လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၈

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်တွင် ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (Covid-19 Economic Relife Plan-CERP)အရ ဖွင့်လှစ်သည့် ဝက်မွေးမြူရေးသင်တန်းသို့ ရောက်ရှိပြီး သင်တန်းနည်းပြများ၊ သင်တန်းသူ သင်တန်းသားများအား တွေ့ဆုံအားပေးစကားပြောကြားကာ သင်တန်းသားများအတွက် ထောက်ပံ့ငွေများပေးအပ်သည်။**

မွေးမြူထုတ်လုပ်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပြန်လည်ဖော်ဆောင်ပေးနိုင်ရန် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ဇွန်လမှ စက်တင်ဘာလအတွင်း တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှု သင်တန်း၊ မေထုန်မဲ့သားစပ်သင်တန်း၊ မွေးမြူထုတ်လုပ်မှုသင်တန်းများကို ကိုဗစ် – ၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (CERP) အရ ငွေကျပ်သန်း ၁၄၄၀ အသုံးပြု၍ တိုင်းဒေသကြီးနှင့် ပြည်နယ် ရှစ်ခုရှိ မြို့နယ် ၁၀၀ ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး နှင့်အဖွဲ့သည် ငမိုးရိပ်ရေလှောင်တမံ မိုင်နာမြောင်း DM-6 တွင် ငမိုးရိပ်ရေသောက်တောင်သူများဖြင့် ဖွဲ့စည်းထားသည့် ရေအသုံးချသူများအဖွဲ့များနှင့် တွေ့ဆုံ၍ ဒေသ၏ စိုက်ပျိုးထုတ်လုပ်မှု အခြေအနေ၊ တောင်သူမိသားစုများ၏ ကျန်းမာရေး၊ လူမှုရေးအခြေအနေများမေးမြန်းပြီး ပြည်ထောင်စုဝန်ကြီးက အားပေးစကားပြောကြားကာ လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လှည်းကူးမြို့နယ် အုန်းနဲ့ကုန်းကျေးရွာ အမှတ်(၃၅) စက်မှုလယ်ယာစခန်းတွင် CERP အရ ဆောင်ရွက်သော မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်းသို့ ရောက်ရှိကြပြီး ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

တောင်သူများ စိုက်ပျိုးထုတ်လုပ်မှု အရှိန်အဟုန်မပျက်ဆောင်ရွက်နိုင်ရန် နေပြည်တော်၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး စသည့်တိုင်းဒေသကြီး ခြောက်ခုတွင် ကောက် စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးပေးခြင်း၊ ပျိုးဗန်းဖြင့် ပျိုးထောင်ခြင်း၊ ကြားပေါင်းလိုက်ခြင်း စသည့်လုပ်ငန်းများကို ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (CERP) အရ ငွေကျပ် ၂၀၄ သန်း အသုံးပြုဆောင်ရွက်ပေးလျက်ရှိကာ တိုင်းဒေသကြီးနှင့်ပြည်နယ်၁၁ ခုတွင် လယ်ယာသုံးစက်ကိရိယာ၁၂၅၆ ဒသမ ၈၅ သန်းဖိုး ဖြန့်ဖြူးပေးခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အုန်းနဲ့ကုန်း ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာရှိ စိုက်ပျိုးရေးနည်းပညာ ပြန့်ပွားရေးစင်တာတွင် ဒေသနေတောင်သူများနှင့်တွေ့ဆုံ၍ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ကြောင့် ကုန်သွယ်မှုလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများ လုပ်ငန်းရပ်ဆိုင်းမှုရှိနေသော်လည်း စားနပ်ရိက္ခာဖူလုံမှုအပေါ် ထိခိုက်မှုမဖြစ်ပေါ်စေရန်နှင့် တောင်သူများ၏ လယ်ယာလုပ်ငန်းခွင် လုပ်ကိုင်ဆောင်ရွက်မှုအား အထောက်အကူဖြစ်စေရန် နိုင်ငံတော်က ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (CERP) ရေးဆွဲချမှတ်ပေးမှုအပေါ် မိမိတို့ဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း ဆွေးနွေးမှာကြားကာ ပြည်ထောင်စုဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့ က မိုးစပါးမျိုးစေ့ထုတ် တောင်သူများအား စိုက်ပျိုးစရိတ်များ ထောက်ပံ့ပေးအပ်ရာ တောင်သူများက လက်ခံရယူကြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်းနှင့် မိသားစုဥယျာဉ်ခြံစိုက်ခင်းများအား ကြည့်ရှုစစ်ဆေး အားပေးကြသည်။

ယင်းနောက် သနပ်ပြင်ကျေးရွာ တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို စစ်ဆေးကြည့်ရှုသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဘုရားကြီးမြို့ရှိ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ ဧက ၃၀၀ စိုက်ကွင်းတွင် CERP အရ စိုက်ပျိုးထားသည့် မိုးစပါးမျိုးစေ့ထုတ်စိုက်ကွင်းရောက်ရှိကြပြီး(RS to CS) မျိုးသန့်မျိုးပွားစိုက်ပျိုးထားရှိမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေး အားပေးသည်။

ထို့နောက် စိုက်ပျိုးရေးဆိုင်ရာ လူထုအခြေပြုလေ့လာမှုစခန်းတွင် ပြည်ထောင်စုဝန်ကြီးက ဒေသနေ တောင်သူများအား တွေ့ဆုံအမှာစကားပြောကြားပြီး ကျေးရွာအုပ်စု ၁၇ အုပ်စု မိုးစပါး မျိုးစေ့ထုတ်စိုက်ဧက ၇၁၉ ဧကအတွက် CERP အရ စိုက်ပျိုးစရိတ်ထောက်ပံ့ငွေကျပ် ၁၀၆၇၇၁၅၀၀ ကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကျေးရွာအုပ်စု ၁၃ အုပ်စု မိုးစပါးမျိုးစေ့ထုတ်စိုက်ဧက ၃၂၉ ဧကအတွက်CERP အရ စိုက်ပျိုးစရိတ်ထောက်ပံ့ငွေကျပ် ၄၈၅၆၅၀၀ ကို လည်းကောင်း ပေးအပ်ရာ အကျိုးဆောင်တောင်သူကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ယခုအခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင်အတွင်းရှိ ကျေးရွာအုပ်စု ၃၀ မှ တောင်သူ ၃၈၀၊ စုစုပေါင်း စိုက်ဧက ၁၀၄၈ ဧကအတွက် ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက်အရ မိုးစပါးမျိုးစေ့ ထုတ်စိုက်စရိတ် ငွေကျပ်စုစုပေါင်း ၁၅၅၆၂၈၀၀၀ ကို ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ပြီး တစ်နိုင်ငံလုံးရှိ မိုးစပါးမျိုးစေ့ထုတ်စိုက်ဧကတစ်သိန်းအတွက် ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက်အရ စုစုပေါင်းငွေကျပ် ၁၄၉၁၁ ဒသမ ၃၃ သန်းထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

---

*စာမျက်နှာ ၉ မှ*

**အဲ့ဒီစောင့်နေတဲ့ အချိန်အတွင်းမှာ ကျွန်မတို့နိုင်ငံ ဘယ်လောက်ထိခိုက်နစ်နာမလဲဆိုတာကို ကျွန်မတို့ စဉ်းစားစေချင်ပါတယ်။ အခုဆိုရင် အားလုံးသိကြတဲ့ အတိုင်း ကျွန်မတို့နိုင်ငံဟာ ကမ္ဘာကြီးနဲ့တောင် မပြောပါဘူး။ ကျွန်မတို့ဒေသမှာတင် နောက်ကျကျန်နေခဲ့ပြီး ဒီနိုင်ငံ ဖွံ့ဖြိုးတိုးတက်အောင်လုပ်တဲ့ ပုဂ္ဂိုလ်တွေ အရည်အချင်း ဘယ်လောက်ဆုံးရှုံးခဲ့ကြလဲ။ နောက်တစ်ခါ အဲ့ဒီလိုဆုံးရှုံးမှုတွေ မဖြစ်စေချင်တော့ပါဘူး”ဟု မိန့်ကြားခဲ့ပါသည်။**

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့တွင် (၉)ကြိမ်မြောက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့သည့် မိန့်ခွန်းများထဲမှ အရေးကြီးသည့် မိန့်ခွန်းအချို့ကို အောက်ပါအတိုင်း ကောက်နုတ်တင်ပြအပ်ပါသည်-

**တညီတညွတ်တည်းလက်ခံ**

အားလုံးသိရှိထားပြီး ဖြစ်သည့်အတိုင်း မိမိတို့နိုင်ငံသည် လွတ်လပ်ရေးနှင့်အတူ ကြုံတွေ့ခဲ့ရသည့် မတူကွဲပြားသော ဝါဒရေးရာပဋိပက္ခများကို နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေး ညှိနှိုင်းဖြေရှင်းနိုင်ခြင်း မရှိခဲ့ပါကြောင်း၊ အကျိုးဆက်အားဖြင့် လက်နက်ကိုင်ပြီး ဖြေရှင်းကြရာမှ လက်နက်ကိုင်ပဋိပက္ခ၊ လက်နက်ကိုင် တိုက်ပွဲများမချုပ်ငြိမ်းနိုင်ဘဲ ယနေ့ အနေအထားအထိ ဆိုက်ရောက်ခဲ့ကြပါကြောင်း၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးအတွက် ခေတ်အဆက်ဆက်တွင် နည်းလမ်းမျိုးစုံ၊ ချဉ်းကပ်မှုပေါင်းစုံဖြင့်ကြိုးပမ်းခဲ့သော်လည်း နှစ်ပေါင်းခုနစ်ဆယ်ကျော်သည့် ယနေ့ ယခုအချိန်တိုင် ဆက်လက်ကြိုးပမ်းနေရဆဲပင်ဖြစ်ပါကြောင်း။

**ငြိမ်းချမ်းရေးအမွေအနှစ်တစ်ခု**

ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးနှင့်ငြိမ်းချမ်းရေးခရီးတွင် မိမိတို့ရှေ့သို့ များစွာဆက်လက် လျှောက်လှမ်းကြရဦးမည် ဖြစ်ပါကြောင်း၊ ယနေ့ရရှိထားသည့် အပြန်အလှန်နားလည်မှု၊ အပြန်အလှန်ယုံကြည်မှုများကြောင့် ရှေ့ဆက်မည့်ခရီးတွင်ပိုမိုထိရောက်ကောင်းမွန်ပြီး ခိုင်မာမှန်ကန်သည့် ခြေလှမ်းသစ်များ ဆက်လက်လျှောက်လှမ်းနိုင်မည်ဟု မိမိအနေဖြင့် အခိုင်အမာယုံကြည်ထားပါကြောင်း၊ မိမိတို့နိုင်ငံ၊ မိမိတို့ပြည်ထောင်စု၏ အနာဂတ်ခရီးအတွက် မိမိတို့အသက်ရှင်နေစဉ်နှင့် မိမိတို့ ကြိုးစားခွင့်ရနေစဉ်အတွင်း အတတ်နိုင်ဆုံး၊ အကောင်းဆုံးကြိုးပမ်းအားထုတ်၍ မိမိတို့၏ မျိုးဆက်သစ်များ လက်ထဲသို့ ငြိမ်းချမ်းရေးအမွေအနှစ်တစ်ခု ခိုင်ခိုင်မာမာ လက်ဆင့်ကမ်း ဆောင်ကြဉ်းပေးနိုင်ရေး ဆက်လက် ကြိုးပမ်းသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**စေတနာ၊ ပညာနှင့် သတ္တိလို**

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် တန်ဖိုးရှိသည့်အရာတစ်ခုကိုရရှိရန် များစွာပေးဆပ်ရပြီး အပင်ပန်းခံ၊ စိတ်ရှည်သည်းခံရပါကြောင်း၊ မိမိတို့၏ ယုံကြည်ချက်သည် နိုင်ငံကောင်းကျိုးအတွက် ဆောင်ရွက်မည်ဆိုပါက အခြေခံအားဖြင့် စေတနာ၊ ပညာနှင့် သတ္တိလိုအပ်ပါကြောင်း၊ နိုင်ငံတိုးတက်စေချင်သည့် စေတနာရှိရမည် ဖြစ်ပါကြောင်း၊ မိမိတို့ပြည်ထောင်စုကြီးကို စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးအနေဖြင့် ငြိမ်းချမ်းဖွံ့ဖြိုးစွာ ရပ်တည်နိုင်စေချင်သည့်စေတနာသည် အဓိကဖြစ်ပါကြောင်း။

အထက်ဖော်ပြပါ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ပြောကြားခဲ့သည့် မိန့်ခွန်းများမှ ကောက်နုတ်ဖော်ပြခဲ့သည့် မိန့်ခွန်းများပါ အချက်အလက်များသည် ယခုကျင်းပပြုလုပ်လျက်ရှိနေသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးကြီးအောင်မြင် ထမြောက်စွာ ကျင်းပနိုင်ရေးအတွက် များစွာအကျိုးပြုလိမ့်မည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**နိဂုံး**

အထက်တွင် ရှင်းလင်းတင်ပြရေးသားခဲ့သည့် အချက်အလက်များကို ပြန်လည်စိစစ် သုံးသပ်ကြည့်မည်ဆိုပါက တစ်ချိန်က မိမိတို့မြန်မာနိုင်ငံ၏ လူမှုစီးပွားရေးအခြေအနေသည် အာရှမိတ်ဖက်နိုင်ငံများနှင့် နှိုင်းယှဉ်ပါက တန်းတူရည်တူရှိနေခဲ့ရာမှ ယခုအချိန်အခါတွင် မိမိတို့နိုင်ငံ၏ လူမှုစီးပွားရေးအခြေအနေမှာ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ဆယ်စုနှစ် နှစ်ခု၊ သုံးခုခန့်နောက်ကျကျန်ရစ်ခဲ့လျက်ရှိနေသည်ကို တွေ့ရှိကြရမည်ဖြစ်ပါသည်။

ထိုကဲ့သို့ မိမိတို့နိုင်ငံ၏ လူမှုစီးပွားရေးအခြေအနေ နောက်ကျကျန်ရစ်ခဲ့ရသည့် အဓိကအကြောင်းရင်းကို ပြန်လည်ဆန်းစစ်ကြည့်မည်ဆိုပါက လွန်ခဲ့သည့်နှစ်ပေါင်း ၇၀ ကျော် အချိန်ကာလအတွင်း ပြည်တွင်းတည်ငြိမ်အေးချမ်းမှုရရှိအောင် မတည်ဆောက်နိုင်ခဲ့ခြင်းကြောင့်ဖြစ်သည်ကို တွေ့ရှိကြရမည်ဖြစ်ပါသည်။

ယခုအခါတွင်မူ မိမိတို့ နိုင်ငံသူ၊ နိုင်ငံသားအားလုံး မျှော်လင့်တောင့်တနေသည့် ပြည်တွင်း တည်ငြိမ်အေးချမ်းမှုရရှိစေမည့် လုပ်ငန်းစဉ်တစ်ရပ် ပေါ်ထွန်းလာနေပြီဖြစ်ပါသည်။ ၎င်းလုပ်ငန်းစဉ်မှာ (၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးကျင်းပပြုလုပ်နိုင်ခြင်းပင် ဖြစ်ပါသည်။ လက်ရှိကျင်းပပြုလုပ်သည့် (၂၁) ရာစု ပင်လုံ စတုတ္ထအစည်းအဝေး အောင်မြင်စွာကျင်းပပြုလုပ်ပြီးစီးပါက မိမိတို့နိုင်ငံသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးမှတစ်ဆင့် ပြည်တွင်းတည်ငြိမ်အေးချမ်းရေးကို မလွဲကေန် ရရှိနိုင်ကြတော့မည်ဖြစ်ပါသည်။ မိမိတို့ပြည်ထောင်စု တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးတို့က **“ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ –(၂၁)ရာစုပင်လုံစတုတ္ထအစည်းအဝေးအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အားသွန်ခွန်စိုက် အင်တိုက်အားတိုက် ဝိုင်းဝန်းကူညီ ပံ့ပိုးဆောင်ရွက်သွားကြရန်”** လိုအပ်ပါမည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိစေရန် အဓိဋ္ဌာန်ချမှတ်ပြီး **“လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည် တတိယ”** ဟူသည့် ဆောင်ပုဒ်ကိုစွဲကိုင်၍ ဆောင်ရွက်ခဲ့သည့်အတွက် မိမိတို့နိုင်ငံသည် လွတ်လပ်ရေးကိုရယူနိုင်ခဲ့ခြင်းဖြစ်ပါသည်။ ထိုနည်းတူစွာပင် မိမိတို့ ပြည်ထောင်စုတိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့်တကွ လုပ်သားပြည်သူအပေါင်းတို့အနေဖြင့် **“ပြည်ထောင်စုငြိမ်းချမ်းရေးသည် ပထမ၊ ပြည်ထောင်စုငြိမ်းချမ်းရေးသည် ဒုတိယ၊ ပြည်ထောင်စုငြိမ်းချမ်းရေးသည် တတိယ”** ဟူသည့် ဆောင်ပုဒ်ကို စွဲကိုင်ပြီး ယခု ကျင်းပလျက်ရှိသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေး အောင်မြင်မှုရရှိစေရန်အတွက် အင်တိုက်အားတိုက် ဝိုင်းဝန်းထောက်ခံအားပေးကြရန် လိုအပ်ပါမည်။

သို့မှသာ မိမိတို့နိုင်ငံအနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးမှတစ်ဆင့် ပြည်တွင်းတည်ငြိမ်အေးချမ်းမှုရရှိလာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်နိုင်ကြတော့မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

---

❑ *ကျောဖုံးမှ*

သင်္ဘောပေါ်သို့ တက်ရောက်မည့် ကပ္ပတိန် ဦးနိုင်အောင်ပါ သင်္ဘောသား ၁၄ ဦး၊ M.T Adelaide သင်္ဘောပေါ်သို့ တက်ရောက်မည့် ကပ္ပတိန် ဦးတင်ထွန်းအောင် ပါ သင်္ဘောသား ၁၈ ဦးနှင့် MV-Navios Destiny သင်္ဘောပေါ်သို့ တက်ရောက်မည့် ကပ္ပတိန် ဦးသက်ထွန်းဦးပါ သင်္ဘောသား ၁၄ ဦးတို့ဖြင့် တာဝန်လွှဲပြောင်းယူခဲ့သူများ ဖြစ်သည်။

သင်္ဘောများပေါ်မှ ထွက်လာသည့် မြန်မာသင်္ဘောသား ၄၄ ဦးအား ဆိပ်ကမ်း၌ တာဝန်ရှိဌာနဆိုင်ရာပူးပေါင်းအဖွဲ့နှင့် ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးမှုများဆောင်ရွက်ကာ ကော့သောင်းမြို့တွင် ဟိုတယ်၌ ကန့်သတ်စောင့်ကြည့်ခြင်း ၂၁ ရက်ထားရှိပြီး ၎င်းတို့၏ နှာခေါင်း တို့ဖတ်နမူနာများအား ရန်ကုန် အမျိုးသားကျန်းမာရေးဓာတ်ခွဲဌာနသို့ ပို့ဆောင်ဓာတ်ခွဲစစ်ဆေးမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး**
**(ကော့သောင်း)**

# မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံအကြားရှိ မလေးရှားပိုင် ရေပြင်သို့ ပို့ဆောင်မည့် ငွေကျပ် ၃၁ ဒသမ ၇၄ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်အဖက်တမင်း)များအား ရခိုင်ပြည်နယ် ကျိန္တလီမြို့အနီး ရေပြင်၌ ဖမ်းဆီးရမိ



ဖမ်းဆီးရမိသည့် တရားခံများ၊ အိုက်စ် (မက်အဖက်တမင်း) များနှင့် အသုံးပြုသည့် စက်လှေ။

**နေပြည်တော် ဩဂုတ် ၁၈**

မလေးရှားနိုင်ငံ နှင့် အင်ဒိုနီးရှားနိုင်ငံအကြားရှိ မလေးရှားပိုင်ရေပြင်သို့ ပို့ဆောင်မည့် ငွေကျပ် ၃၁ ဒသမ ၇၄ ဘီလီယံကျော် တန်ဖိုးရှိ အိုက်စ် (မက်အဖက်တမင်း) များအား ရခိုင်ပြည်နယ် ကျိန္တလီမြို့အနီးရေပြင်၌ ဩဂုတ် ၁၆ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ တာဝန်သိပြည်သူတို့၏ သတင်းပေးချက်အရ ကျိန္တလီနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၆ ရက် မွန်းလွဲ ၁ နာရီခွဲခန့်တွင် ကျိန္တလီမြို့ အနောက်တောင်ဘက် ၂ မိုင်ခန့်အကွာ မောင်းဒေါက်ချောင်းဝအနီး မသင်္ကာဖွယ် ကျောက်ချရပ်နားထားသည့် စက်လှေတစ်စင်းအား စစ်ဆေးရှာဖွေရာ စက်လှေအတွင်းမှ ဆာလာအိတ် ၆၁ အိတ်ဖြင့်ထည့်ထားသည့် အိုက်စ် (မက်အဖက်တမင်း) ၁၃၈၀ ကီလို သိမ်းဆည်းရမိခဲ့ခြင်းဖြစ်ကြောင်း။

ရဲတပ်ဖွဲ့ဝင်များသည် မသင်္ကာစက်လှေအနီး ချဉ်းကပ်စဉ် ၎င်းစက်လှေပေါ်မှ အမျိုးသား ၅ ဦး ရေထဲခုန်ချထွက်ပြေးသဖြင့် ကျိန္တလီမြို့တွင်းနှင့် သံတွဲ-ကျိန္တလီသွား ကားလမ်းမပေါ်တွင် ပိတ်ဆို့ စစ်ဆေးခဲ့ရာ ယင်းနေ့ ညနေ ၅ နာရီခန့်တွင် သံတွဲ – ကျိန္တလီကားလမ်းပေါ်၌ ဟွန်ဒိုင်းလိုက်ထရပ် အမျိုးအစားယာဉ်ပေါ်မှ ကျော်မိုးဆွေ၊ ဖြိုးမင်းအောင်၊ စန်းလင်းနှင့် ထွန်းထွန်းဝင်းတို့အား လည်းကောင်း၊ ဩဂုတ် ၁၇ ရက် နံနက် ၉ နာရီခွဲတွင် ဂွမြို့နယ် စမ်းချောင်းကျေးရွာအနီး၌ မောင်ပု(ခ) လှငွေ အားလည်းကောင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

၎င်းတို့အား စစ်ဆေးဖော်ထုတ်ချက်အရ သံတွဲမြို့နယ် ကင်းမော်ရွာအနီး ရေပြင်တွင် မူးယစ်ဆေးဝါးသယ်ဆောင်လာသည့် စက်လှေတစ်စင်းပေါ်မှ ယခုဖမ်းဆီးရမိစက်လှေပေါ်သို့ မူးယစ်ဆေးဝါးများ လွှဲပြောင်းတင်ဆောင်ခဲ့ပြီး မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံအကြားရှိ ရေပြင်သို့ ပို့ဆောင်ရန်ထွက်ခွာလာခြင်းဖြစ်ကြောင်း၊ စက်လှေအား ကြီးကြပ်၍ မူးယစ်ဆေးဝါးများ တာဝန်ခံသယ်ဆောင်လာသူမှာ ထွန်းထွန်းဝင်း ဖြစ်ကြောင်း၊ ပင်လယ်ပြင်အတွင်း လှိုင်းလေပြင်းထန်နေသဖြင့် မောင်းဒေါက်ချောင်းဝအနီး ကျောက်ချရပ်နားနေစဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်ထားရှိကြောင်းနှင့် ကွင်းဆက်တရားခံများ ဖမ်းဆီးရမိရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၁၇ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၀၁ စီး၊ သွင်းကုန် ၃၉၅ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၂၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၇ ရက်က မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းမှ တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ်သန်း ၃ ဒသမ ၈၄၀ တန်ဖိုးရှိ တရားမဝင် အကောက်ခွန်မဲ့ ကုန်ပစ္စည်းဖြစ်သည့် Brightening Body Serum(1x80x40)(3200U) အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဘုတ်ပြင်း၊ ကွတ်ခိုင်နှင့် တောင်ကြီးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၈**

ဘုတ်ပြင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၆ ရက် ညနေပိုင်းတွင် ဘုတ်ပြင်းမြို့နယ် အလယ်မန် ကျေးရွာအုပ်စု အလယ်မန်ကျေးရွာလမ်းပေါ်တွင် မသင်္ကာဖွယ်တွေ့ရှိသူ အောင်နိုင်ဝင်း(ခ) မတ်ဟူရှင်(ခ)မတ်ရှင်နှင့် အောင်နိုင်တူး (ခ) မန်ဂျားလာတို့အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၈၂၈ ပြားကိုလည်းကောင်း။

အလားတူ ဩဂုတ် ၁၇ ရက် ညပိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ကွတ်ခိုင်မြို့ အမှတ်(၈)ရပ်ကွက် လားရှိုး – မူဆယ်သွားကားလမ်းတွင် ချိန်စောကြူ (ခ)အားယုံ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ ကို လည်းကောင်း။

ထို့အတူ ယင်းနေ့ နံနက်ပိုင်းက တောင်ကြီးမြို့မ ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် တောင်ကြီးမြို့ မြို့မရပ်ကွက် ဗိုလ်ချုပ်ပန်းခြံအနီးတွင် ပြည့်ဖြိုးဦး မောင်းနှင်ပြီး ကျော်သူဟိန်း(ခ)ပိုးယား လိုက်ပါလာသော Mark II အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ယာဉ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၃၂ ပြား ကိုလည်းကောင်း၊ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

## ယူရိုပါလိဂ်အကြိုဗိုလ်လုပွဲ အင်တာတို့ ရှက်တာဒိုးနက်ခ်ကို ဂိုးပြတ်အနိုင်ယူပြီး ဗိုလ်လုပွဲတက်ရောက်

ယူအီးအက်ဖ်အေ ယူရိုပါလိဂ် အကြိုဗိုလ်လုပွဲ နောက်ဆုံးပွဲစဉ် တစ်ပွဲဖြစ်သော အီတလီကလပ် အင်တာနှင့် ယူကရိန်းကလပ် ရှက်တာဒိုးနက်ခ် ပွဲစဉ်ကို ဩဂုတ် ၁၈ ရက် နံနက်တွင် ယှဉ်ပြိုင်ကစားရာ ငါးဂိုး – ဂိုးမရှိဖြင့် အင်တာအသင်း ဂိုးပြတ်အနိုင်ယူခဲ့သည်။

ယင်းပွဲတွင် ပွဲချိန် ၁၉ မိနစ်၌ တိုက်စစ်မှူး မာတီနက်ဇ်၏ ခေါင်းတိုက်သွင်းဂိုးဖြင့် အင်တာအသင်း အဖွင့်ဂိုးရရှိပြီး ပထမပိုင်းကို ဦးဆောင်ခဲ့ရာ ဒုတိယပိုင်း ၆၄ မိနစ်တွင် အမ်ဘရိုစီယိုက အင်တာအတွက် ဒုတိယဂိုး သွင်းယူခဲ့သည်။ အင်တာအတွက် ထပ်မံအနိုင်ဂိုးများကို ပွဲချိန် ၇၄ မိနစ်တွင် မာတီနက်ဇ်၊ ၇၈ မိနစ်နှင့် ၈၄မိနစ်တွင် လူကာကူက သွင်းယူပေးခဲ့သည်။ လူကာကူသည် ယနေ့ သွင်းဂိုးအပါအဝင် ယခုနှစ်ရာသီ ယူရိုပါလိဂ် သွင်းဂိုး ခြောက်ဂိုးသွင်းယူထားပြီး အများဆုံးရှစ်ဂိုးသွင်းယူထားသူမှာ မန်ယူမှ ဘရူနိုဖာနန်ဒက်စ်ဖြစ်သည်။

ယနေ့ပွဲတွင် ရှက်တာဒိုးနက်ခ်သည် ဘောလုံးပိုင်ဆိုင်မှု အသာစီးဖြင့် ယှဉ်ပြိုင်နိုင်ခဲ့ပြီး ဂိုးကန်သွင်းခွင့်မှာ ခြောက်ကြိမ်ရရှိခဲ့ရာမှ တစ်ကြိမ်သာ ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ အင်တာအသင်းသည် ၁၂ ကြိမ် ကန်ခွင့်ရခဲ့ပြီး ကိုးကြိမ်ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့ရာ တိုက်စစ်မှူးများ၏ အဆုံးသတ်သေချာမှုကြောင့် ဂိုးပြတ်အနိုင် ရရှိခဲ့ခြင်း ဖြစ်သည်။

ယူရိုပါလိဂ် ဗိုလ်လုပွဲကြီးတွင် စပိန်ကလပ် ဆီဗီလာနှင့် အီတလီကလပ် အင်တာတို့ တွေ့ဆုံမည်ဖြစ်ပြီး ဆီဗီလာအသင်းသည် ယူရိုပါလိဂ်ဖလားကို ၂၀၀၆၊ ၂၀၀၇၊ ၂၀၁၄၊ ၂၀၁၅ နှင့် ၂၀၁၆ ခုနှစ်တို့တွင် ဖလားငါးကြိမ် ရရှိထားပြီး အအောင်မြင်ဆုံးအသင်း ဖြစ်သည်။ အင်တာအသင်းမှာ ၁၉၉၁၊ ၁၉၉၄ နှင့် ၁၉၉၈ ခုနှစ်တို့တွင် ဖလား သုံးကြိမ်ရရှိထားသည့် အသင်းဖြစ်သည်။ ယူရိုပါလိဂ် ဗိုလ်လုပွဲကြီးကို ဂျာမနီနိုင်ငံ ကိုလုံးမြို့တွင် ဩဂုတ် ၂၂ ရက် (စနေနေ့) နံနက် ၁ နာရီခွဲတွင် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

**သီဟ**

●*ကျောဖုံးမှ*

ရီးရဲမက်ဒရစ်အသင်းနှင့် ငါးမှတ်အကွာ အမှတ်ပေးဇယားအဆင့် (၂) နေရာတွင်သာ ရပ်တည်နိုင်အောင် ကူညီပေးထားနိုင်သူဖြစ်သည်။ ဘာစီလိုနာအသင်းအနေဖြင့် နည်းပြသစ်ကို လာမည့်ရက်ပိုင်းအတွင်း ကြေညာသွားဖွယ်ရှိကြောင်း သိရသည်။ ဘာစီလိုနာအသင်းသည် ဂျာမန်ချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်းကို ရှစ်ဂိုး–နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းကြောင့် ပြီးခဲ့သည့် ငါးနှစ်အတွင်း ချန်ပီယံလိဂ်ကွာတားဖိုင်နယ်မှ လေးကြိမ်မြောက်ထွက်ခွာခဲ့ရခြင်း ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ဘာစီလိုနာအသင်းသည် ပွဲစဉ်တစ်ပွဲအတွင်း ရှစ်ဂိုး အထိခွင့်ပြုပေးခဲ့ရခြင်းသည် ၁၉၄၆ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်ဖြစ်ကြောင်းလည်း သိရသည်။

ဘာစီလိုနာအသင်းသည် ဆက်တီယန်ကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၃ ရက်တွင် အာနက်စ်တိုဗယ်ဗာဒီ၏နေရာကို နှစ်နှစ်ခွဲစာချုပ်ဖြင့် ခန့်အပ်ခဲ့ကြောင်း သိရသည်။ ဆက်တီယန်အနေဖြင့် ဘာစီလိုနာအသင်းကို နည်းပြအဖြစ် တာဝန်ယူကိုင်တွယ်ပြီးနောက် ဇန်နဝါရီ ၁၉ ရက်တွင် ဂရန်နာဒါအသင်းကို မက်ဆီ၏ တစ်လုံးတည်းသောအနိုင်ဂိုးဖြင့် နိုင်ပွဲစတင်ရရှိခဲ့သည်။ ဖေဖော်ဝါရီ ၆ ရက်တွင် ဆက်တီယန်၏ ဘာစီလိုနာအသင်းသည် ကိုပါဒယ်ရေးကွာတားဖိုင်နယ်တွင် ဘီလ်ဘာအိုအသင်းကိုရှုံးနိမ့်ကာ ပြိုင်ပွဲမှထွက်ခွာခဲ့ရသည်။ မတ် ၁ ရက် အယ်ကလက်စီကိုပွဲတွင် ရီးရဲမက်ဒရစ်အသင်းကို ရှုံးနိမ့်ခဲ့သောကြောင့် လာလီဂါအမှတ်ပေးဇယားဦးဆောင်ခွင့်နှင့် လွဲချော်ခဲ့ရပြန်သည်။ ဇူလိုင် ၁၆ ရက်တွင် ဘာစီလိုနာအသင်းသည် ချူးကမ့်၌ အိုဆာဆူနာအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် လာလီဂါ အမှတ်ပေးဖလားကို လက်လွှတ်ရန် သေချာသွားစေခဲ့သည်။ ထို့အပြင် အိမ်ကွင်း ပွဲ ၃၀ ရှုံးပွဲမရှိမှုလည်း ရပ်တန့်ခဲ့ရသည်။ ဩဂုတ် ၁၄ ရက် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်တွင် ဘိုင်ယန်မြူးနစ်အသင်းကို အံ့အားသင့်ဖွယ်ရှုံးနိမ့်ခဲ့ပြီးနောက် ပြိုင်ပွဲမှထွက်ခဲ့ရသည်။

ဘာစီလိုနာအသင်းသည် ကိုးမန်းကို နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ပါက နယ်သာလန်အသင်းကို လျော်ကြေးငွေ ပေးချေရဖွယ်ရှိကြောင်း သိရသည်။ ဘာစီလိုနာအသင်းသည် ကိုးမန်းအပြင် စပါးအသင်းနည်းပြဟောင်း ပိုချက်တီနိုကိုလည်း အသင်းနည်းပြအဖြစ်ခန့်အပ်ရန် စိတ်ဝင်စားနေကြောင်း သိရသည်။

**အောင်ဇော်**

## ညောင်လေးပင်မြို့၌ ၂၂ ဘီးယာဉ် အရှိန်လွန်ပြီး ဆိုင်ကယ်ကို ဝင်တိုက်မိသဖြင့် အမျိုးသားတစ်ဦး သေဆုံး

**ညောင်လေးပင် ဩဂုတ် ၁၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် တော်ဝိကျေးရွာအနီးတွင် ဩဂုတ် ၁၈ ရက် ညနေ ၄နာရီခွဲခန့်က ၂၂ ဘီးယာဉ် အရှိန်မထိန်းနိုင်ဘဲ ဆိုင်ကယ်ကို ဝင်တိုက်မိ၍ ဆိုင်ကယ်မောင်းသူ အမျိုးသားတစ်ဦး သေဆုံးပြီး နောက်မှ လိုက်ပါလာသူ အမျိုးသမီးတစ်ဦး (မစိုးရိမ်ရ) ဒဏ်ရာရရှိကြောင်း သိရသည်။

အဆိုပါသတင်းအရ တာဝန်မှူး ဒုတိယရဲအုပ်ဟိန်းကိုကိုဦးနှင့် အဖွဲ့သည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ရန်ကုန်ဘက်မှမန္တလေးဘက်သို့ ကျောက်တံခါးမြို့နယ်နေ စောမန်းရေကော် (၄၀နှစ်) မောင်းနှင်ပြီးနောက်တွင် မနော်ရိုးဒန် (၄၃နှစ်) လိုက်ပါလာသောဆိုင်ကယ်သည် ပုံမှန်လမ်းကြောင်းအတိုင်း မောင်းနှင်လာစဉ် ပျော်ဘွယ်မြို့နေ ဇော်မြတ်ကျော် မောင်းနှင်ပြီး ချစ်သဲဦး လိုက်ပါလာသော MDY–1Q/... Nissan Diesel အမျိုးအစား ၂၂ ဘီးယာဉ်သည် ဆီဆိုင်အတွင်းမှ ဆီဖြည့်ပြီး ရုတ်တရက်ထွက်လာစဉ် အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိရာ ဆိုင်ကယ်မောင်းသူ စောမန်းရေကော်တွင် ဒဏ်ရာများ ရရှိ၍ အခင်းဖြစ်နေရာတွင်သေဆုံးခဲ့ပြီး မနော်ရိုးဒန်တွင် (မစိုးရိမ်ရ)ဒဏ်ရာရရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ ဇော်မြတ်ကျော်အား ညောင်လေးပင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်းတွင် ငလျင်လှုပ်မှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး အများအပြား ဒဏ်ရာရ

**မနီလာ ဩဂုတ် ၁၈**

**ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်းတွင် ဩဂုတ် ၁၈ ရက်က အင်အား ၆ ဒသမ ၆ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခဲ့ရာ တစ်ဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့သည်။**

ဒေသခံများလည်း ၎င်းတို့၏နေအိမ်များမှ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး အဆောက်အအုံနှင့် လမ်းများလည်း ပျက်စီးခဲ့သည်။ ငလျင်သည် ဘိုင်ကော်ဒေသ မက်စ်ဘိတ်ကျွန်းအရှေ့တောင်ပိုင်းတွင် ဩဂုတ် ၁၈ ရက် နံနက် ၈ နာရီ ၃ မိနစ်က ဆမားပင်လယ်ကို ဗဟိုပြုပြီး လှုပ်ခဲ့ကြောင်း အမေရိကန် ဘူမိဗေဒဆိုင်ရာ လေ့လာမှုက ဖော်ပြသည်။

အိမ်အမြောက်အမြား ပျက်စီးနေကြောင်း တပ်ကြပ်ကြီး အန်တိုနီယိုကလီမန့်က ပြောကြားသည်။ တကယ့်ကို ပြင်းထန်ကြောင်းဖြင့်လည်း ၎င်းက ဆက်လက်ပြောကြားသည်။

ဒေသတွင်း ရေဒီယိုသတင်းထောက် ခရစ္စတိုဖာဒယ်ကာမွန်က အရေးပေါ်အလုပ်သမားများသည် ကာတင်ဂန်မြို့ဆင်ခြေဖုံးရှိ ပျက်စီးပြိုကျနေသော သုံးထပ်တိုက်အပျက်အစီးကြားထဲမှ အလောင်းတစ်လောင်းကို ဆွဲထုတ်နေသည်ကို တွေ့မြင်ခဲ့ကြောင်း ပြောသည်။ အဆိုပါ သေဆုံးသူ အမျိုးသား၏ ဇနီးမှာ မည်သည့်ထိခိုက်ဒဏ်ရာမှ မရရှိဘဲ လွတ်မြောက်ခဲ့သည်။

အဆိုပါ ငလျင်မှာ အလွန်ကို ပြင်းထန်လှကြောင်း၊ မိမိတို့သည် ယင်းအချိန်က အစီအစဉ် ထုတ်လွှင့်နေကြောင်း ဒယ်ကာမွန်က အေအက်ဖ်ပီသို့ ဖုန်းဖြင့်ပြောကြားသည်။

ရဲများက အဆိုပါမြို့ထဲတွင် ငလျင်လှုပ်မှုကြောင့် လူ ၁၆ ဦး ဒဏ်ရာများရရှိခဲ့ပြီး အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း ပြောကြားသည်။

ပါလာနက်ဒေသအနီးတွင်လည်း ငလျင်လှုပ်မှုကြောင့် လူ ၂၇ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း၊ မည်သူမျှ ပြင်းထန်သည့် အခြေအနေမရှိကြောင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရာရှိတစ်ဦးဖြစ်သူ ခရစ်အက်ဒစ်က ပြောကြားလိုက်သည်။

အဆိုပါ ဒေသတွင် ကယ်ဆယ်ရေးနှင့် ရှာဖွေရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါငလျင်သည် ကိုဗစ် - ၁၉ ကူးစက်မှုမြင့်မားနေသည့်အချိန်တွင် လှုပ်ခြင်းဖြစ်သည်။ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၁၆၄၀၀၀ ရှိခဲ့ပြီး အသွားအလာကန့်သတ်ပိတ်ဆို့မှုများ ပြုလုပ်ထားကြောင်း သိရသည်။

သဘာဝဘေးဒုက္ခများသည် မိမိတို့ဘဝ၏ အစိတ်အပိုင်းတစ်ခုလိုဖြစ်လာပြီး မိမိတို့ အမြဲတမ်းပြန်လည်နာလန်ထူအောင် လုပ်ဆောင်ကြမည်ဖြစ်ကြောင်း သမ္မတရိုဒရီဂိုဒူတာတေး၏ ပြောရေးဆိုခွင့်ရှိသူ ဟယ်ရီရော့က ပြောကြားလိုက်သည်။




လျင်လှုပ်ခတ်မှုကြောင့် ပျက်စီးသွားသော နေရာတချို့ကို တွေ့ရစဉ်။

အဆိုပါ ငလျင်လှုပ်ပြီးနောက် ငလျင်ငယ်ပေါင်း ၂၄ ကြိမ်ထက်မနည်း လှုပ်ခဲ့ကြောင်း ဖိလစ်ပိုင် ဘူမိဗေဒဌာနက ထုတ်ပြန်ဖော်ပြသည်။ **အေအက်ဖ်ပီ**



ဒုံးကျည်ကျရောက်မှုအရှိန်ကြောင့် ပြတင်းပေါက်ပျက်စီးနေသည်ကို တွေ့ရစဉ်။

# တောင်ကိုရီးယားတွင် ဗိုင်းရပ်စ်ကူးစက်မှု ပြန်လည်တိုးလာ ဆိုးလ်မြို့၌ တင်းကျပ်မှုများ လုပ်ဆောင်

ဆိုးလ် ဩဂုတ် ၁၈

တောင်ကိုရီးယားတွင် ကိုဗစ် - ၁၉ ကူးစက်မှုပြန်လည်တိုးလာသည့်အတွက် ဩဂုတ် ၁၈ ရက်က ဆိုးလ်မြို့ရေယာအနီးတစ်ဝိုက်ရှိ စားသောက်ဆိုင်များ၊ ညကလပ်များကို ပိတ်ထားရန် အမိန့်ထုတ်ခဲ့ပြီး လူအများစုဝေးခြင်းကိုလည်း ပိတ်ပင်ခဲ့သည်။

နောက်ထပ် ဗိုင်းရပ်စ်ကူးစက်မှုများ တိုးလာသည့်အတွက် ကူးစက်မှုဒုတိယလှိုင်းကို ကြောက်ရွံ့ပြီး ယခုလို တင်းကျပ်မှုများ လုပ်ဆောင်နေခဲ့ခြင်းဖြစ်သည်။ တစ်ကမ္ဘာလုံးဆိုင်ရာ နည်းလမ်းဖြစ်သည့် ခြေရာခံ၊ စမ်းသပ်နှင့် ကုသဟူသော နည်းလမ်းများအတိုင်း လုပ်ဆောင်နေကြသော်လည်း ချာ့ချ်ကျောင်းနှင့်ဆက်စပ်ကာအစုလိုက်ကူးစက်မှုများကို နှိမ်နင်းနိုင်ရေး ရုန်းကန်နေရသည်။

ဩဂုတ် ၁၈ ရက်က ကူးစက်မှုအသစ် ၂၄၆ ဦးတွေ့ရှိခဲ့ပြီး တောင်ကိုရီးယားတွင်ကူးစက်ခံရသူ ၁၅၇၆၁ ဦးအထိ ရှိလာခဲ့သည်။ ဆိုးလ်မြို့၊ အင်ချွန်းမြို့နှင့် ဂီယွန်ဂျီပြည်နယ်တို့တွင် ကူးစက်မှုတိုးလာနိုင်သည့် ညကလပ်၊ ကာရာအိုကေ ဘားနှင့် ဘူဖေးစားသောက်ဆိုင်များ ဖွင့်လှစ်ခြင်းကို ဩဂုတ် ၁၈ ရက်တွင် ရပ်နားထားရမည်ဟု ဝန်ကြီးချုပ် ချောင်ဆီကျွမ်းက ကြေညာခဲ့သည်။

ပြတိုက်များကဲ့သို့သော အများပြည်သူနှင့်သက်ဆိုင်သည့်နေရာများကိုလည်း ပိတ်မည်ဖြစ်ပြီး အလုံပိတ်အခန်းများတွင်စုဝေးမှုကို လူ၅၀ ထက်ကျော်လွန်ပြီး စုဝေးခြင်းမပြုရဟု သတ်မှတ်ထားသည်။ လဟာပြင်တွင် စုဝေးမှု၌လည်း လူ ၁၀၀ ထက်ပိုပြီး စုဝေးခွင့်မရှိပေ။

တားမြစ်ထားသည့် ရေယာသုံးနေရာမှာ တောင်ကိုရီးယားလူဦးရေထက်ဝက်နီးပါး နေထိုင်ရာနေရာများလည်း ဖြစ်သည်။ ယခုလို ဗိုင်းရပ်စ်ကူးစက်မှုအရှိန်ကို မရပ်တန့်နိုင်ပါက စီးပွားရေးနှင့် ပြည်သူများ၏ အသက်ရှင်ရပ်တည်မှုတွင် ထိခိုက်မှုများရှိလာနိုင်သည်ဟုဝန်ကြီးချုပ်က သတိပေးထားသည်။ **အေအက်ဖ်ပီ**



တောင်ကိုရီးယားတွင် ဧပြီလအတွင်းက ဆေးစစ်မှုများ ပြုလုပ်ပေးနေသည်ကို တွေ့ရစဉ်။

# အာဖဂန်နစ္စတန်မြို့တော် ကဘူးလ် ဒုံးကျည်များဖြင့်တိုက်ခိုက်ခံရ

**ကဘူးလ် ဩဂုတ် ၁၈**

အာဖဂန်နစ္စတန်နိုင်ငံ (၁၀၁) ကြိမ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပရန် နိုင်ငံအတွင်း ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေစဉ် ကဘူးလ်မြို့တော်ရှိ သံတမန်ရပ်ကွက်တစ်ခုကို ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လူအသေအပျောက်များရှိကြောင်း ဩဂုတ် ၁၈ ရက်က အာဖဂန်ပြည်ထဲရေး ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက အတည်ပြုပြောကြားခဲ့သည်။

ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီခွဲခန့်က အမှတ် (၈)နှင့် အမှတ် (၁၇) ရဲတပ်ရင်းနယ်မြေဘက်မှ ကဘူးလ်မြို့ထဲကို ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ တာရက်အာရမ်က တွစ်တာလူမှုကွန်ရက်ပေါ်တွင် ရေးသားဖော်ပြခဲ့သည်။

ဒုံးကျည်ထိမှန်ပေါက်ကွဲခဲ့ပုံကို ပြည်တွင်းရုပ်သံက ဖော်ပြခဲ့ပြီး ဒဏ်ရာရရှိသွားသော အရပ်သားသုံးဦးကို ဆေးရုံသို့ ပို့ဆောင်ခဲ့ရကြောင်း ကနဦးသတင်းဖော်ပြချက်များအရ သိရသည်။

နိုင်ငံခြားသံရုံးများနှင့် အစိုးရအဖွဲ့ရုံးများတည်ရှိရာ ဝါဆာအက်ဘာခန်ရပ်ကွက်ရှိ အမှတ် ၁၅ လမ်းမပေါ်တွင် ကြီးမားသည့် ပေါက်ကွဲသံကို ကြားခဲ့ရကြောင်း၊ အဆိုပါ ရပ်ကွက်တစ်ခုလုံးကို ယခု ပိတ်ထားရကြောင်း မျက်မြင်သက်သေတစ်ဦးက ပြောကြားခဲ့သည်။

ပေါက်ကွဲမှုများကြောင့် ထွက်ပေါ်လာသော မီးခိုးလုံးကြီးများနှင့် ပြာမှုန့်များကို ကောင်းကင်အနှံ့တွင် တွေ့မြင်ခဲ့ရကြောင်း၊ ထိတ်လန့်တုန်လှုပ်စရာ ကောင်းကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါတိုက်ခိုက်မှုကို မည်သည့်အဖွဲ့က ပြုလုပ်ခြင်းဖြစ်သည်ဆိုသည်ကို မသိရသေးချေ။

**ဆင်ဟွာ**

# အမေရိကန်နှင့် ရုရှား စတာ့တ်မဟာဗျူဟာမြောက် လက်နက်လျှော့ချရေးစာချုပ် သက်တမ်းတိုးရန် ဆွေးနွေး

ဝါရှင်တန် ဩဂုတ် ၁၈

အမေရိကန်နိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် ဩစတြီးယားနိုင်ငံ ဗီယင်နာတွင် ယမန်နေ့က လက်နက်ထိန်းချုပ်ရေးဆိုင်ရာ ဆွေးနွေးမှုများကို အသစ်တစ်ဖန်ကျင်းပခဲ့ကြောင်းနှင့် စတာ့တ်မဟာဗျူဟာမြောက်လက်နက်လျှော့ချရေးစာချုပ် သက်တမ်းတိုးရန်လည်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

အမေရိကန်လက်နက်ထိန်းချုပ်ရေးအထူးကိုယ်စားလှယ် မာရှယ်ဘီလင်စလီယာနှင့် ရုရှားနိုင်ငံခြားရေး ဒုတိယဝန်ကြီး ဆာဂျီရာကော့ဗ်တို့တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

၂၀၁၀ ပြည့်နှစ်က အမေရိကန်-ရုရှားနှစ်နိုင်ငံကြား ချုပ်ဆိုခဲ့သော စတာ့တ်စာချုပ်အသစ်သည် ၂၀၂၁ ခုနှစ်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

အဆိုပါစာချုပ်သည် အမေရိကန်-ရုရှားနှစ်နိုင်ငံ နျူကလီးယားထိပ်ဖူးနှင့် တိုက်ချင်းပစ်ဒုံးကျည်ဖြန့်ကြက်ထားမှုအရေအတွက်ကို ထိန်းချုပ်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

အမေရိကန်-ရုရှားတာလတ်ပစ်နျူကလီးယားသဘောတူညီချက် (အိုင်အင်န်အက်ဖ်) မှ ၂၀၁၉ ခုနှစ်တွင် အမေရိကန်နုတ်ထွက်ပြီးနောက်ပိုင်း စတာ့တ်စာချုပ်သစ်သည် နှစ်နိုင်ငံကြားတည်ရှိနေသည့် လက်နက်ထိန်းချုပ်ရေးစာချုပ်ဖြစ်လာသည်။

**ဆင်ဟွာ**

# ပါလက်စတိုင်းဘက်က တိုက်ခိုက်မှုကို လက်တုံ့ပြန်သည့်အနေဖြင့် အစ္စရေးစစ်လေယာဉ်များ ဂါဇာဒေသကိုဗုံးကြဲ



ဂါဇာ၌ ဟားမားစ်အဖွဲ့ ပစ်မှတ်တစ်ခုကို အစ္စရေးစစ်လေယာဉ်များ ဗုံးကြဲတိုက်ခိုက်မှုကို တွေ့ရစဉ်။

**ဒမတ်စကတ် ဩဂုတ် ၁၈**

အစ္စရေး စစ်လေယာဉ်များသည် ဩဂုတ် ၁၈ ရက်အစောပိုင်းတွင် ဟားမားစ်တို့ထိန်းချုပ်ထားသည့် ဂါဇာဒေသကို ဗုံးကြဲခဲ့ကြောင်း သိရသည်။

နယ်စပ်၌ ပါလက်စတိုင်းတို့က ပေါက်ကွဲပစ္စည်းများ ထည့်ထားသည့် မိုးပျံပူဖောင်းများဖြင့် တိုက်ခိုက်ခဲ့သည့်အတွက် လက်တုံ့ပြန်သည့် တိုက်ခိုက်မှုဖြစ်ကြောင်း အစ္စရေးစစ်တပ်က ပြောကြားသည်။

ဂါဇာကမ်းခြေဒေသရှိ ဟားမားစ်အကြမ်းဖက်အဖွဲ့အစည်းက ပိုင်ဆိုင်သည့် မြေပြင်အဆောက်အအုံများကို အစ္စရေးဂျက်လေယာဉ်များနှင့် တိုက်လေယာဉ်များက ဗုံးကြဲတိုက်ခိုက်ခြင်းဖြစ်ကြောင်း အစ္စရေးစစ်တပ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဟားမားစ်အဖွဲ့သည် အစ္စရေးကိုယ်စားလှယ်များနှင့် အနောက်ဘက်ကမ်းတွင် အခြေစိုက်ထားသည့် ပါလက်စတိုင်းအာဏာပိုင်အဖွဲ့တို့နှင့် ပြုလုပ်မည့်ဆွေးနွေးပွဲသို့ တက်ရောက်ရန် မထွက်ခွာမီ ဩဂုတ် ၁၇ ရက်က ဂါဇာ၌ အီဂျစ်နိုင်ငံမှ ကိုယ်စားလှယ်များနှင့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း ဟားမားစ်အဖွဲ့သတင်းရင်းမြစ်တစ်ခုက အေအက်ဖ်ပီသို့ ပြောကြားခဲ့သည်။

ဆွေးနွေးပွဲများပြီးဆုံးလျှင် ဂါဇာသို့ ပြန်သွားရန် မျှော်လင့်ထားကြောင်း အဆိုပါ သတင်းရင်းမြစ်က ဖော်ပြသည်။

အစ္စရေးနှင့် ဟားမားစ်တို့သည် ၂၀၀၈ခုနှစ်ကတည်းက စစ်ပွဲသုံးကြိမ်တိတိ ဖြစ်ပွားခဲ့သည်။ ပြီးခဲ့သည့်နှစ်က အီဂျစ်၊ ကုလသမဂ္ဂနှင့် ကာတာတို့၏ ထောက်ခံမှုဖြင့် အပစ်အခတ်ရပ်စဲရေး ပြုလုပ်ခဲ့သော်လည်း ဟားမားစ်အဖွဲ့နှင့် အစ္စရေးတို့သည် မကြာခဏဆိုသလို ဖြစ်ပွားကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# တိုကျိုမြို့တွင် ဟယ်ရီပေါ်တာ ပန်းခြံ တည်ဆောက်မည်

**တိုကျို ဩဂုတ် ၁၈**

ယခုလကုန်ပိုင်းတွင် ပိတ်ပစ်တော့မည်ဖြစ်သည့် သက်တမ်း ၉၄ နှစ်ရှိပြီဖြစ်သော အပန်းဖြေဥယျာဉ်နေရာတွင် ဟယ်ရီပေါ်တာ ပန်းခြံကိုတည်ဆောက်မည်ဟု သိရသည်။



အိုဆာကာရှိ ယူနီဗာဆယ်စတူဒီယိုကို တွေ့ရစဉ်။

တိုရှီးမန်း အပန်းဖြေဥယျာဉ်သည် တိုကျိုမြို့ ရေိယာတစ်ဝိုက်တွင် အကြီးဆုံး ဥယျာဉ်တစ်ခုဖြစ်ပြီး မြင်းစီးကွင်းများ၊ ရေကူးကန်များ အပါအဝင် မြေနေရာ ၂၂၀၀၀၀ စတုရန်းမီတာ ကျယ်ဝန်းသည်။

ဆီဘူရေးဝေးလ် ကုမ္ပဏီက တိုရှီးမန်းဥယျာဉ်ကို ပိုင်ဆိုင်ပြီး ဟယ်ရီပေါ်တာပန်းခြံတည်ဆောက်ရန် ဂျပန်ဝါနာဘရားသားကုမ္ပဏီနှင့် သဘောတူလက်မှတ် ရေးထိုးခဲ့သည်ဟု ဩဂုတ် ၁၈ ရက်တွင် ကြေညာခဲ့သည်။

ဟယ်ရီပေါ်တာ ပန်းခြံကို ၂၀၂၃ ခုနှစ် ပထမနှစ်ဝက်တွင် ဖွင့်လှစ်ရန် ရက်ရွေးထားပြီး ဟယ်ရီပေါ်တာ ရုပ်ရှင်တွင် အသုံးပြုခဲ့သည့် အသုံးအဆောင်များကို ပြသမည်ဖြစ်သည်။

ဟယ်ရီပေါ်တာ ပရိသတ်များ ရုပ်ရှင်ထဲကအတိုင်း ပြန်လည်ခံစားနိုင်မည်ဖြစ်သည်။ အိုဆာကာရှိ ယူနီဗာဆယ်စတူဒီယို အတွင်းတွင်လည်း ဟယ်ရီပေါ်တာ ပန်းခြံတစ်ခုတည်ဆောက်ထားပြီးသားဖြစ်သည်။ ဒေသတွင်းပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေရှိသည့် အထူးနေရာတစ်ခုဖန်တီးမည်ဟု ဝါနာဘရားသားကုမ္ပဏီက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# လက်ဘနွန်ပေါက်ကွဲမှုကြောင့် အပျက်အစီးများမှာ ဆက်လက်မြင့်တက်ဆဲဖြစ်

**ဂျီနီဗာ ဩဂုတ် ၁၈**

ကုလသမဂ္ဂနှင့် မိတ်ဖက်အဖွဲ့အစည်းများက လက်ဘနွန်ပေါက်ကွဲမှုအတွက် အပျက်အစီးစာရင်းကိုဆက်လက် တွက်ချက်ဆဲဖြစ်ရာ ပျက်စီးဆုံးရှုံးမှုများမှာ ဆက်လက်မြင့်တက်ဆဲဖြစ်သည်။



ပေါက်ကွဲမှုကြောင့် ပျက်စီးသွားသည့် အဆောက်အအုံများကို တွေ့ရစဉ်။

ယခုအခါ အလုပ်လက်မဲ့ဦးရေမှာ ၂၉၀၀၀၀ ရှိသည်ဟု ကုလသမဂ္ဂမှ ပြောရေးဆိုခွင့်ရှိသူက ဩဂုတ် ၁၇ ရက်တွင် ပြောကြားသည်။ ဘဏ္ဍာရေး အကျပ်အတည်းများဖြစ်ပေါ်စဉ် အောက်တိုဘာလမှစတင်ကာအလုပ်လက်မဲ့ဦးရေမှာ ၂၂၀၀၀၀ ရှိပြီး ဩဂုတ် ၄ ရက် ပေါက်ကွဲမှုအပြီးတွင် လူပေါင်း ၇၀၀၀၀ အလုပ်လက်မဲ့ဖြစ်ရကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရုံးမှ ပြောရေးဆိုခွင့်ရှိသူ စတက်ဖင် ဒူဂျာရက်ကပြောသည်။

ဆရာဝန်ပေါင်း ၂၀၀၀မှာလည်း ၎င်းတို့ ၏ဆေးခန်းများပျက်စီးသွားသည့်အတွက် ဒဏ်ရာရရှိခဲ့ကြသည်။ ပျက်စီးသွားသည့်အဆောက်အအုံ စုစုပေါင်းမှာ ၄၀၀၀၀ ရှိပြီး ဒေသခံများ၏အဆောက်အအုံ ၃၀၀၀ မှာဆိုးဆိုးရွားရွားပျက်စီးသွားသည်ဟု မစ္စတာဒူဂျာရက်က ပြောသည်။

ကိုဗစ် -၁၉ ကူးစက်မှုနှုန်းမှာမူ လက်ဘနွန်နိုင်ငံတွင် ကူးစက်ခံရသူပေါင်း ၈၈၈၁ ဦးရှိပြီး သေဆုံးသူ ၁၀၂ ဦး ရှိသည်။ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးကမူ ၎င်းတို့စုဆောင်းသိုလှောင်ထားသည့် ပစ္စည်းများ ပေါက်ကွဲမှုအတွင်း ပါဝင်ခဲ့ခြင်းမရှိဟု ပြောသည်။

**ဆင်ဟွာ**

# ကိုဗစ် -၁၉ ကြောင့် သေဆုံးမှုများ တိုးလာကြောင်း ပါလက်စတိုင်း အာဏာပိုင်များသတိပေး

**ရာမလာ ဩဂုတ် ၁၈**

ပါလက်စတိုင်း ပြည်သူများအနေဖြင့် ကြိုတင်ကာကွယ်ရေး နည်းလမ်းများနှင့် ပြည်သူလူထု လုံခြုံစိတ်ချရသည့် လမ်းညွှန်ချက်များကို လိုက်နာခြင်း မရှိပါက သေဆုံးမှုနှုန်း တိုးလာမည်ဟု ပါလက်စတိုင်းအဆင့်မြင့်အရာရှိကြီးတစ်ဦးကသတိပေးခဲ့သည်။

ကိုဗစ် - ၁၉ ကူးစက်မှုနှုန်း တိုးနေသည့်အတွက် အသွားအလာ ပိတ်ဆို့ကန့်သတ်မှုများ အစိုးရက ပြန်လည်ချမှတ်ကောင်း ချမှတ်နိုင်သည်ဟု ပါလက်စတိုင်းကျန်းမာရေးဝန်ကြီး မိုင်အယ်လ်ခါလီယာက ရာမလာမြို့တွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ်အတွင်း ပြောကြားခဲ့သည်။ နှာခေါင်းစည်းတပ်ဆင်ခြင်း အပါအဝင် လူအချင်းချင်း ခပ်ခွာခွာနေရန် စည်းကမ်းများကို လိုက်နာခြင်းဖြင့် ကူးစက်မှုကို လျှော့ချနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ပြီးခဲ့သည့် ၂၄ နာရီအတွင်း အနောက်ဘက်ကမ်းနှင့်ဂျေရုဆလင် အရှေ့ပိုင်းတို့တွင် ကိုဗစ် -၁၉ နောက်ထပ်ကူးစက်ခံရသူ ၄၅၆ ဦး ထပ်မံတွေ့ရှိခဲ့ပြီး ၃၅၈ ဦး ပြန်လည်ကျန်းမာခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။ မတ် ၅ ရက်မှစတင်ကာ ပါလက်စတိုင်းနယ်မြေများတွင် ကူးစက်ခံရသူပေါင်း ၂၂၃၉၁ ဦးရှိပြီး ၁၂၄ ဦး သေဆုံးခဲ့ကာ စုစုပေါင်း ကျန်းမာလာသူ အရေအတွက်မှာ ၁၃၇၁၆ ဦး ရှိသည်ဟုသိရသည်။

**ဆင်ဟွာ**

# အမေရိကန်က ဟွာဝေးကုမ္ပဏီအပေါ် နောက်ထပ် ကန့်သတ်ပိတ်ဆို့မှုများပြုလုပ်

**ဝါရှင်တန် ဩဂုတ် ၁၈**

အမေရိကန်၏ နည်းပညာများအသုံးပြုခွင့်ကို ပိတ်ပင်လိုက်ခြင်းအားဖြင့် အမေရိကန်အစိုးရက ဟွာဝေးကုမ္ပဏီအပေါ် ကန့်သတ်မှုများ ထပ်မံလုပ်ဆောင်လိုက်ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်က အမေရိကန်သည် တရုတ်နည်းပညာလုပ်ငန်းစုကြီးဖြစ်သည့် ဟွာဝေးကုမ္ပဏီသို့ ကွန်ပျူတာသုံး နည်းပညာပစ္စည်းများနှင့်အခြား အီလက်ထရွန်နစ်ပစ္စည်းများ တင်ပို့ရောင်းချခြင်းကို ပိတ်ပင်ခဲ့သည်။ ပြီးခဲ့သည့် မေလက အမေရိကန်မှထုတ်သော လျှပ်ကူးပစ္စည်းများကို ဟွာဝေးကုမ္ပဏီသို့ ရောင်းချခွင့်ကန့်သတ်မှုပြုလုပ်ထားသည့် အချိန်ကာလကို ထပ်တိုးခဲ့သည်။ အခြားနိုင်ငံများက လာသည့်လျှပ်ကူးပစ္စည်းများဖြစ်စေကာမူ အမေရိကန်ကုမ္ပဏီများအနေဖြင့် ယင်းပစ္စည်းများကို ဟွာဝေးကုမ္ပဏီသို့ ရောင်းချခွင့်မရှိကြောင်း သိရသည်။

ဩဂုတ် ၁၇ ရက်တွင် အမေရိကန်ကုန်သွယ်ရေးဌာနက ဟွာဝေးကုမ္ပဏီသည် ထိန်းချုပ်ကန့်သတ်မှုများကို ရှောင်တိမ်းရန်ကြိုးပမ်းနေသည်ဟု စွပ်စွဲခဲ့သည်။ အသစ်ထုတ်ပြန်လိုက်သည့် ကန့်သတ်ချက်များထဲတွင် အမေရိကန်နည်းပညာကို အသုံးပြုနေသော ပြည်ပမှ ကွန်ပျူတာသုံးပစ္စည်းများနှင့် အစိတ်အပိုင်းများ ရောင်းချမှုကို ပိတ်ပင်မည်ဖြစ်ကြောင်းသိရသည်။

ထို့အပြင် အမေရိကန်ကုန်သွယ်ရေးဌာနသည် ဥရောပ၊ တောင်အမေရိကနှင့် တခြားနေရာများရှိ ဟွာဝေးကုမ္ပဏီ၏ ဆက်စပ်လုပ်ငန်းပေါင်း ၃၈ ခုကိုလည်း ကုန်သွယ်ရေးဆိုင်ရာ အမည်ပျက်စာရင်းတွင် ထည့်သွင်းခဲ့သည်။ ဟွာဝေးကုမ္ပဏီအတွက် အလုပ်လုပ်နေသည့် ကမ္ဘာတစ်ဝန်းရှိ ကုမ္ပဏီများကို အမေရိကန်က စောင့်ကြည့်မည်ဖြစ်ကြောင်း ကုန်သွယ်ရေးဌာန အာဏာပိုင်တစ်ဦးက ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

# ရုရှားနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ အရေအတွက် ၉၃၀၀၀၀ ကျော်ပြီဖြစ်

**မော်စကို ဩဂုတ် ၁၈**

ရုရှားနိုင်ငံတွင် ပြီးခဲ့သည့် တစ်ရက်အတွင်း ကိုဗစ် -၁၉ ထပ်မံကူးစက်ခံရသူ ၄၇၄၈ ဦး ထပ်တိုးလာခဲ့ရာ တစ်နိုင်ငံလုံး ရောဂါကူးစက်ဖြစ်ပွားသူ အရေအတွက် စုစုပေါင်း ၉၃၄၂၉၃ ဦးအထိ ရှိလာကြောင်း ရုရှားနိုင်ငံ ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်ရေးစင်တာက ဩဂုတ် ၁၈ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၃၂ဦးထပ်တိုးလာပြီးနောက် တစ်နိုင်ငံလုံး သေဆုံးသူအရေအတွက်စုစုပေါင်း ၁၅၈၇၂ ဦး ဖြစ်လာခဲ့သည်။နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအဆိုးဆုံးခံစားရသည့် မော်စကိုမြို့တွင် ရောဂါထပ်မံကူးစက်ခံရသူ ၆၉၃ ဦးရှိပြီး တစ်မြို့လုံး ရောဂါကူးစက်ခံရသူ အရေအတွက်စုစုပေါင်း ၁၅၈၇၂ဦး ဖြစ်လာကြောင်း သိရသည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ကူးစက်ခံရပြီးနောက် ရောဂါပျောက်ကင်းသွားသူ အရေအတွက် စုစုပေါင်း ၇၄၂၆၂၈ ဦး ဖြစ်ကြောင်း သိရသည်။

ဆေးရုံတက်ကုသမှုခံယူနေသူ ၂၂၅၇၅၉ ဦး ရှိသည်။ ရုရှားနိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ စစ်ဆေးမှုပေါင်း ၃၂ ဒသမ ၉ သန်းအထိ ဆောင် ရွက်ထားကြောင်း ရုရှားနိုင်ငံစားသုံးသူအခွင့်အရေးနှင့် လူသားအရင်းအမြစ်ဆိုင်ရာ စောင့်ကြည့်အဖွဲ့က ဩဂုတ် ၁၈ ရက်တွင် ဖော်ပြသည်။

**ဆင်ဟွာ**

# ပြင်သစ်နိုင်ငံမှာ တစ်ကျော့ပြန် အားကောင်းလာတဲ့ ကိုဗစ်–၁၉

**ခြူးစန္ဒီနွေး**

ဩဂုတ် ၁၆ ရက် ပါရီမြို့ရဲ့ညနေခင်းတစ်ခုမှာတော့ အမျိုးသမီးနှစ်ဦးဟာ ထိုင်ခုံအသီးသီးနဲ့ နေဝင်ချိန်ရှုခင်းကို ကြည့်ရှုနေကြပါတယ်။ အဲဒီအချိန်မှာ နှာခေါင်းစည်း မဖြစ်မနေ တပ်ဆင်ပြီးသွားရမယ့် နေရာအသစ်တွေ ထပ်တိုးလိုက်တဲ့အကြောင်း လော်စပီကာနဲ့လိုက်လံပြီး သတိပေးနေတဲ့အသံ ကြားလိုက်ရပါတယ်။ ဆာဖီယာဇနန်နေ့ဂျ်က သူ့ရဲ့သူငယ်ချင်းကို နှာခေါင်းစည်းပါလားလို့ မေးလိုက်ပါတယ်။ သူငယ်ချင်းဖြစ်သူက နှာခေါင်းစည်းတပ်ရတာမကြိုက်လို့ မပါခဲ့ဘူးလို့ ပြန်ဖြေလိုက်ပါတယ်။

## တစ်ကျော့ပြန်မြင့်တက်လာ

ပြင်သစ်နိုင်ငံမှာ ကိုဗစ်– ၁၉ ကူးစက်ခံရမှု တစ်ကျော့ပြန်မြင့်တက်လာတဲ့အတွက် ပါရီမြို့ ဧရိယာနဲ့ နိုင်ငံတစ်ဝန်းအခြားသော မြို့ကြီးတွေမှာ နှာခေါင်းစည်း မဖြစ်မနေ တပ်ဆင်ဖို့အမိန့်တွေ ထုတ်ထားရပါတယ်။ နောက်ပြီး ပြင်သစ်ပြည်သူတွေအနေနဲ့ လက်ရှိအခြေအနေကို ကျေနပ်မနေဘဲ ကျန်းမာရေး သတိရှိကြဖို့ အာဏာပိုင်တွေက တိုက်တွန်းနှိုးဆော်နေကြရပါတယ်။ ပြင်သစ်နိုင်ငံမှာတော့ နွေရာသီကာလမှာ ကူးစက်မှု လှိုင်းလုံးအသစ်နဲ့ ထပ်ကြုံလာရပါတယ်။

## စည်းကမ်းလိုက်နာခြင်းမရှိ

လူအများအပြားဟာ နွေရာသီအားလပ်ရက်မှာ ကိုဗစ်– ၁၉ ရောဂါမတိုင်မီက အခြေအနေအတိုင်း ခရီးသွားလာမှုတွေ ပြန်လည်ပြုလုပ်ခဲ့ကြပြီး ပုံမှန်လူနေမှုဘဝကိုပြန်ရဖို့ ကြိုးစားခဲ့ကြပါတယ်။ စားသောက်ဆိုင်၊ ပန်းခြံတွေနဲ့ ကော်ဖီဆိုင်တွေမှာလည်း လူတွေ ပြန်ပြည့်လာခဲ့ပါတယ်။ ဒီနေရာတွေကို သွားရောက်လည်ပတ်သူ အများစုကတော့ လူငယ်တွေဖြစ်ပြီး သူတို့ဟာ နှာခေါင်းစည်း တပ်ဆင်တာတွေ၊ လူအချင်းချင်း ခပ်ခွာခွာနေရမယ့် စည်းကမ်းတွေကို လိုက်နာခဲ့ခြင်း မရှိပါဘူး။ မကြာသေးမီရက်ပိုင်းအတွင်း ပြင်သစ်နိုင်ငံမှာ နေ့စဉ်ကူးစက်မှုနှုန်းဟာ ၃၀၀၀ အထိ ရှိလာတာကို အံ့အားသင့်ဖွယ် တွေ့ရှိလာရပါတယ်။ လအစောပိုင်းနဲ့ နှိုင်းယှဉ်မယ်ဆိုရင် နှစ်ဆ တိုးလာတာကို တွေ့ရှိရပါတယ်။

## လူငယ်တွေ ကူးစက်ခံရ

အာဏာပိုင်တွေကလည်း အစုလိုက်ကူးစက်မှုရဲ့ အကြောင်းရင်းကို ရှာဖွေနေကြပါတယ်။ ကူးစက်မှုအသစ်တွေရဲ့ ၃၀ ရာခိုင်နှုန်းဟာ လူငယ်တွေဖြစ်ပြီး အသက် ၁၅ နှစ်နဲ့ ၄၄ နှစ်ကြားတွေလို့ သိရပါတယ်။ လက်ရှိပြသနေတဲ့ အခြေအနေတွေဟာ စိုးရိမ်စရာကောင်းပြီး အခြေအနေတွေ ယိုယွင်းနေတယ်လို့ ပြင်သစ်ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဂျရိုမီဆယ်လိုမွန်က ပြောပါတယ်။ ကပ်ရောဂါရဲ့ကံကြမ္မာဟာ ကျွန်တော်တို့ရဲ့ လက်ထဲမှာပဲ ရှိနေပါတယ်လို့ သူက ဆက်ပြောပါတယ်။ ဒီကပ်ရောဂါဟာ ဆက်လက်ရှိနေဦးမှာဖြစ်ပြီး ပြည်သူတွေဟာ နေထိုင်မှုပုံစံနဲ့ သဟဇာတဖြစ်အောင် ပြုပြင်ပြောင်းလဲဖို့ လိုတယ်လို့ ၎င်းက ဆက်ပြောပါတယ်။ ပြင်သစ်နိုင်ငံဟာ ကိုဗစ်– ၁၉ ကြောင့် လူပေါင်း ၃၀၄၀၀ သေဆုံးခဲ့ရပြီး ကမ္ဘာပေါ်မှာ သေနှုန်းအမြင့်ဆုံးနိုင်ငံတွေထဲက တစ်ခုပါ။

## စီးပွားရေး ထိခိုက်ခဲ့ရ

မတ်လအလယ်နှင့်မေလလယ်အတွင်းမှာ တိုင်းပြည်အတွင်း အသွားအလာ ပိတ်ဆို့ကန့်သတ်မှုတွေကြောင့် စီးပွားရေး ဆိုးဆိုးရွားရွား ထိခိုက်ခဲ့ရပါတယ်။ ဒါပေမယ့်လည်း အဲဒီလို အသွားအလာပိတ်ဆို့ကန့်သတ်မှုတွေ ပြုလုပ်ခဲ့တာကိုပဲ ကျေးဇူးတင်ရမှာပါ။ ဘာလို့လဲဆိုတော့ အသွားအလာ ကန့်သတ်မှုတွေကြောင့် ပြင်သစ်နိုင်ငံဟာ ဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကို တားဆီးနိုင်ခဲ့ပြီး နွေရာသီအစမှာပဲ ပိတ်ဆို့ကန့်သတ်မှုတွေကို ဖြေလျှော့ပေးမှုတွေ လုပ်ဆောင်နိုင်ခဲ့ပါတယ်။ လူတွေကို အသွားအလာ ကန့်သတ်ထားတုန်းက ဗိုင်းရပ်စ်ကူးစက်မှုကို ဟန့်တားနိုင်ခဲ့ပြီး အခုလို အသွားအလာတွေ ပြန်လည်ခွင့်ပြုလိုက်တဲ့အခါ ကူးစက်မှုနှုန်း ပြန်တိုးလာတာဟာ အံ့သြဖွယ်ရာ မရှိပါဘူး။



ပြင်သစ်နိုင်ငံ မာဆေးလ်မြို့တွင် ဆေးစစ်မှုများ လုပ်ဆောင်နေကြစဉ်။

## ဥရောပအတွင်း တစ်ကျော့ပြန် ကူးစက်မှုများ

နောက်ထပ်ကူးစက်မှုတွေ ပြန်ဖြစ်လာတာဟာ ဥရောပမှာ ပြင်သစ်တစ်နိုင်ငံတည်းတင် မဟုတ်ပါဘူး။ အခြားဥရောပနိုင်ငံတွေမှာလည်း အလားတူပါပဲ။ စပိန်နိုင်ငံမှာဆိုရင်လည်း ဒေသတွင်း အစုလိုက် ကူးစက်မှုအသစ်တွေ ပြန်လည်ပေါ်ပေါက်လာပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ပြင်သစ်နိုင်ငံမှာ ကူးစက်မှုအသစ် ၂၀၀၀၀ တွေ့ရှိခဲ့ပြီး အီတလီနိုင်ငံမှာတော့ ၇၀၀၀၊ ဗြိတိန်မှာ ၃၀၀၀ ထပ်မံတွေ့ရှိခဲ့တယ်လို့ နယူးယောက်တိုင်းမ်ရဲ့ အချက်အလက် စုစည်းမှုတွေအရ သိရပါတယ်။ ပြင်သစ်မှာ နေ့စဉ်သေဆုံးမှုနှုန်းကတော့ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာ ၁၅ ဦး ရှိပါတယ်။ ကူးစက်မှု စတင်ဖြစ်ပွားခါစ မတ်လနဲ့ မေလအတွင်းမှာတော့ ပြင်သစ်နိုင်ငံမှာ နေ့စဉ် သေဆုံးမှုဟာ ရာနဲ့ချီပြီး ရှိပါတယ်။ ပြင်သစ်နိုင်ငံ မောင့်ပီလီယားတက္ကသိုလ်ရောဂါဗေဒပညာရှင် မာစီရာဆိုဖာနီယာကတော့ ဥရောပနိုင်ငံတွေဟာ ကူးစက်မှုနှုန်း လျော့ကျလာမယ်လို့ တွက်ချက်ထားကြကြောင်း ပြောခဲ့ပါတယ်။

## ရောဂါလက္ခဏာမပြကြ

ပြင်သစ်အာဏာပိုင်တွေကတော့ အခုကူးစက်မှုတွေဟာ လူငယ်တွေဖြစ်ပြီး အချို့သူတွေမှာ ရောဂါလက္ခဏာ ပြသခြင်း မရှိပါဘူး။ ရောဂါလက္ခဏာမပြတဲ့ လူတွေဆီကနေ သက်ကြီးရွယ်အိုတွေနဲ့ နာတာရှည်လူနာတွေဆီ ကူးစက်သွားပြီး ရောဂါပျံ့နှံ့လာမှာကို စိုးရိမ်နေကြရပါတယ်။ ပြင်သစ်မှာ ကိုဗစ်– ၁၉ ရှိ မရှိ စစ်ဆေးမှုတွေကို တိုးမြှင့်လုပ်ဆောင်ပေးလျက်ရှိပြီး တစ်ပတ်အတွင်းမှာ လူပေါင်း ၆၀၀၀၀၀ ကို ဆေးစစ်ပေးမှုတွေ လုပ်ဆောင်နိုင်ခဲ့ပါတယ်။

## လူတိုင်းကို ဆေးစစ်မပေးနိုင်

ကိုဗစ် – ၁၉ စတင်ဖြစ်ပွားခါစ အချိန်တုန်းကဆိုရင် ပြင်သစ်မှာ စမ်းသပ်ရေးကိရိယာတွေ ပြတ်တောက်မှုနဲ့ ရင်ဆိုင်ရပြီး လူတိုင်းကို ဆေးစစ်မပေးနိုင်ခဲ့ပါဘူး။ သံသယရှိသူအတော်များများကို စစ်ဆေးမပေးနိုင်တဲ့ အခြေအနေမျိုး ကြုံတွေ့ခဲ့ရပါတယ်။ အသက် ၂၃ နှစ်အရွယ် စီးပွားရေးကျောင်းသူတစ်ဦးဖြစ်တဲ့ ရာဖီလီကသူ့တုန်းကဆိုရင် ကိုဗစ် – ၁၉ ရောဂါလက္ခဏာတွေ ပြတာတောင် ဆေးမစစ်နိုင်လို့ အိမ်ထဲမှာပဲ နေခဲ့ရတယ်လို့ ပြောပါတယ်။ ကိုဗစ် – ၁၉ကြောင့် ပိတ်ထားရတဲ့ကျောင်းတွေ ပြန်ဖွင့် မဖွင့်ကတော့ မသေချာပါဘူး။ ကျောင်းအတော်များများဟာ ပုံမှန်အတိုင်းပြန်ဖွင့်ဖို့ မသေချာသေးတဲ့အတွက် အွန်လိုင်းပေါ်ကပဲ သင်ကြားဖို့ လိုအပ်နေပါတယ်။

## အဓိကရည်ရွယ်ချက်

ပြင်သစ် သိပ္ပံကောင်စီကတော့ ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်ကို အကြံပေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ဒုတိယလှိုင်းရိုက်ခတ်မှုဟာ ပိုပြီးပြင်းထန်နိုင်တယ်လို့ သတိပေးမှုတွေ လုပ်ဆောင်ခဲ့ပါတယ်။ ပါရီမြို့နဲ့ မာဆေးလ်မြို့ ဧရိယာတစ်ဝိုက်ကို ကူးစက်မှုမြင့်တဲ့နေရာတွေအဖြစ် ကြေညာထားပါတယ်။ နှာခေါင်းစည်း တပ်ဆင်ခြင်းဟာ ကိုဗစ် – ၁၉ ထိန်းချုပ်ဟန့်တားရေးအတွက် အစိတ်အပိုင်းတစ်ခုပါပဲ။ အခုအခါမှာတော့ ပြင်သစ်နိုင်ငံမှာ နှာခေါင်းစည်းလည်း လုံလုံလောက်လောက်ရှိနေပါပြီ။ ပြင်သစ်ပြည်သူတွေဟာ ဗိုင်းရပ်စ်ကူးစက်မှုကြားမှာ ဘယ်လိုရှင်သန်ရမလဲဆိုတာနဲ့လည်း အသားကျပြီးသားဖြစ်တာကြောင့် အစိုးရဟာ လိုအပ်တဲ့ တင်းကျပ်မှုတွေကို ပြုလုပ်နေပါတယ်။ အဓိကရည်ရွယ်ချက်ကတော့ ဒေသတွင်း ကူးစက်မှုတွေကို ထိန်းချုပ်လျှော့ချသွားနိုင်ဖို့ပါပဲ။ ။**ကိုးကား – နယူးယောက်တိုင်းမ်**

> **“နောက်ထပ်ကူးစက်မှုတွေ ပြန်ဖြစ်လာတာဟာ ဥရောပမှာ ပြင်သစ်တစ်နိုင်ငံတည်းတင် မဟုတ်ပါဘူး။ အခြားဥရောပနိုင်ငံတွေမှာလည်း အလားတူပါပဲ။ စပိန်နိုင်ငံမှာဆိုရင်လည်း ဒေသတွင်း အစုလိုက်ကူးစက်မှုအသစ်တွေ ပြန်လည် ပေါ်ပေါက်လာပါတယ်”**

---

**နိုင်ငံတကာသတင်းတိုထွာ**

## အပူလျှပ်ခြင်းကြောင့် ကိုးရက်တာကာလတွင်း တိုကျိုၱ လူ ၂၆ ဦး သေဆုံး

**တိုကျို ဩဂုတ် ၁၈**

ဂျပန်နိုင်ငံတွင် ပြင်းထန်သည့် အပူလှိုင်းဝင်ရောက်လျက်ရှိရာ တိုကျိုမြို့ဧရိယာတစ်ဝိုက်တွင် ကိုးရက်တာကာလအတွင်း လူ ၂၆ ဦး သေဆုံးခဲ့ရသည်ဟု အာဏာပိုင်များက ပြောသည်။

သေဆုံးသူများတွင် ၇၀ ရာခိုင်နှုန်းမှာ အသက် ၇၀ နှင့်အထက်များဖြစ်သည်ဟု ဆေးဘက်ဆိုင်ရာ စစ်ဆေးသူများက ပြောသည်။ တိုကျိုမြို့တွင် ယခုလအတွင်း အပူလျှပ်ခြင်းကြောင့် သေဆုံးသူစုစုပေါင်းမှာ ၇၉ ဦးအထိ ရှိလာပြီဖြစ်သည်။

လေအေးပေးစက်များ၏ အန္တရာယ်ကို ကျန်းမာရေးအာဏာပိုင်များက သတိပေးထားပြီး မကြာခဏ ရေသောက်ပေးရန်လည်း အကြံပြုထားကြသည်။

**အင်န်အိတ်ချ်ကေ**

## ဖိလစ်ပိုင်၌ စီးပွားရေး ထိခိုက်မှုကြောင့် အသွားအလာပိတ်ဆို့ကန့်သတ်မှုကို ဖြေလျှော့ပေး

**မနီလာ ဩဂုတ် ၁၈**

ဖိလစ်ပိုင်နိုင်ငံတွင် ဩဂုတ် ၁၉ ရက်မှ စတင်ကာ မြို့တော်မနီလာဝန်းကျင်တွင် အသွားအလာပိတ်ဆို့ကန့်သတ်ထားမှုများကို ဖြေလျှော့ပေးတော့မည်ဟု သိရသည်။ ပြည်တွင်းစီးပွားရေးအခြေအနေကို ပြန်လည်ထိန်းသိမ်းနိုင်ရေးအတွက် အသွားအလာပိတ်ဆို့ကန့်သတ်မှုကို ဖြေလျှော့ပေးခြင်းဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံအတွင်း ကူးစက်မှုတိုးလာနေသည့်ကြားမှ ယခုလိုဖြေလျှော့မှုများ ပြုလုပ်ခြင်းဖြစ်သည်။ ကိုဗစ်–၁၉ ကြောင့် ကမ္ဘာအနှံ့ စီးပွားရေးများ ကျဆင်းရပြီး လူပေါင်းများစွာ အလုပ်လက်မဲ့ဖြစ်ရသည်ဟု ဖိလစ်ပိုင်သမ္မတ ရိုဒရီဂို ဒူတာတေးက ဩဂုတ် ၁၇ ရက်က ရုပ်မြင်သံကြားမိန့်ခွန်းတွင် ပြောကြားခဲ့သည်။ အသွားအလာပိတ်ဆို့ ကန့်သတ်ထားမှုကြောင့် ထိခိုက်နစ်နာရသည့် ကုမ္ပဏီများနှင့် ပြည်သူများအား နစ်နာကြေးများ ထပ်မပေးနိုင်တော့ကြောင်း သမ္မတက ပြောကြားခဲ့သည်။ ဧပြီလမှ ဇွန်လတွင်း ဖိလစ်ပိုင်နိုင်ငံ၏ ဂျီဒီပီသည် ၁၆ ဒသမ ၅ ရာခိုင်နှုန်း ကျုံ့သွားခဲ့သည်။ ဇွန်လမှ စတင်ကာ တိုင်းပြည်အတွင်း အသွားအလာပိတ်ဆို့ကန့်သတ်မှုများကို တဖြည်းဖြည်းချင်း ဖြေလျှော့ပေးခဲ့သည်။ သို့သော်လည်း ကူးစက်မှုတိုးနေသည့်အတွက် မနီလာနှင့် အခြားသော ပြည်နယ်လေးခုတွင်မူ ကန့်သတ်မှုများ တင်းတင်းကျပ်ကျပ် ပြုလုပ်ခဲ့သည်။ ယခုအခါ အဆိုပါဒေသများမှ စီးပွားရေးလုပ်ငန်းများသည် ဩဂုတ် ၁၉ ရက်မှစတင်ကာ ပုံမှန်အတိုင်း စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ဆောင်နိုင်တော့မည်ဟု သိရသည်။ **အင်န်အိတ်ချ်ကေ**

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံး တစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှု စစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့် မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**၈၁**

**ရက်သာ**

**လိုတော့သည်။**

## ရန်ကုန်တိုင်းဒေသကြီး၌ မဲစာရင်းလာရောက် ကြည့်ရှုသူ ၁၆ သိန်း ၆ သောင်းကျော်ရှိ

**ရန်ကုန် ဩဂုတ် ၁၈**

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်များစာရင်းကို ပထမအကြိမ် ထုတ်ပြန်ကြေညာခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး၌ မဲစာရင်းလာရောက်ကြည့်ရှုသူ ၁၆ သိန်း ၆ သောင်းကျော်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှ သိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် မဲဆန္ဒရှင်စာရင်းများကို ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၇ ရက်အထိ ကပ်ထားကြေညာခဲ့ပြီး မဲဆန္ဒရှင်များ အချိန်ပိုမိုရရှိစေရန်အတွက် ဩဂုတ် ၁၄ ရက်အထိ ထပ်မံတိုးမြှင့် ကြေညာခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပထမအကြိမ် ထုတ်ပြန်ကြေညာသော မဲဆန္ဒရှင်စာရင်း ၅၆ သိန်းကျော်ရှိပြီး လာရောက်ကြည့်ရှုသူမှာ ၁၆ သိန်း ၆ သောင်းကျော်ရှိကြောင်း သိရသည်။ ထို့ပြင် မဲစာရင်းတွင် အမည်ပါဝင်ရန် ပုံစံ(၃)ဖြင့် တောင်းဆိုမှု နှစ်သိန်းလေးသောင်းကျော်ရှိပြီး မပါဝင်သင့်သူများ ပါဝင်နေမှုကြောင့် ပုံစံ(၄) ဖြင့် တင်ပြမှု သုံးသောင်းကျော်ရှိကာ အချက်အလက်များ ပြင်ဆင်မှုအတွက် ပုံစံ(၄-က)ဖြင့် တင်သွင်းသူ တစ်သိန်းကျော်ရှိကြောင်း သိရသည်။




မဲဆန္ဒရှင်များ၏ တောင်းဆိုလွှာ၊ ကန့်ကွက်လွှာ၊ ပြင်ဆင်လွှာများနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကြည်မြင့်က "ကျွန်တော်တို့အနေနဲ့ အချိန်မီတင်တာ၊ ပြင်တာနဲ့ပတ်သက်ပြီး မြို့နယ်၊ ရပ်ကွက်အဆင့်တွေမှာ ချက်ချင်းနိုင်သလောက် ဆောင်ရွက်နေပါတယ်။ ဒါတွေက အောက်တိုဘာလအတွင်းမှာ ဒုတိယအကြိမ် ကပ်လို့ရှိရင် စာရင်းအပြည့်အစုံ အမှန်ထွက်လာပါလိမ့်မယ်။ ထပ်မံကြေညာတဲ့အခါမှာ အခုလိုပဲ တစ်အိမ်ထောင် မိသားစုတစ်စုကို တစ်ယောက်နှုန်းလောက် မိမိမိသားစုအဖွဲ့ဝင်တွေ၊ မဲဆန္ဒပေးပိုင်ခွင့်ရှိတဲ့ သူတွေ ပါလား၊ မပါဘူးလားဆိုတာကို သွားရောက်ကြည့်ရှုစေချင်ပါတယ်။ ဒီကြားထဲ ရပ်/ကျေးကော်မရှင်ရုံးတွေမှာ သွားရောက်ပြီး အခုကတည်းက ပြုပြင်ဆောင်ရွက်လို့ ရပါတယ်" ဟု ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မဲဆန္ဒရှင်များစာရင်းပြုစုရာတွင် ရှေးဦးစွာ ၂၀၁၉ ခုနှစ် လူဦးရေစာရင်းကို ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများအတွင်း ကောက်ခံခဲ့ပြီး လူဦးရေစာရင်းရှိ အသက် ၁၈ နှစ်အထက်ကို မဲဆန္ဒရှင်စာရင်းအဖြစ် ပြုစုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ လူဦးရေစာရင်းကောက်ယူရာတွင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာမြို့နယ်ဦးစီးမှူးရုံး၊ ရပ်ကွက်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ ပူးပေါင်းကာ ကောက်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် အောက်တိုဘာလတွင် ဒုတိယအကြိမ်ထုတ်ပြန်မည့် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးဆောင်ကာ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်အဆင့်ပံ့ပိုးကူညီရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ - လင်းညွန့်**

## ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာန တည်ရှိရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက် အရောက်ပေးပို့သွားရန်၊
- ✤ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက် အရောက်ပေးပို့ရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်၊
- ✤ ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

**ရွေးကောက်ပွဲများသည်-**

- ➤ ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ➤ ဒီမိုကရေစီ ရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ➤ ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မ ဖြစ်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ (ဓ) အရ သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို လာရောက်တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

**ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့ . . .**

# ပြည်ပ ပို့ကုန်အသစ် ဆန်းသစ်တီထွင်



ငါးပုစွန်ကဏ္ဍတွင် ပြည်ပက မသိသေးသည့် ငါးမျိုးများကို ပြည်ပက သိရှိအောင်၊ လိုချင်အောင်၊ တောင်းဆိုချက်များ များလာအောင် လုပ်နိုင်မည်ဆိုပါက အကျိုးအမြတ် ရှိနိုင်ပါကြောင်း၊ မြန်မာနိုင်ငံမှ ထွက်သည့်ပစ္စည်းများသည် တချို့နိုင်ငံတွင် အင်မတန်မှ ဈေးကြီးကြီးဖြင့် ဝယ်ရပါကြောင်း၊ ခရင်းကမာနှင့် ကဏန်းပျော့ဆိုလျှင် အချို့ အနောက်နိုင်ငံများတွင် ရှားပါးပြီး အလွန်ဈေးကြီးပါကြောင်း၊ ယင်းပစ္စည်းမျိုးကို ဆန်းသစ်တီထွင်မှုဖြင့် ကမ္ဘာ့ဈေးကွက်ပေါ်တွင် တိုး၍ရအောင်၊ ပြည်တွင်း၌လည်း နိုင်ငံခြားသားများ စားသည့်အခါ အရသာတွေ့အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်ပပို့ကုန်အနေဖြင့် များစွာတန်ဖိုးရှိသွားနိုင်ပါကြောင်း။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၇-၇-၂၀၂၀ ရက်နေ့တွင် COVID-19 နှင့် သားငါးမွေးမြူထုတ်လုပ်ရေးကဏ္ဍအပေါ် သက်ရောက်မှုများနှင့်စပ်လျဉ်း၍ ပါဝင်ဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေးသတင်းမှ ကောက်နုတ်ချက်)**

## ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနသို့ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ နည်းပညာအထောက်အကူပြုပစ္စည်းများ လွှဲပြောင်းပေးအပ်

**နေပြည်တော် ဩဂုတ် ၁၈**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ နည်းပညာအထောက်အကူပြုပစ္စည်းများ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီခွဲက နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဆန်းဟွာက နည်းပညာအထောက်အကူပြုပစ္စည်းများ လွှဲပြောင်းပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးက နည်းပညာအထောက်အကူပြုပစ္စည်းများ လွှဲပြောင်းပေးအပ်ရာ ဒုတိယဝန်ကြီးက လက်ခံရယူပြီး (ဝဲပုံ) ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယခုလှူဒါန်းသည့် Samsung Tablet များအား နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသအသီးသီး၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းစဉ်များ၊ အုပ်ချုပ်ရေးနှင့် ဒေသဆိုင်ရာ အချက်အလက်များ ကောက်ယူခြင်းလုပ်ငန်းစဉ်များတွင် အသုံးပြုနိုင်ရေးအတွက် ပြည်နယ်၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အသီးသီးရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများသို့ ဆက်လက်ဖြန့်ဝေပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြဝတီမြို့ မြန်မာ-ထိုင်းအမှတ် (၂) ချစ်ကြည်ရေးတံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၃၃၁ ဦး ဆက်လက်ဝင်ရောက်

**မြဝတီ ဩဂုတ် ၁၈**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၃၃၁ ဦးသည် မြဝတီမြို့ မြန်မာ-ထိုင်းအမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့တွင် ဆက်လက်ဝင်ရောက်လာကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင် / မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ၃၁ ရက်အထိ ၁၈၅၉၇ ဦး၊ ဩဂုတ် ၁ ရက်မှ ၁၈ ရက်အထိ ၁၀၃၅၅ ဦး စုစုပေါင်း ၆၅၉၆၈ ဦး ပြန်လည်ဝင်ရောက်ပြီး ဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အမျိုးသား ၁၉၇ ဦး၊ အမျိုးသမီး ၁၃၄ ဦး စုစုပေါင်း ၃၃၁ ဦးဖြစ်ပြီး သက်ဆိုင်ရာ အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## ထိုင်းနိုင်ငံရှိ လူကုန်ကူးမှုတိုက်ဖျက်ရေးဌာန၊ ဂေဟာများနှင့် လူငယ်သင်တန်းကျောင်းတို့တွင် လက်ခံစောင့်ရှောက်ထားသည့် မြန်မာနိုင်ငံသား ၃၆ ဦးအား ပြန်လည်လွှဲပြောင်းလက်ခံရေး အကြိုညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၁၈**

ထိုင်းနိုင်ငံ၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူထုလုံခြုံရေးဝန်ကြီးဌာန၊ လူကုန်ကူးမှုတိုက်ဖျက်ရေးဌာနနှင့် ကလေးနှင့်လူငယ်ဦးစီးဌာနတို့လက်အောက်ရှိ ဂေဟာများနှင့် လူငယ်သင်တန်းကျောင်းတို့တွင် လက်ခံစောင့်ရှောက်ထားသည့် မြန်မာနိုင်ငံသား ၃၆ ဦးအား ဩဂုတ် ၂၈ ရက်တွင် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၂) (မြဝတီ-မဲဆောက်)၏ ထိုင်းနိုင်ငံဘက်တွင် လွှဲပြောင်းလက်ခံနိုင်ရန်အတွက် အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ပြန်လည်ထူထောင်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။ **(ယာပုံ)**

အစည်းအဝေးတွင် ထိုင်းနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးဥပဒေအရ ထိုင်းနိုင်ငံမှ လူကုန်ကူးခံရသူအဖြစ် စိစစ်ဖော်ထုတ်သတ်မှတ်ခဲ့သည့် လူကုန်ကူးခံရသူ ၃၂ ဦးနှင့်ကလေး သူငယ်အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များအရ ကာကွယ်စောင့်ရှောက်ရန်လိုအပ်သူအမျိုးသားကလေး လေးဦးအား ဩဂုတ် ၂၈ ရက်၌




မြန်မာ-ထိုင်းချစ်ကြည်ရေးတံတားအမှတ်(၂) (မြဝတီ-မဲဆောက်)၏ ထိုင်းနိုင်ငံဘက်တွင် နှစ်နိုင်ငံတာဝန်ရှိသူများက လွှဲပြောင်းလက်ခံခြင်း၊ နေရပ် ပြန်လည်ပို့ဆောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်သည့် စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရေး၊ လူကုန်ကူးခံရသူများအား ထောက်ပံ့ကူညီပေးရေးတို့ကို သက်ဆိုင်ရာဌာနအလိုက် အသေးစိတ်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ကောင်စစ်ရေးရာနှင့် ဥဒေရေးရာဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန၊ ကုသရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ UNICEF, IOM, World Vision နှင့် Save the Children တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိ ထိုင်းနိုင်ငံမှ ပြန်လည်လွှဲပြောင်းပေးခဲ့သည့် လူကုန်ကူးခံရသူစုစုပေါင်း ၁၅၃ ဦးရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၃၇၇၄၉ | ၃၇၆ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၃၃၁ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၇၀၈၅

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၃၂၈ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၈၇ | ၅ |
| ၂ | ချင်း | ၁၇ | |
| ၃ | ရခိုင် | ၁၇ | |
| ၄ | ပဲခူး | ၉ | ၁ |
| ၅ | စစ်ကိုင်း | ၉ | |
| ၆ | မွန် | ၇ | |
| ၇ | ကရင် | ၅ | |
| ၈ | ရှမ်း(တောင်) | ၄ | |
| ၉ | မန္တလေး | ၄ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ရှမ်း(ရှေ့) | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၂ | |
| | စုစုပေါင်း | ၃၇၆ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၈-၈-၂၀၂၀ ရက်၊ ည (၈) နာရီ

## လွှတ်တော်အစည်းအဝေးများသို့ တက်ရောက်မည့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိမှု မရှိ

**နေပြည်တော် ဩဂုတ် ၁၈**

လွှတ်တော်အစည်းအဝေးများသို့ တက်ရောက်မည့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိမှု မရှိကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေးများသို့ တက်ရောက်မည့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအား ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ကျန်းမာရေး စစ်ဆေးခြင်း၊ ဓာတ်ခွဲစစ်ဆေးရန်အတွက် ဓာတ်ခွဲနမူနာများရယူပြီး နေပြည်တော် တပ်မတော် ဆေးရုံကြီးရှိ Cobas 6800 ရောဂါရှာဖွေစက်ဖြင့် ဩဂုတ် ၁၇ ရက်တွင် စစ်ဆေးခဲ့ရာ ယင်းတပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၁၆၆ ဦးတို့တွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိမှု မရှိ (မရှိ) ကြောင်း ဖော်ပြပါရှိသည်။

**သတင်းစဉ်**

## ၁၈-၈-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၆၁၃၃၅၇ | ၂၉၇၄၇၈၈ | ၁၇၃၇၇၈ |
| ၂။ | ဘရာဇီး | ၃၃၆၃၂၃၅ | ၂၄၇၈၄၉၄ | ၁၀၈၆၅၄ |
| ၃။ | အိန္ဒိယ | ၂၇၂၄၆၄၂ | ၁၉၉၇၉၁၈ | ၅၂၁၅၃ |
| ၄။ | ရုရှား | ၉၃၂၄၉၃ | ၇၄၂၆၂၈ | ၁၅၈၇၂ |
| ၅။ | တောင်အာဖရိက | ၅၈၉၈၈၆ | ၄၇၇၆၇၁ | ၁၁၉၈၂ |
| ၆။ | ပီရူး | ၅၄၁၄၉၃ | ၃၇၀၇၁၇ | ၂၆၄၈၁ |
| ၇။ | မက္ကဆီကို | ၅၂၅၇၃၃ | ၃၅၉၃၄၇ | ၅၇၀၂၃ |
| ၈။ | ကိုလံဘီယာ | ၄၇၆၆၆၀ | ၃၀၁၅၂၅ | ၁၅၃၇၂ |
| ၉။ | ချီလီ | ၃၈၇၅၀၂ | ၃၆၀၃၈၅ | ၁၀၅၁၃ |
| ၁၀။ | စပိန် | ၃၈၂၁၄၂ | မိစစ်ဆဲ | ၂၈၆၄၆ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၈- ၈ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဖိလစ်ပိုင် | ၁၆၉၂၁၃ | ၁၁၂၈၆၁ | ၂၆၈၇ |
| အင်ဒိုနီးရှား | ၁၄၃၀၄၃ | ၉၆၃၀၆ | ၆၂၇၇ |
| စင်ကာပူ | ၅၅၉၃၈ | ၅၂၃၅၀ | ၂၇ |
| မလေးရှား | ၉၂၁၉ | ၈၉၀၂ | ၁၂၅ |
| ထိုင်း | ၃၃၈၁ | ၃၁၉၈ | ၅၈ |
| ဗီယက်နမ် | ၉၈၉ | ၅၂၀ | ၂၅ |
| မြန်မာ | ၃၇၆ | ၃၃၁ | ၆ |
| ကမ္ဘောဒီးယား | ၂၇၃ | ၂၃၈ | ၀ |
| ဘရူနိုင်း | ၁၄၂ | ၁၃၉ | ၃ |
| လာအို | ၂၂ | ၁၉ | ၀ |

# ကိုဗစ်-၁၉ တိုက်ဖျက်ရေး အထူးအစည်းအဝေးပြုလုပ်နိုင်ရေးအတွက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ ကြိုတင်ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၁၈**

အာဆီယံကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် ကိုဗစ်-၁၉ တိုက်ဖျက်ရေး အထူးအစည်းအဝေး ကျင်းပနိုင်ရေးအတွက် အာဆီယံ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် Video Conferencing စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ အာဆီယံကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ (SOMRDPE) အလှည့်ကျဥက္ကဋ္ဌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က ယနေ့ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ကူးစက်ရောဂါအကျိုးဆက်ကြောင့် မိမိတို့ SOMRDPE မှ ဆောင်ရွက်နေသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေး လုပ်ငန်းများတွင် ထိခိုက်မှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ မိမိတို့ SOMRDPE Focal Point များအားလုံးအနေဖြင့်လည်း ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါအား တိုက်ဖျက်နိုင်ရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးနှင့် ပြည်သူလူထု၏ တုံ့ပြန်နိုင်စွမ်းအားမြှင့်တင်နိုင်ရေးတို့အတွက် အချိန်နှင့်တစ်ပြေးညီ ထိရောက်စွာ အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မိမိတို့ မြန်မာနိုင်ငံအနေဖြင့်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ Assistant Director ဖြစ်သူ Dr.Sita Sumrit တို့က အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် ကိုဗစ်-၁၉ တိုက်ဖျက်ရေး အထူးအစည်းအဝေးကျင်းပနိုင်ရေး လိုအပ်သည်များ အကြံပြုဆွေးနွေးပြောကြားကြသည်။



အဆိုပါ အာဆီယံကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် ကိုဗစ်-၁၉ တိုက်ဖျက်ရေး အထူးအစည်းအဝေးပြုလုပ်နိုင်ရေးအတွက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ ကြိုတင်ညှိနှိုင်းအစည်းအဝေးကို အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု ပပျောက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၈–၈–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ**

၁။ (၁၇–၈–၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၇၀၈) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၅၆) ခုနှင့်
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၉၄) ခု
- စုစုပေါင်း ဓာတ်ခွဲနမူနာ (၁၀၅၈)ခုအား စစ်ဆေးပြီးစီးခဲ့ရာ –
- • COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ သို့ဖြစ်ရာ (၁၇–၈–၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲ နမူနာ (၁၀၈၄) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၀၂) ခု
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၇၈) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၅၆) ခုနှင့်
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၉၄) ခု
- စုစုပေါင်း (၁၇၁၄)ခုအား စစ်ဆေးပြီးစီးခဲ့ရာတွင် –
- • COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိရပါသည်။ (အဆိုပါ လူနာသစ်(၁)ဦး၏ သတင်းအား (၁၇–၈–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ သတင်းတွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။)

၃။ (၁၈–၈–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၃၇၆) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက်**

**ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၁၈-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၁၇-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ထပ်မံဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၇၀၈) ခု |
| (၁၇-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၅၆) ခု |
| (၁၇-၈-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁,၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၉၄) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

# COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၈–၈–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

၁။ (၁၈–၈–၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၂၈၀)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၂၀) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၇၈) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၅၆) ခု၊
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၂၁၆) ခု၊
- စုစုပေါင်း (၁၀၅၀)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ –
- • COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ (၁၈–၈–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၃၇၆) ဦး ရှိပြီဖြစ်ပါသည်။

၃။ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ စုစုပေါင်း (၃၃၁) ဦးရှိပါသည်။ ၎င်းတို့အနက် (၃၂၈) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၁၇–၈–၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၈–၈–၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၂၇) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၁၈-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၁၈-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၈၀) ခု |
| (၁၈-၈-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၂၀) ခု |
| (၁၈-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၇၈) ခု |
| (၁၈-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၅၆) ခု |
| (၁၈-၈-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၁၆) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၁၈-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၃၇၆) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၃၃၁) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

## ကန်ကြီးထောင့်၌ ကျေးရွာမတည်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် သရက်ချောင်းကျေးရွာအား ချေးငွေများထုတ်ချေးပေး

**ကန်ကြီးထောင့် ဩဂုတ် ၁၈** ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ် ကိုဗစ်–၁၉ ကာလ စီးပွားရေးကုစားမှု အစီအစဉ်အရ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (Village Revolving Fund Project–VRFP) အကောင်အထည်ဖော်ဆောင်ရွက်မည့် သရက်ချောင်းကျေးရွာသို့ ဩဂုတ် ၁၇ ရက် မွန်းလွဲ ၁ နာရီက စီမံကိန်းရန်ပုံငွေများ ကွင်းဆင်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းရန်ပုံငွေများ ထုတ်ချေးရာတွင် အိမ်ခြေ ၁၀၃ အိမ်၊ အိမ်ထောင်စု ၁၀၃ စုရှိသည့် ကွင်းယားအရှေ့ကျေးရွာအုပ်စု သရက်ချောင်းကျေးရွာမှ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျေးရွာကုန်ထုတ်လုပ်ငန်း၊ အသေးစား ရောင်းဝယ်ရေးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်မည့် အိမ်ထောင်စု ၇၇ စု အတွက် ငွေကျပ်သိန်း ၃၀၀ ကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အကြီးတန်းစာရေး ဒေါ်စိုးသန္တာ ဦးဆောင်သောအဖွဲ့က ကိုဗစ်–၁၉ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကျေးလက်နေ ပြည်သူများ ကိုဗစ်–၁၉ ကာလအတွင်း ဝင်ငွေလျော့နည်းလာမှုများနှင့် စားဝတ်နေရေးအခက်အခဲများအပေါ် ကုစားနိုင်ရန်အတွက် ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ ကျေးရွာ ရှစ်ရွာတွင် အလုပ်ပေးငွေပေး စီမံကိန်းနှင့် ကျေးရွာနှစ်ရွာတွင် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) တို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**နိုင်လင်း(KGD)**

◆ *ကျောဖုံးမှ*

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေး စိစစ်ရေးနှင့် (၂၁)ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ မြန်မာနိုင်ငံသား စုစုပေါင်း ၁၁၂၄၇ ဦးအား ကယ်ဆယ်ရေးလေယာဉ်/ အထူးလေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုကျိုမှ ရန်ကုန်သို့ ကယ်ဆယ်ရေးလေယာဉ် သုံးကြိမ် ပျံသန်းမည်

**ရန်ကုန် ဩဂုတ် ၁၈**

ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လာရန် ဆန္ဒရှိသော မြန်မာနိုင်ငံသားများအတွက် ဂျပန်နိုင်ငံ နာရီတာမှ ရန်ကုန်မြို့သို့ ဩဂုတ် ၂၇ ရက်၊ စက်တင်ဘာ ၃ ရက်နှင့် စက်တင်ဘာ ၁၀ ရက်များတွင် ကယ်ဆယ်ရေးလေယာဉ်ဖြစ်သည့် All Nippon Airways(ANA လေကြောင်းလိုင်း) ဖြင့် ပျံသန်းရန်စီစဉ်ထားကြောင်း ရန်ကုန်မြို့ရှိ ဂျပန်သံရုံးမှ သိရသည်။

အဆိုပါ ANA လေကြောင်းလိုင်း၏ အပြန်ခရီးစဉ်တွင် ရန်ကုန်မြို့မှ ဂျပန်နိုင်ငံသို့ မြန်မာနိုင်ငံသားများ လိုက်ပါနိုင်ရန် ဩဂုတ် ၂၈ ရက်၊ စက်တင်ဘာ ၄ ရက်နှင့် စက်တင်ဘာ ၁၁ ရက်များတွင် ANA လေကြောင်းလိုင်းယာဉ်အမှတ် NH 814 ဖြင့် ပျံသန်းမည်ဖြစ်သည်။ ရန်ကုန်မြို့မှ ၉ နာရီ ၄၅ မိနစ်တွင် ထွက်ခွာပြီး ဂျပန်နိုင်ငံ တိုကျိုမြို့နာရီတာ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ နောက်တစ်နေ့ နံနက် ၇ နာရီတွင် ဆိုက်ရောက်မည်ဖြစ်သည်။

ကယ်ဆယ်ရေးလေယာဉ်၌ ဂျပန်နိုင်ငံသားများတွင် သက်တမ်းကျန်ရှိနေသည့် ပြည်ပြန်ဝင်ခွင့် ခွင့်ပြုချက်၊ အထူးပြည်ပြန်ဝင်ခွင့် ခွင့်ပြုချက်အပါအဝင် ဂျပန်နိုင်ငံမှ ထွက်ခွာလာသည့် မြန်မာနိုင်ငံသားများ စီးနင်းလိုက်ပါနိုင်မည်ဖြစ်သည်။ လက်ရှိအချိန်အထိ ထုတ်ပေးထားသည့် တစ်ကြိမ် ပြည်ဝင်ခွင့်နှင့် အကြိမ်ကြိမ်ပြည်ဝင်ခွင့် ဗီဇာများ၏ အကျိုးသက်ရောက်မှုကို ဩဂုတ်လကုန်အထိ ရပ်ဆိုင်းထားသည့် ရပ်ဆိုင်းထားခြင်းကို စက်တင်ဘာလကုန်အထိ သက်တမ်းတိုးပါက မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးက ထုတ်ပေးထားသည့် ဂျပန်ပြည်ဝင်ခွင့်ဗီဇာကို အသုံးပြု၍ ယခုလေယာဉ်ဖြင့် စီးနင်းလိုက်ပါကာ ဂျပန်နိုင်ငံသို့ ဝင်ရောက်နိုင်မည်မဟုတ်ကြောင်း သိရသည်။

ထို့ပြင် ဂျပန်နိုင်ငံသို့ ဝင်ရောက်သည့်အခါ ပြည်ဝင်ခွင့်စစ်ဆေးမှုရလဒ်အရ ပြည်ဝင်ခွင့် ငြင်းပယ်ခံရခြင်းကို ရှောင်ရှားနိုင်ရန် ဖော်ပြပါလေယာဉ်ဖြင့် လိုက်ပါလိုသူများသည် ရန်ကုန်မြို့ရှိ ဂျပန်သံရုံးကောင်စစ်ဌာနနှင့် ဆက်သွယ်တိုင်ပင်စေလိုကြောင်း ဖော်ပြထားသည်။ ရောဂါကာကွယ်ရေးစီမံချက်အရ မြန်မာနိုင်ငံမှ လာရောက်သည့် မည်သည့်နိုင်ငံသားမဆို မိမိနေအိမ်၊ သီးသန့်နေရာများတွင် ၁၄ ရက်ကြာ နေထိုင်ရမည်ဖြစ်သည်။ မရှင်းလင်းသည့်အချက်များကို မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးကောင်စစ်ဌာန ဖုန်း(၀၁-၅၄၉၆၄၄)မှ (၀၁-၅၄၉၆၄၈) အတွင်းရှိ ဖုန်းများနှင့် အီးမေးလ် royji @ yn. mofa. go.jp သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

အောင်သူရ

# မဲစာရင်းများ မှန်ကန်မှုရှိစေရေး သန်လျင်၌ ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၁၈**



ရန်ကုန်တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဒေါ်မိုးမိုးစုကြည်သည် ဩဂုတ် ၁၆ ရက်က သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးက နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူများ ကျန်ရှိမှု မရှိစေရေး၊ အောက်ခြေရပ်ကွက်နှင့် ကျေးရွာအုပ်စုများတွင် တာဝန်ယူ ဆောင်ရွက်နေကြသည့် တာဝန်ရှိ အဖွဲ့အစည်းများအနေဖြင့် ကြိုးပမ်း ဆောင်ရွက်ပေးကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင် (တောင်ပိုင်းခရိုင်တာဝန်ခံ) ဦးကျော်မိုးကြည်နှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ၊ တာဝန်ရှိသူများက မဲစာရင်းများ မှန်ကန်ရေး၊ ကျန်ရှိမှုမဖြစ်ပေါ်ရေးတို့အတွက် ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် သန်လျင်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် ပြည်သူများ ကျန်ရှိမှု မဖြစ်စေရေး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက ရပ်ကွက်၊ ကျေးရွာ တာဝန်ရှိအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အိမ်တိုင်ရာရောက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သန်းဝင်း(သန်လျင်)




**အကူအညီ တောင်းခံနိုင်**

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၈ - ၈ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၃၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၅၁၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၃၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၅၁၇၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၄၀/၅၉၀ | ကျပ် | ၅၇၅/၅၈၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၅၀/၆၀၀ | ကျပ် | ၅၉၀/၆၀၀ | ကျပ် |
| အောက်တိန်း ၉၂ | ၄၉၀/၅၂၅ | ကျပ် | ၅၅၅/၅၇၀ | ကျပ် |
| အောက်တိန်း ၉၅ | ၆၂၀/၆၅၀ | ကျပ် | ၆၈၀/၇၁၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၆၁ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၁၉ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၇ . ၀၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၉၁ . ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၈၉ . ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၈၄ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၆ . ၅၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၂၁၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၄ . ၈၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၅ . ၁၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၆၈၅ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၁၀၀၀၀ | ၂၅၉၈ | ၂၆၀၈၀၀၀၀ |
| MTSH | ၃၇၅၀ | ၃၇၅၀ | ၁၆၃၁ | ၆၁၁၆၂၅၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၆ | ၄၈၀၀၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၂၀ | ၄၄၀၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၁ | ၂၇၅၀ |
| EFR | ၃၀၅၀ | ၃၀၅၀ | ၆ | ၁၈၃၀၀ |

ခင်ရတနာ - စုစည်းသည်

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း | - | ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

ဥပဒေအတွေးရေးပါရစေ အပိုင်း(၂၃၁)

# ပြစ်မှုမမြောက်သော ကာကွယ်ခုခံပိုင်ခွင့်



ဦးဟန်ညွန့် (ဥပဒေ)

**စိတ်ပေါ့သွပ်သူ၏ ပြုလုပ်မှု**

ပြီးခဲ့သောအပတ်က စိတ်ပေါ့သွပ်သူ၏ပြုလုပ်မှုအကြောင်းကို ရေးသားခဲ့ပြီးဖြစ်သည်။ ဆိုလိုရင်းမှာ ရာဇသတ်ကြီးပုဒ်မ၈၄၏ အဓိကအနှစ်သာရဖြစ်သော စိတ်ပေါ့သွပ်ခြင်းကြောင့် ပြုစဉ်အခါက မိမိ၏ပြုလုပ်မှုသည် မည်သို့သဘောရှိသည်ကိုလည်းကောင်း၊ မတော်မမှန်သည်ကိုလည်းကောင်း၊ ဥပဒေနှင့်ဆန့်ကျင်သည်ကိုလည်းကောင်း မသိနိုင်သော သူ၏ ပြုလုပ်မှုသည် ပြစ်မှုမမြောက်ဟု ပြဋ္ဌာန်းထားခြင်းပင် ဖြစ်သည်။

**ကာကွယ်ခုခံပိုင်ခွင့်**

ယခုအပတ်တွင် စိတ်ပေါ့သွပ်သူ(Person of Unsound mind) စသည်တို့၏ ပြုလုပ်မှုကို တားဆီးရန် ကာကွယ်ခုခံပိုင်ခွင့်အကြောင်းကို ဆွေးနွေးတင်ပြလိုပါသည်။

**ရာဇသတ်ကြီးပုဒ်မ ၉၈**

ပုဒ်မ ၉၈ တွင်ပြုလုပ်မှုတစ်ခုသည် အသက်ငယ်ခြင်း၊ အမြော်အမြင်၊ အဆင်အခြင် မပြည့်စုံသေးခြင်း၊ စိတ်ပေါ့သွပ်ခြင်း၊ မူးယစ်ခြင်း၊ ကြောင်းခြင်းရာ အမှန်မသိခြင်း တစ်ခုခုကြောင့်သာ ထိုပြုလုပ်မှုကို ပြုသူအတွက် ပြစ်ဒဏ်မထိုက်သော်လည်း မည်သူမဆို ထိုပြုလုပ်မှုကို တားဆီးရန် ပြစ်မှုမြောက်သော ပြုလုပ်မှုဖြစ်ဘိသကဲ့သို့ ကာကွယ်ခုခံပိုင်ခွင့်ရှိသည်ဟူ၍ဖြစ်သည်။

**ဥပမာ**

(က) မောင်မဲသည် ရူးသွပ်နေခိုက် မောင်ဖြူကို သတ်မည်ဟု အားထုတ်၏။ မောင်မဲ၌ အပြစ်မရှိ။ သို့ရာတွင် မောင်မဲ မရူးသွပ်လျှင် မောင်ဖြူမှာ ကာကွယ်ခုခံပိုင်ခွင့်ရှိသကဲ့သို့ ဤကိစ္စတွင်လည်း ကာကွယ်ခုခံပိုင်ခွင့်ရှိသည်။

(ခ) မောင်ဖြူသည် ဥပဒေနှင့်အညီ ဝင်ခွင့်ရှိသော အိမ်တစ်အိမ်ထဲသို့ ညဥ့်အခါ ဝင်ရောက်၏။ မောင်မဲက မောင်ဖြူကို အိမ်ဖောက်ထွင်းသူဖြစ်မည်ဟု သဘောရိုးနှင့်ထင်၍ မောင်ဖြူအား အန္တရာယ်ပြု၏။ ဤတွင် မောင်မဲမှာ ကြောင်းခြင်းရာ အမှန်ကို မသိခြင်း ကြောင့် မောင်ဖြူအား အန္တရာယ်ပြုသော်လည်း၊ ပြစ်မှုကျူးလွန်ရာမရောက်၊ သို့ရာတွင် မောင်မဲသည် ကြောင်းခြင်းရာအမှန်ကို သိလျက်နှင့် အန္တရာယ်ပြုဘိသကဲ့သို့ မောင်ဖြူမှာ မောင်မဲ၏ အန္တရာယ်ပြုခြင်းကို တားဆီးရန် ကာကွယ်ခုခံပိုင်ခွင့်ရှိသည်။

**အနှစ်သာရ**

ရာဇသတ်ကြီးပုဒ်မ ၉၈ သည် ကာကွယ်ခုခံပိုင်ခွင့်အကြောင်းကို ရေးသားထားခြင်းဖြစ်ကြောင်း အလုပ်သင်ရှေ့နေမောင်ပျင်းရိတို့အဖွဲ့ နားလည်နိုင်ပါသည်။ ရာဇသတ်ကြီးပုဒ်မ ၉၈ သည် စိတ်ပေါ့သွပ်သူ၊ အသက်ငယ်ရွယ်သူ၊ ဆင်ခြင်ဉာဏ်မပြည့်သူနှင့် သူတစ်ပါးတိုက်ကျွေး၍ မူးယစ်သူတို့၏ ပြုလုပ်မှုသည် ပြစ်မှုမမြောက်ကြောင်းနှင့် ၎င်းတို့၏ပြုလုပ်မှုကို ကာကွယ်ခုခံပိုင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းချက်ဖြစ်သည်ကိုလည်း မောင်ပျင်းရိတို့အဖွဲ့ သိရှိနိုင်ပါသည်။

**ကာကွယ်ခုခံပိုင်ခွင့်မရှိသည့်ပြုလုပ်မှုများ**

မောင်ပျင်းရိတို့အနေနှင့် ရာဇသတ်ကြီးပုဒ်မ ၉၉ ကိုလည်းဆက်လက်လေ့လာသင့်ပါသည်။ ရာဇသတ်ကြီးပုဒ်မ ၉၉ ၏အဓိပ္ပာယ်မှာ-

သေဘေးဖြစ်စေရန်သော်လည်းကောင်း၊ အပြင်းအထန်နာကျင်စေရန်သော်လည်းကောင်း စိုးရိမ်လောက်ဖွယ်ရာအကြောင်းယုတ္တိမရှိသော ပြုလုပ်မှုကို ပြည်သူ့ဝန်ထမ်းက ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် သဘောရိုးနှင့်ပြုလုပ်လျှင် သို့မဟုတ် ပြုလုပ်ရန် အားထုတ်လျှင် ထိုသို့ပြုလုပ်ခြင်း၊ အားထုတ်ခြင်းတစ်ခုခုမှာ ဥပဒေအရ ပြုပိုင်ခွင့်အတိအကျမရှိသော်လည်း ထိုပြုလုပ်မှု၊ အားထုတ်မှုတစ်ခုခုကို တားဆီးရန် ကာကွယ်ခုခံပိုင်ခွင့်မရှိ။

သေဘေးဖြစ်စေရန်သော်လည်းကောင်း၊ အပြင်းအထန်နာကျင်စေရန်သော်လည်းကောင်း စိုးရိမ်လောက်ဖွယ်ရာအကြောင်း ယုတ္တိမရှိသော ပြုလုပ်မှုကို ပြည်သူ့ဝန်ထမ်းက ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် သဘောရိုးနှင့်ညွှန်ကြားသည့်အတိုင်း တစ်ဦးတစ်ယောက်က ပြုလုပ်လျှင် သို့မဟုတ် ပြုလုပ်ရန် အားထုတ်လျှင် ထိုညွှန်ကြားချက်မှာ ဥပဒေအရပြုပိုင်ခွင့် အတိအကျမရှိသော်လည်း ထိုပြုလုပ်မှုကို တားဆီးရန် ကာကွယ်ခုခံပိုင်ခွင့်မရှိ။

ပြည်သူ့ဝန်ထမ်း အာဏာပိုင်တို့ထံမှ အကာအကွယ် အစောင့်အရှောက် ရနိုင်ရန် တိုင်တန်းခွင့်အချိန်ရှိသည့် ကိစ္စများတွင် ကာကွယ်ခုခံပိုင်ခွင့်မရှိ။

**ကာကွယ်ခုခံပိုင်ခွင့်ကို မည်မျှဆောင်ရွက်နိုင်ခြင်း**

ကာကွယ်ခုခံရာတွင် ကာကွယ်ခုခံသော သဘောဖြင့် ဘေးအန္တရာယ်ပြုရန် လိုအပ်သည်ထက် ပို၍ပြုခွင့်မရှိ။

**ရှင်းလင်းချက် ၁။** ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် ပြုသော သို့မဟုတ် ပြုရန် အားထုတ်သောသူသည် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု အပြုခံရသူက မသိလျှင် သို့မဟုတ် ယုံကြည်ရန်အကြောင်းမရှိလျှင် ထိုသူသည် ထိုပြည်သူ့ဝန်ထမ်း၏ပြုလုပ်မှုကို သို့မဟုတ် အားထုတ်မှုကို တားဆီးရန် ကာကွယ်ခုခံ ပိုင်ခွင့်ရှိသည်။

**ရှင်းလင်းချက် ၂။** ပြုသူသည် ပြည်သူ့ဝန်ထမ်းတစ်ဦးက ညွှန်ကြားချက်အရ ပြုသည်ကိုသော်လည်းကောင်း၊ အားထုတ်သည်ကိုသော်လည်းကောင်း အပြုခံရသူက မသိလျှင် သို့မဟုတ် ယုံကြည်ရန် အကြောင်းမရှိလျှင် သို့မဟုတ် မည်သည့်အာဏာအရ ပြုကြောင်းကို ပြုသူက မပြောမဆိုလျှင် သို့မဟုတ် အာဏာကို စာဖြင့် ပေးထားရရှိပါလျက် ထိုစာကို တောင်းဆိုသည့်အခါ မပြလျှင် အပြုခံရသူသည် အဆိုပါပြည်သူ့ဝန်ထမ်း၏ ညွှန်ကြားချက်အရ ပြုသည်ကို သို့မဟုတ် အားထုတ်သည်ကို တားဆီးရန် ကာကွယ်ခုခံပိုင်ခွင့်ရှိသည်။

အထက်ပါ ရှင်းလင်းချက်များကို ဖတ်ရှုခြင်းဖြင့် ကာကွယ်ခုခံပိုင်ခွင့်၏ အတိုင်းအတာကို သိရှိနိုင်ပါမည်။ စီရင်ထုံးများလည်းရှိပါသည်။ မောင်ပျင်းရိတို့အဖွဲ့ မပျင်းမရိဘဲ ဆက်လက်ဖတ်ရှုလေ့လာစေချင်ပါသည်။ မရှင်းလင်းသည့်အချက်များရှိလျှင် မေးမြန်းနိုင်ပါသည်။

**ရာဇသတ်ကြီးပုဒ်မ ၉၉ အနှစ်သာရ**






Photo- Internet

ကာကွယ်ခုခံပိုင်ခွင့်ကို အသုံးပြုရာ၌ ပုဒ်မ ၉၉ အရ ကန့်သတ်ထားသည်။ ဤပုဒ်မ၏ ပထမပိုဒ်နှင့် ဒုတိယပိုဒ်တို့မှာ ပြည်သူ့ဝန်ထမ်းများနှင့်သက်ဆိုင်ပြီး တတိယနှင့်စတုတ္ထအပိုဒ်တို့သည် အများပြည်သူနှင့် သက်ဆိုင်သည်။

**ကာကွယ်ခုခံပိုင်ခွင့်၏သဘော**

ကာကွယ်ခုခံပိုင်ခွင့်သည်၊ အတိုင်းအတာမရှိသည့် အခွင့်အရေး မဟုတ်ပေ။ ကာကွယ်ခုခံပိုင်ခွင့်ကို အသုံးချရာ၌ ဤပုဒ်မက ကန့်သတ်ချုပ်ချယ်ထားသည်။ ဤပုဒ်မကို အကြမ်းအားဖြင့် နှစ်ပိုင်းခွဲခြားနိုင်သည်။ ပထမနှင့် ဒုတိယအပိုဒ်တို့မှာ ပြည်သူ့ဝန်ထမ်းများနှင့် သက်ဆိုင်ပြီး၊ တတိယနှင့် စတုတ္ထအပိုဒ်များသည် ပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သည်။ ပြည်သူ့ဝန်ထမ်းတစ်ဦးနှင့် စပ်လျဉ်းသော ပြုလုပ်မှုသည်သဘောရိုးဖြင့် ပြုခြင်းလည်း ဖြစ်ရမည်။ ပြည်သူ့ဝန်ထမ်းအနေဖြင့်လည်း ပြုခြင်းဖြစ်ရမည်။ တိကျစွာ မဟုတ်သော်လည်း ဥပဒေအရ ပြုပိုင်ခွင့်လည်းရှိရမည်။ သို့မှသာ ဤပုဒ်မနှင့် အကျုံးဝင်မည်ဖြစ်သည်။

ဤခေါင်းစဉ်အောက်တွင် သဘောရိုး၊ သေဘေးနှင့် အပြင်းအထန်နာကျင်မှု၊ ပြုပိုင်ခွင့်အတိအကျမရှိခြင်းအကြောင်းများ ဆက်လက်လေ့လာသင့်ပါသည်။

သဘောရိုးဆိုသည်မှာ ထိုက်သင့်သော သတိနှင့် စိတ်အာရုံစိုက်ကာ ပြုခြင်းကိုဆိုလိုသည်။ စေတနာကောင်းဖြင့်သော်လည်းကောင်း၊ ဖြောင့်မတ်စွာသော်လည်းကောင်း ပြုရမည်ဟု အဓိပ္ပာယ်သက်ရောက်ခြင်းမရှိ။ သို့ရာတွင် ပြည်သူ့ဝန်ထမ်းအနေဖြင့် တာဝန်ကို ဥပဒေနှင့်အညီ သတိဝီရိယရှိရှိပြုမှုသာ ပထမအပိုဒ်နှင့် အကျုံးဝင်မည်ဖြစ်သည်။ ဥပမာ- သက်တမ်းကုန်နေသည့် ဝရမ်းဖြင့် ပစ္စည်းကိုဖမ်းလျှင်၊ ယင်းသို့ဖမ်းသော ပြည်သူ့ဝန်ထမ်းသည် သဘောရိုးဖြင့် ပြုသည်ဟုဆိုနိုင်မည် မဟုတ်ချေ။ အလားတူပင် အမျိုးသမီးတစ်ဦးအား အာမခံပေးနိုင်သည့် ဝရမ်းကို အတည်ပြုရာ၌ အာမခံပေးနိုင်ကြောင်း ထုတ်ဖော်ပြောပြခြင်း မပြုသည်သာမက အာမခံပေးရန် အခွင့်အရေးမပေးသည့် ပြည်သူ့ဝန်ထမ်း၏ ပြုလုပ်မှုသည် သဘောရိုးဖြင့် ပြုသည်ဟုဆိုရန် ခဲယဉ်းမည်ဖြစ်သည်။

**စေတနာ**

မောင်ပျင်းရိ လေ့လာသိရှိလိုသော ပြစ်မှုမမြောက်သော ကာကွယ်ခုခံပိုင်ခွင့်အကြောင်း အကျဉ်းမျှရှင်းပြပေးခြင်းပါ။ အကျယ်ကို ဆက်လက်လေ့လာစေလိုကြောင်း တွေးခေါ်မိသော ကျွန်တော်၏စေတနာ ဥပဒေအတွေးမျှသာပါ... ။ ။

> **"ကာကွယ်ခုခံပိုင်ခွင့်သည်၊ အတိုင်းအတာမရှိသည့် အခွင့်အရေး မဟုတ်ပေ။ ကာကွယ်ခုခံပိုင်ခွင့်ကို အသုံးချရာ၌ ဤပုဒ်မက ကန့်သတ်ချုပ်ချယ်ထားသည်။ ဤပုဒ်မကို အကြမ်းအားဖြင့် နှစ်ပိုင်းခွဲခြားနိုင်သည်။ ပထမနှင့်ဒုတိယအပိုဒ်တို့မှာ ပြည်သူ့ဝန်ထမ်းများနှင့် သက်ဆိုင်ပြီး၊ တတိယနှင့် စတုတ္ထအပိုဒ်များသည် ပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သည်"**

နိုင်ငံတကာအနုပညာသတင်းပဒေသာ

## The Crown စီးရီးတွင် ဒိုင်ယာနာအဖြစ် အဲလစ်ဇဘတ် ဒီဘီကီ ပါဝင်သရုပ်ဆောင်မည်

The Crown စီးရီး နောက်ဆုံးအတွဲမှာ ဝေလမင်းသမီး ဒိုင်ယာနာအဖြစ် အဲလစ်ဇဘတ်ဒီဘီကီက ပါဝင်သရုပ်ဆောင်သွားမယ်လို့ Netfilx က တာဝန်ရှိသူတွေက ပြောကြားခဲ့ပါတယ်။

၁၉၉၀နဲ့ ၂၀၀၀ ပြည့်နှစ်ဝန်းကျင်တွေက ဗြိတိန်တော်ဝင်မိသားစုရဲ့ အခြေအနေကို ဖော်ညွှန်းရိုက်ကူးထားတဲ့ The Crown အတွဲ ၅ နဲ့ အတွဲ ၆ တို့မှာ ဩစတြေးလျ ရုပ်ရှင်မင်းသမီးတစ်လက်ဖြစ်တဲ့ အဲလစ်ဇဘတ်က ဒိုင်ယာနာအဖြစ် ပါဝင်သရုပ်ဆောင်သွားမှာပဲ ဖြစ်ပါတယ်။ တော်ဝင်မိသားစုအတွင်း လှုပ်ခတ်မှုအများဆုံး အချိန်ကာလတွေအကြောင်း ရိုက်ကူးပြသသွားမှာပဲ ဖြစ်ပါတယ်။

မင်းသမီးဒိုင်ယာနာနဲ့ ချားလ်မင်းသားတို့ အိမ်ထောင်ရေးပြိုကွဲသွားတဲ့အကြောင်း၊ ၁၉၉၇ ခုနှစ်မှာ မင်းသမီးဒိုင်ယာနာ ပါရီမြို့မှာ ကားတိုက်မှုကြောင့် သေဆုံးသွားတဲ့ အကြောင်းတွေကိုပါ ဇာတ်လမ်းတွဲမှာ ဖော်ပြသွားမှာပါ။ မင်းသမီး ဒိုင်ယာနာရဲ့ စိတ်ဓာတ်၊ အပြုအမူတွေနဲ့စကားလုံးတွေဟာ လူများစွာရဲ့နှလုံးသားထဲမှာ ယနေ့အချိန်အထိ ရှိနေတုန်းပါပဲလို့ အဲလစ်ဇဘတ်က ပြောပါတယ်။

The Crown အတွဲလေးမှာတော့ ဒိုင်ယာနာရဲ့ငယ်ဘဝအဖြစ် အီမာကော်ရင်က သရုပ်ဆောင်ထားပါတယ်။ အသက် ၂၉ နှစ်ရှိပြီဖြစ်တဲ့ အဲလစ်ဇဘတ်ဒီဘီကီဟာ အခြားသော ရုပ်ရှင်တွေမှာလည်း ပြောင်မြောက်စွာ သရုပ်ဆောင်ထားပြီး Tenet ဆိုတဲ့ ရုပ်ရှင်ကတော့ ဩဂုတ် ၂၆ ရက်မှာ စတင်ပြသသွားမယ်လို့ သိရပါတယ်။

**စကိုင်းနယူး**



ဩစတြေးလျရုပ်ရှင်မင်းသမီး အဲလစ်ဇဘတ် ဒီဘီကီနှင့် မင်းသမီးဒိုင်ယာနာ

## နှာခေါင်းစည်းမတပ်ဆင်ကြသူများကို ရှာရွန်စတုန်း အပြစ်တင်

ရုပ်ရှင်မင်းသမီး ရှာရွန်စတုန်းကတော့ သူ့ရဲ့ညီမဖြစ်သူ ကယ်လီစတုန်း ကိုဗစ် - ၁၉ ကူးစက်ခံရတဲ့အကြောင်းကို အင်စတာဂရမ်ပေါ်မှာ မျှဝေထားပါတယ်။ အဲဒီနောက်မှာတော့ နှာခေါင်းစည်းမတပ်ဘဲ အပြင်ထွက်ကြသူတွေကို ရှာရွန်စတုန်းက အပြစ်တင်ထားပါတယ်။ နှာခေါင်းစည်းမတပ်ဆင်ကြသူတွေကြောင့် ကူးစက်မှုဖြစ်ရတာဆိုပြီး အပြစ်တင်ထားပါတယ်။

ဂျွန်ဟော့ကင်းတက္ကသိုလ်ရဲ့တွက်ချက်မှုအရ ကိုဗစ် - ၁၉ ကြောင့် လူပေါင်း ၅ ဒသမ ၄ သန်းကျော် ကူးစက်ခံရပြီး ၁၇၀၀၅၂ ဦး သေဆုံးပြီးတဲ့နောက်မှာ ရှာရွန်စတုန်းက အခုလို ဝေဖန်အပြစ်တင်ခဲ့တာပဲ ဖြစ်ပါတယ်။ ရှာရွန်စတုန်းရဲ့ ညီမကတော့ ကိုယ်ခံအားနည်းနေပြီး ကိုဗစ်-၁၉ မကူးစက်ခင်ကတည်းက ဆေးကုသမှုခံယူနေသူလည်း ဖြစ်ပါတယ်။

အခုအခါမှာတော့ ရှာရွန်စတုန်းဟာသူ့ရဲ့ ပရိသတ်တွေကို ကျန်းမာရေးဆိုင်ရာ ကြိုတင်ကာကွယ်မှုတွေကို လိုက်နာကြဖို့ တောင်းဆိုခဲ့ပါတယ်။ နှာခေါင်းစည်းတပ်ဆင်ကြပါ။ ကိုယ့်ကိုယ်တိုင်အတွက်သာမက အခြားသူတွေအတွက်ပါ နှာခေါင်းစည်းတပ်ဆင်ကြလို့ တိုက်တွန်းခဲ့ပါတယ်။ **စကိုင်းနယူး**



ရုပ်ရှင်မင်းသမီး ရှာရွန်စတုန်းနှင့် ညီမဖြစ်သူ ကယ်လီစတုန်း

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဆိပ်ကြီးခနောင်တိုမြို့နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ရန်ကုန် ဩဂုတ် ၁၈**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများသည် ယမန်နေ့က ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုသည်။

ထိုသို့ ကွင်းဆင်းရာတွင်၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းတံတားဆိုင်ရာ လုပ်ငန်းတာဝန်ခံအဖွဲ့က ခနောင်တိုအနောက်ရပ်ကွက်၌ အရှည်ပေ ၃၀ ၊ အကျယ် ၁၆ ပေရှိသော ဧည့ဝတီတံတား တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဆိပ်ကြီးအရှေ့ရပ်ကွက် ရွှေရန်ကုန်စက်တပ်သမ္ဗန် ကူးတို့ဆိပ်အနီး ဩဂုတ် ၁၂ ရက်က ရေတိုက်စားမှုကြောင့် ကမ်းထိန်းနံရံအတွင်း အလျားပေ ၁၂၀၊ အနံပေ ၃၀ ခန့်ရှိ မြေပြိုကျမှု ဖြစ်ပွားရာနေရာသို့လည်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး သက်ဆိုင်ရာ တာဝန်ရှိသူများအား အချိန်မီပြန်လည်ပြုပြင်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဆိပ်ကြီးခနောင်တိုမြို့နယ်နှင့် ဒလမြို့နယ်ကို ဆက်သွယ်တည်ဆောက်မည့် တံတားမြေနေရာသို့ သွားရောက်ခဲ့ကာ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ တာဝန်ရှိသူများက တည်ဆောက်မည့် တံတားပုံစံငယ်နှင့် တံတားအူလမ်းကြောင်း မြေနေရာကို ရှင်းလင်းပြသသည်။

ဆိပ်ကြီးခနောင်တိုမြို့နယ်နှင့် ဒလမြို့နယ်တို့သို့ ဆက်သွယ်တည်ဆောက်မည့် တွဲတေးတူးမြောင်းကူးတံတား အမျိုးအစားမှာ သံမဏိသံပေါင်တံတား၊ နှစ်လမ်းသွားဖြစ်ပြီး တံတားအရှည် ၇၇၅ မီတာ၊ အကျယ် ၁၀ မီတာ၊ ချဉ်းကပ်လမ်းအပါအဝင် စုစုပေါင်း အရှည် ၂၅၄၂ ပေ ရှိရာ စုစုပေါင်း ငွေကျပ် ၂၅ ဘီလီယံကုန်ကျမည်ဖြစ်ကာ ဂျပန်နိုင်ငံ၏ နောက်ဆုံးတည်ဆောက်နေသော တံတားဒီဇိုင်းဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁)က တာဝန်ယူတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

နိုင်လင်းကျော်(ဒလ)၊
ဝေယံ(ဆိပ်ကြီးခနောင်တို)



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးစဉ်။

# ကယားပြည်နယ်ဝန်ကြီးချုပ် မယ်စဲ့မြို့နယ်အတွင်းရှိ ဘာသာရေးကျောင်းများသို့ ဆန်၊ ဆီ၊ ဆားနှင့် အလှူငွေများ လှူဒါန်း

**မယ်စဲ့ ဩဂုတ် ၁၈**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမျိုးထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဩဂုတ် ၁၆ ရက်က မယ်စဲ့မြို့နယ်အတွင်းရှိ ဘာသာရေးကျောင်းများသို့ ဆန်၊ ဆီ၊ ဆား အစရှိသည့် လှူဖွယ်ဝတ္ထုပစ္စည်းများ သွားရောက်လှူဒါန်းသည်။**(ယာပုံ)**



ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လမ်းဆုံကျေးရွာခန်းမဆောင်၌ လမ်းဆုံနှင့် လယ်တောကျေးရွာ နှစ်ခြင်းဘုရားရှိခိုးကျောင်း နှစ်ကျောင်းအတွက် ဆန်သုံးအိတ်၊ ဆီပိဿာ၂၀၊ အာလူးပိဿာ ၂၀ တို့ကိုလည်းကောင်း၊ ပန်တိန်းကျေးရွာ RC ဘုရားရှိခိုးကျောင်းအတွက် ဆန်နှစ်အိတ်၊ ဆီ ၁၀ ပိဿာ၊ အာလူး ၁၀ ပိဿာ၊ ဆား ၁၀ ထုပ်ကိုလည်းကောင်း၊ နှစ်ခြင်းဘုရားရှိခိုးကျောင်းအတွက် ဆန်တစ်အိတ်၊ ဆီ ၁၀ ပိဿာ၊ အာလူး ၁၀ ပိဿာ၊ ဆား ၁၀ ထုပ်ကိုလည်းကောင်း၊ ပန်တိန်းကျေးရွာ ထေရဝါဒ ဘုန်းတော်ကြီးကျောင်းအတွက် ဆန်တစ်အိတ်၊ ဆီ ၁၀ ပိဿာ၊ အာလူး ၁၀ ပိဿာ၊ဆား ၁၀ ထုပ်နှင့် အလှူငွေများကိုလည်းကောင်း၊ ပန်တိန်းကျေးရွာ နှစ်ခြင်းဘုရား ကျောင်းခန်းမ ဆောင်ပြုပြင်ရန်အတွက် ငွေကျပ် လေးသိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းပြီး ပန်တိန်းကျေးရွာ ကယန်းကျောက်တိုင်ကွင်း ဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ မှာကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မယ်ဆည်နမ်ကျေးရွာ နှစ်ခြင်းဘုရားကျောင်းနှင့် ဘုန်းတော်ကြီးကျောင်း၊ နမ့်ဟူးကျေးရွာ ဘုန်းတော်ကြီးကျောင်းတို့အတွက် တစ်ကျောင်းလျှင် ဆန်တစ်အိတ်၊ ဆီ ၁၀ ပိဿာ၊ အာလူး ၁၀ ပိဿာ၊ ဆား ၁၀ ထုပ်စီနှင့် အလှူငွေများကိုလည်းကောင်း၊ ဟိုဂျစ်ကျေးရွာတွင် ဟိုဂျစ်၊ ဟိုဖ၊ တောင်လှကျေးရွာသုံးရွာရှိ ဘာသာရေးကျောင်းသုံးကျောင်းအတွက် ဆန်တစ်အိတ်၊ ဆီ ၁၀ ပိဿာ၊ အာလူး ၁၀ ပိဿာ၊ ဆား ၁၀ ထုပ်စီကို လည်းကောင်း လှူဒါန်းပြီးနောက် နမ့်ပိန်းလင်ကျေးရွာ ဓမ္မရက္ခိတ ဘုန်းတော်ကြီး ကျောင်းနှင့် နှစ်ခြင်းဘုရားကျောင်းတို့အတွက်လည်း ဆန်တစ်အိတ်၊ ဆီ ၁၀ ပိဿာ၊ အာလူး ၁၀ ပိဿာ၊ ဆား ၁၀ ထုပ်စီကို လှူဒါန်းပေးဝေကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

# ဝေးလံခေါင်ဖျား ဒေသများရှိ တပ်မတော်သား ဆရာဝန်များအား ချင်းပြည်နယ်အစိုးရအဖွဲ့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်

**ဟားခါး ဩဂုတ် ၁၈**

ချင်းပြည်နယ်အတွင်း ဝေးလံခေါင်ဖျား ဒေသများတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော တပ်မတော်သားဆရာဝန်များအား ပြည်နယ်အစိုးရအဖွဲ့က ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ကပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတိတ်ထန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတိုးဝင်း၊ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးသန့်စင်ဦးနှင့် တပ်မတော်သား ဆရာဝန်များ တက်ရောက်ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်က ချင်းပြည်နယ်အတွင်း ဝေးလံခေါင်ဖျားဒေသများတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော တပ်မတော်သား ဆရာဝန်များအား ကျေးဇူးတင်ဂုဏ်ပြုစကား ပြောကြားခဲ့ပြီးနောက် ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

တပ်မတော်သား ဆရာဝန်များအနေဖြင့် ပြည်နယ်အတွင်း ဝေးလံခေါင်ဖျား၍ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော ဆေးရုံ၊ တိုက်နယ်ဆေးရုံများတွင် ၂၀၁၆ ခုနှစ် မတ်လမှစ၍ တာဝန်ထမ်းဆောင်ခဲ့ပြီး ယနေ့အထိ ဒေသခံပြည်သူပေါင်း ၁၆၃၈၀၁ ဦးအား ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

ယခုအခါ ချင်းပြည်နယ်အတွင်း ကျီခါး၊ တွန်းဇံ၊ လုံဘမ်း၊ လုံလဲ၊ မှောက်တလန်၊ နှာဟရိန်၊ ဆူခွါး၊ မတူပီ၊ လိုင်လင်းပီ၊ ရေဇွာနှင့် ဝမ္မသူးတို့ရှိ မြို့နယ်နှင့် တိုက်နယ်ဆေးရုံများတွင် တပ်မတော်သားဆရာဝန် ၂၂ဦးတို့သည် ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၆ ရက်က စတင်ကာ တတိယအကြိမ် ရောက်ရှိ တာဝန်ထမ်းဆောင်နေကြပြီ ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန် /ဆက်)



ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ် တပ်မတော်သားဆရာဝန်တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။

# ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာကာလ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကျင်းပ

**တောင်ကြီး ဩဂုတ် ၁၈**

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ယမန်နေ့ မွန်းလွဲ ၃ နာရီက ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



သတင်းစာ ရှင်းလင်းပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ရှင်းလင်းပြောကြားရာ၌ **(အောက်ပုံ)** ပြည်နယ်အတွင်း နယ်မြေဒေသအားလုံး တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပဋိပက္ခများချုပ်ငြိမ်းစေရေး၊ ပြည်နယ်အတွင်း ဒေသများအကြား ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေးအခြေခံကောင်းများ ရရှိစေရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သဘာဝသယံဇာတ အရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းရေးနှင့် အကျိုးရှိဆုံး ဖြစ်စေရေးအတွက် မျှတမှန်ကန်စွာ စိစစ်အသုံးပြုရေး၊ ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်စေရေး စသည့် မူဝါဒများအပေါ် အခြေခံပြီး ပြည်နယ်အတွင်း စားနပ်ရိက္ခာဖူလုံပိုလျှံစေရေးနှင့် စိုက်ပျိုးရေး အခြေခံသော စက်မှုလုပ်ငန်းများ ဘက်ညီစွာ ဖွံ့ဖြိုးတိုးတက်စေရန်။

ပြည်နယ်အတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုနိုင်သည့် အခြေခံအဆောက်အဦလုပ်ငန်းများ ဦးစားပေးဆောင်ရွက်ရန်၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီရန်၊ ပြည်နယ်အတွင်း ပုဂ္ဂလိကကဏ္ဍ တိုးတက်ရေးအတွက် နိုင်ငံသားတိုင်း မိမိလုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်ခွင့်ရရှိစေရန်နှင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ လျှပ်စစ်မီးလင်းရေးကဏ္ဍ၊ လယ်ယာဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားတို့၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများ၊ ရှမ်းပြည်နယ်အတွင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ ပုဂ္ဂလိကဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ တိုက်ပွဲရှောင်စခန်းများအား ထောက်ပံ့ပေးမှုအခြေအနေတို့ကို ရှင်းလင်းပြောကြားသွားသည်။

ယင်းနောက် ၂၀၁၉-၂၀၂၀ စတုတ္ထတစ်နှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အားသာချက်၊ အားနည်းချက်များကို နမူနာယူပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ မူဝါဒနှင့်အညီ ရည်မှန်းချက် လုပ်ငန်းတာဝန်များကို အစိုးရ၊ လွှတ်တော်၊ လူမှုအဖွဲ့အစည်း၊ သတင်းမီဒီယာ၊ ပြည်သူများနှင့်အတူ ရှမ်းပြည်နယ်ကြီး ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် လက်တွဲကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သတင်းမီဒီယာဌာနများမှ ပြည်နယ်အစိုးရအဖွဲ့၏ ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်နှင့် စပ်လျဉ်း၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ၊ မြေယာကိစ္စနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များနှင့် ပတ်သက်၍ သိရှိလိုသည့် မေးခွန်းများ မေးမြန်းကြရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် ဌာနဆိုင်ရာများမှ ပြန်လည်ဖြေကြားကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နေပြည်တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဒက္ခိဏသီရိမြို့နယ်အတွင်း မြေကွက်(၂၄)ကွက် ဖော်ထုတ်ခြင်းတွင် Box Culvert၊ ကျောက်စီရေမြောင်းနှင့် လျှပ်စစ်မီးလုပ်ငန်း (၄)ခုအား အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - | ၁၈-၈-၂၀၂၀ရက် |
| **တင်ဒါပုံစံပိတ်မည့်ရက်** | - | ၁၈-၉-၂၀၂၀ရက် ညနေ ၄နာရီ |
| **တင်ဒါပေးသွင်းရမည့်နေရာ** | - | အင်ဂျင်နီယာဌာန(လမ်း/တံတား) နေပြည်တော်စည်ပင်သာယာရေးကော်မတီ |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်သိရှိလိုသည့် အချက်အလက်များအား ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်။

**အင်ဂျင်နီယာဌာန(လမ်း/တံတား)၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**
ဖုန်း-၀၆၇-၄၃၂၀၃၇၊ ၀၉-၆၉၅၀၁၆၀၄၀

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်ဘတ်(စ်)ကား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ဘတ်(စ်)ကား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ မော်တော်ယာဉ်များတွင် အသုံးပြုရန်အတွက် မော်တော်ယာဉ်သုံး အပိုစက်ပစ္စည်း (Spare Parts)များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါ သည်။

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါအတိုင်း ဝယ်ယူတင်သွင်းရန်-

| | | | |
|---|---|---|---|
| (က) | **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** | - | (၂၆-၈-၂၀၂၀)ရက်မှ ၄-၉-၂၀၂၀ရက်ထိ |
| (ခ) | **တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက်** | - | ၈-၉-၂၀၂၀ ရက် (အင်္ဂါနေ့) ၁၆:၃၀ နာရီ |
| (ဂ) | **တင်ဒါပုံစံဝယ်ယူရန်နှင့် တင်သွင်းရန်နေရာ** | - | အမှတ်(၇) ထောက်ကြန့် မြို့ရှောင်လမ်း၊ မှော်ဘီမြို့နယ်၊(YBPC ရုံးချုပ်) |

၃။ အသေးစိတ်အချက်အလက်များကို တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့ ဖုန်း-၀၉-၇၅၀၈၄၃၀၀၅ နှင့် ၀၉-၇၅၀၈၄၃၀၃၃ တို့သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**YBPC ရုံးချုပ်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၉ယ/၄၆၅၉၉ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးနေလင်းအောင် ၇/ကဝန(နိုင်)၀၉၅၀၅၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7P/8312 NISSAN ATLAS S22 F24 Light truck (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဘိုးစီ ၅/ဆလက(နိုင်)၀၃၃၃၃၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် GG/5429 NISSAN ADVY 12 Station Wagon(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းဝင်းထိုက် ၉/မရမ(နိုင်)၀၈၆၆၆၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ရွှေအိုက်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၇၄/ရွှေအိုက်)၊ ဦးပိုင်အမှတ် (၄၂၂)၊ မြေဧရိယာ ၀ဒသမ၁၁၀ ဧကရှိ မြေကွက်အား ဒုရဲမှူးဒေါင်းဇဒါးလ် ၁၃/ကခန(နိုင်)၀၆၉၂၄၈ အမည်ဖြင့် အမှုတွဲအမှတ် ၁၂(၃)/(၂၀၀၈-၂၀၀၉) အရ ၁၆-၁-၂၀၀၈ မှ ၁၅-၁-၂၀၃၈ ထိ ဒုရဲမှူးဒေါင်းဇဒါးလ် အမည်ဖြင့် နှစ် (၃၀) မြေငှားဂရန်ရရှိခဲ့ပြီး အဆိုပါမြေငှားဂရန်မူရင်းမှာ တာဝန်အရပြောင်းရွှေ့တာဝန်ထမ်းဆောင်ရာတွင် နေအိမ်ရှိပစ္စည်းများ သိမ်းဆည်းရာ၌ ပျောက်ဆုံးသွားခဲ့ပါသဖြင့် မြေငှားဂရန်(မိတ္တူမှန်) ကူးယူခွင့်ပြုပါရန် ဒုရဲမှူးဒေါင်းဇဒါးလ် ၁၃/ကခန(နိုင်)၀၆၉၂၄၈ မှ လျှောက်ထားလာပါသည်။ အဆိုပါ မြေငှားဂရန်(မိတ္တူမှန်) ကူးယူခွင့်လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်(မိတ္တူမှန်)အား ဆောင်ရွက်ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၆က/၁-က)၊ ဦးပိုင်အမှတ် (၄၀၁)၊ မြေဧရိယာ ၀ဒသမ၀၅၅ ဧကရှိ မြေကွက်အား ဦးဟောင်းဇေ အမည်ဖြင့် ၂၀-၁-၂၀၁၉ရက်ထိ (၁၅) နှစ်ဂရန်သက်တမ်းရရှိခဲ့ပြီး ၁၅-၇-၂၀၁၁ ရက်တွင် ဦးဟောင်းဇေထံမှ ဒေါ်မြတင်က နှစ်ဦးသဘောတူနေအိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဒေါ်မြတင် ၅/ရဥန(နိုင်)၀၂၄၉၀၀ အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း အသစ်ရရှိရေးအတွက် ၁၇-၃-၂၀၂၀ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်(၁၉၆/၂၀၂၀)ကို ၁၈-၃-၂၀၂၀ရက်စွဲပါကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ် (၁၃၅/၂၀၂၀)အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်နည်းထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အမည်ပြောင်း၊ အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)**
**မကွေးမြို့နယ်တရားရုံး**
**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၁၀၅**

| | | |
|---|---|---|
| ဦးကျော်မျိုးနိုင် | **နှင့်** | **ဦးသန်းဝင်းအောင်** |
| **တရားလို** | | **တရားပြိုင်** |

အထက်ပါအမှုမှ တရားပြိုင် ဦးသန်းဝင်းအောင် (TDI-010533) (ဘ) ဦးအောင်ရှိန် အမှတ်(၄၁၅)၊ (၂၉)လမ်း၊ ရန်ပယ်ရပ်၊ မကွေးမြို့ (ယခုနေရပ်လိပ်စာမသိ)အား သိစေရမည်။

သင့်အပေါ် တရားလိုက ပဋိညာဉ်အတိုင်း အိမ်ဝိုင်းမြေအရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှုစွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်အရရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၄ ရက် (၁၃၈၂ ခုနှစ် ဝါခေါင်လပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် ဩဂုတ် ၁၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သက်နိုင်ထွန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**မကွေးမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)**
**မကွေးမြို့နယ်တရားရုံး**
**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၁၀၆**

| | | |
|---|---|---|
| ဦးကျော်မျိုးနိုင် | **နှင့်** | ဦးတင်ဝင်း |
| **တရားလို** | | **တရားပြိုင်** |

အထက်ပါအမှုမှ တရားပြိုင် ဦးတင်ဝင်း (TYI-000168) (ဘ)ဦးရာဇတ်အမှတ်(၄၁၈)၊ သုခိတာလမ်း၊ ရန်ပယ်ရပ်၊ မကွေးမြို့ (ယခုနေရပ်လိပ်စာမသိ)အား သိစေရမည်။

သင့်အပေါ် တရားလိုက ပဋိညာဉ်အတိုင်း အိမ်ဝိုင်းမြေအရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု စွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရုံးအခွင့်အမိန့်အရရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၄ ရက် (၁၃၈၂ ခုနှစ် ဝါခေါင်လပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သက်နိုင်ထွန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**မကွေးမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**တောင်ကြီးခရိုင်တရားမရုံးတော်**
**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၁၂၈**

| | | |
|---|---|---|
| မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် (၎င်း၏ကိုယ်စား ဘဏ်ခွဲမန်နေဂျာ ဒေါ်ညိုညိုဝင်း) | **နှင့်** | ၁။ ဦးနေအေး<br>၂။ ဦးရဲထက်အောင် |
| **တရားလို** | | **တရားပြိုင်များ** |

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ်၊ အောင်ပန်းမြို့၊ ရွာငံစုရပ်ကွက်၊ ဥဩဏလမ်းနေ ဦးရဲထက်အောင် (ယခုနေရပ်လိပ်စာမသိသူ)အား သိစေရမည်။

သင့်အပေါ်၌ တရားလိုက ဘဏ်ချေးငွေရလိုမှုဖြင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၇ ရက် (၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သက်ထွန်း)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**တောင်ကြီးခရိုင်တရားရုံး**

## အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅-တိုးချဲ့)၊ မြေကွက်အမှတ်(၁၄၂)တွင် တည်ရှိသော အလျား ၈၀xအနံ ၅၆'/၅၅' ၆''၊ ၄၄၆၀ စတုရန်းပေ အကျယ်အဝန်းရှိသည့် ဒေါ်သိန်းသိန်းမြင့်အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်ကို ဒေါ်အေးအေးမော် ၇/တငန(နိုင်)၀၀၉၈၇၅ ထံမှ ဒေါ်သင်းသင်းခိုင် ၁၄/မအန(နိုင်)၀၁၃၉၅၀ က အဖိုးစားနားပေးချေ၍ အပြီးအပိုင်ဝယ်ယူကာ လက်ရောက်လွှဲပြောင်းရယူပြီးဖြစ်ပါကြောင်း အများပြည်သူသိစေရန် အသိပေးကြေညာအပ်ပါသည်။

သို့ဖြစ်၍ ပိုင်ရှင်ဖြစ်သူ ဒေါ်သင်းသင်းခိုင်၏ အခွင့်အမိန့်မရရှိဘဲ အဆိုပါမြေကွက်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ အခြားနည်းသုံးစွဲခြင်းမပြုလုပ်ပါရန်နှင့် ပိုင်ရှင် ဒေါ်သင်းသင်းခိုင်၏အခွင့်အမိန့်မရဘဲ ပြုလုပ်ခဲ့ပါက ဒေါ်သင်းသင်းခိုင်နှင့်သက်ဆိုင်ခြင်းမရှိဘဲ ပြုလုပ်သူများ၏တာဝန်သာဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မာဦး LL.B, D.I.L, D.I.P.L**
တရားလွှတ်တော်ရှေ့နေ (စဥ်-၁၆၂၉၈/၅-၂-၂၀၁၉)
အမှတ် ၂၀၆(ခ)၊ ကွက်သစ်(၂)အောက်လမ်း၊ ကွက်သစ်ရပ်ကွက်၊ အင်းစိန်မြို့နယ်
PH:09-975798458

## အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6Q/5417 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၂ယ/၁၅၃၇၆ Canda 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်အောင်ဝင်း၉/မနမ(နိုင်)၀၈၀၅၇၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ် မြေတိုင်းရပ်ကွက်အမှတ်(၁၆/၁)၊မြေကွက်အမှတ်(၉၅၆+၉၅၆အေ)/က၊ မြေကွက်တည်နေရာအမှတ် (၉၅၆+၉၅၆အေ)/က၊ ရတနာလမ်း (၁၆/၁)ရပ်ကွက်၊ သဃ်န်းကျွန်း ဒေါ်ခင်အေးဝင်း ၁၂/မဂတ(နိုင်)၀၄၃၄၃၅ အမည်ပေါက် နှစ် (၆၀) ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်အေးဝင်း ၁၂/မဂတ(နိုင်)၀၄၃၄၃၅ မှ အမည်ပေါက် လွှဲပြောင်းခြင်းမှတ်တမ်းမူရင်းစာရွက်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာအမှတ်(၂/၃၉၀၃/ ၂၀၂၀)(၂၅-၂-၂၀၂၀) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ဂရန်မူရင်းတို့တင်ပြ၍ အမည်ပေါက် လွှဲပြောင်းခြင်းမှတ်တမ်း (မိတ္တူမှန်) လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်တွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## လွမ်းဆွတ်သတိရ အမျှဝေခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း၊ ဒါယကာကြီး၊ ဒါယိကာမကြီး**
**ဖခင်ကြီး ဦးမောင်ကျော်အောင်-မိခင်ကြီး ဒေါ်ဦးကျော့စိန်**

၃-၁၂-၂၀၁၄ ၁၉-၈-၂၀၁၇

အနန္တကျေးဇူးရှင် ဖခင်ကြီးနှင့်မိခင်ကြီး မိသားစုနှင့်ခွဲခွာသွားသည်မှာ နှစ်ပေါင်းကြာရှည်ခဲ့ပါပြီ၊ သတိရတမ်းတလွမ်းဆွတ်သတိရဆဲပါ၊ ဖခင်ကြီးနှင့်မိခင်ကြီးအားရည်မှန်း၍ လှူဒါန်းအပ်သော နေ့စဉ်၊ အပတ်စဉ်၊ နှစ်စဉ်ပြုအပ်သော ကောင်းမှုများ၏ ဒါနကံ၊ သီလကံ၊ ဘာဝနာကံတို့၏အဖို့ကို မြင့်မြတ်သောဘုံဘဝမှ ဖခင်ကြီးနှင့်မိခင်ကြီး သာဓုအနုမောဒနာခေါ်ဆိုနိုင်ပါစေ။

ဖခင်ကြီးနှင့် မိခင်ကြီးအား အမျှ-အမျှ-အမျှ ပေးဝေပါသည်။

| | |
|---|---|
| **သားသမီးများ** | **ဦးသာထွန်း-ဒေါ်ဦးခင်ညွန့်** |
| **မြေးများ** | **မောင်လင်းလင်းထွန်း-မမြင့်သီတာထက်**<br>**မောင်ကျော်ကျော်အောင်-မဆွေဆွေလွင်၊**<br>**မချိုအိအိခက်** |
| **မြစ်** | **မောင်ဘုန်းမြတ်ကျော်** |

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3P/7403 Nissan Clipper P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးယုံလင်(ခ)ဟုလင် ၁၃/လရန(နိုင်)၀၅၇၉၀၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## အမှတ် (၃၇၉)၊ ဗညားနွဲ့လမ်း၊ ၃၈-ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ ဟုခေါ် တွင်သော မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၃၈၊ မြေကွက်အမှတ် - ၃၇၉၊ ဧရိယာ (၀.၀၅၅) ဧက၊ မြေအမျိုးအစား-နှစ် (၆၀) ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်သည် မြို့မြေစာရင်းတွင် ဦးသန်းဇော် (၁၂/မရက (နိုင်) ၀၀၂၈၉၃) က မိမိတရားဝင်အမည်ပေါက်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရံငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်းကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီအရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်းသိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးသန်းဦး** | **ဦးသန့်ဇော်** |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်-၁၀၈၇၅) | (စဉ်-၇၃၄၁) |

အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ရောင်းချရန်ကြော်ငြာစာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆)**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်တရားရုံးတော်**
**၂၀၂၀ ပြည့်နှစ် ဇာရီမှုအမှတ်-၄**

| | | |
|---|---|---|
| မန္တလေးပင်မရိုးမဘဏ်လီမိတက် (၎င်းကိုယ်စားတာဝန်ပေးအပ်ခြင်းခံရသူ- ရိုးမဘဏ်အကြီးတန်းမန်နေဂျာဒေါ်နီနီလွင်) | **နှင့်** | ၁။ ဒေါ်ဆယ်အိ<br>၂။ ဦးသောင်းနိုင်ဦး<br>၃။ ဦးကိုကိုဦး |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားရုံးတော်၊ တရားမကြီးမှုအမှတ် ၃၄/၂၀၁၆ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၅ ရက် (၁၃၈၂ ခုနှစ် တော်သလင်းလပြည့်ကျော် ၄ရက်) နံနက် ၉:၃၀နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ် အနောက်ရပ်၊ အကွက်အမှတ်(၂၆၅)၊ ဦးပိုင်အမှတ်(၁၆-က)နှင့် ဦးပိုင်အမှတ်(၁၇)၊ ယင်းမြေနှစ်ကွက်ပေါ်ရှိ ပစ္စည်းအရပ်ရပ်၊

**လေလံကြမ်းခင်းဈေး - ကျပ်သိန်း(၁၀၀၀၀)၊ (ကျပ်သိန်းတစ်သောင်းတိတိ)**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ ကွင်းအမှတ်(အ-၁၄)၊ ဦးပိုင်အမှတ်(၉၂) (၉၃) (၉၄) (၉၅) (၉၆) (၉၇) ဂရန်မြေ(၆)ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ ပစ္စည်းအရပ်ရပ်နှင့် မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ ကွင်းအမှတ်(အ-၁၄)၊ ဦးပိုင်အမှတ်(အေ-၁၁)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ ပစ္စည်းအရပ်ရပ်။

**လေလံကြမ်းခင်းဈေး - ကျပ်သိန်း(၂၅၀၀၀) (ကျပ်သိန်းနှစ်သောင်းငါးထောင်တိတိ)**

**လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ**

(၁) ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်းတစ်ခုခုပေါ်ပေါက်ပါက တရားရုံးကတာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

(၂) လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲငြင်းပယ်ပိုင်ခွင့်ရှိသည်။

(၄) လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀ိ/-လျှင် ၂၅ိ/-ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက်နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

(၅) လေလံဆွဲဝယ်သူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့်စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရသည်။

(၆) လေလံဆွဲဝယ်ယူရရှိသူသည်၂၅ ရာခိုင်နှုန်းနေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့်ရက်သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။

(၇) လေလံကျန်ငွေများကို အထက်ပါရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၀ ပြည့်နှစ် ဩဂုတ် ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာ ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**(ကျော်ကျော်ဦး)**
**ဒုတိယညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

### ဝမ်းနည်းကြေကွဲခြင်း

## ဖေယျကျော်ထင် ဗိုလ်ချုပ်တင်စိန်(ငြိမ်း)

(ကြည်း-၆၁၈၁)

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)

နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)

အသက်(၉၄)နှစ်

ပါမောက္ခ ဒေါက်တာနေစိုးမောင်(ပါမောက္ခချုပ်-ငြိမ်း၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်)-ဒေါ်ကြည်ကြည်ရွှေတို့၏ ချစ်လှစွာသောဖခင် ဗိုလ်ချုပ်တင်စိန်(ငြိမ်း)သည် ၁၅-၈-၂၀၂၀ရက် ည ၇:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခ၊ ဌာနမှူး(သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)နှင့်
Post Graduate Diploma in Contemporary
Myanmar Studies ( Second Batch)
သင်တန်းသား၊ သင်တန်းသူများ

---

### အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**တိုင်းရင်းဆေးသမားတော်ကြီး ဦးထွန်း** အသက်(၉၁)နှစ်

ပညာရေးအထူးအရာရှိ(ငြိမ်း)

ပေါက်ခေါင်းမြို့နယ်အသင်းနာယကကြီး

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလရပ်ကွက်၊ တိုက် ၆၈၊ အခန်း ၄နေ ဦးဇော်မင်းထွန်း(ဒုတိယ ညွှန် ကြားရေးမှူးချုပ်၊ဆည်/ရေ ဦးစီးဌာန)-ဒေါ်ကြည်ကြည်လွင်တို့၏ ဖခင်သည် ၁၇-၈-၂၀၂၀ရက်(တနင်္လာနေ့) ည ၁၀:၅၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အင်ဂျင်နီယာချုပ်(စက်မှု)နှင့် ဝန်ထမ်းမိသားစုများ
ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ နေပြည်တော်

---

### အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**တိုင်းရင်းဆေးသမားတော်ကြီး ဦးထွန်း** အသက်(၉၁)နှစ်

ပညာရေးအထူးအရာရှိ(ငြိမ်း)

ပေါက်ခေါင်းမြို့နယ်အသင်းနာယကကြီး

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလရပ်ကွက်၊ တိုက် ၆၈၊ အခန်း ၄နေ ဦးဇော်မင်းထွန်း(ဒုတိယ ညွှန် ကြားရေးမှူးချုပ်၊ဆည်/ရေ ဦးစီးဌာန)-ဒေါ်ကြည်ကြည်လွင်တို့၏ ဖခင်သည် ၁၇-၈-၂၀၂၀ရက်(တနင်္လာနေ့) ည ၁၀:၅၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ
စက်မှုတိုင်း(၁)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

---

### အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာ ဦးကျော်စိုး

အသက်(၈၁)နှစ်

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးကောင်းမြတ်သိန်း (ညွှန်ကြားရေးမှူး-ဖြည့်တင်းရေး)-ဒေါ်နီနီစိုးတို့၏ဖခင် ဒေါက်တာ ဦးကျော်စိုးသည် ၁၈-၈-၂၀၂၀ရက်နံနက် ၇:၀၆နာရီတွင် ဂရင်းဟန်သာ ဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ
ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ နေပြည်တော်

---

### ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာကျော်စိုး

(သားဖွား-မီးယပ် အထူးကုဆရာဝန်ကြီး၊ ငြိမ်း)

အသက်(၈၁)နှစ်

ဒေါက်တာကျော်စိုး(သားဖွား-မီးယပ် အထူးကုဆရာဝန်ကြီး)သည် ၁၈-၈-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သားဖွားမီးယပ်ပညာအဖွဲ့
မြန်မာနိုင်ငံဆရာဝန်အသင်း

---

### အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## တိုင်းရင်းဆေးသမားတော်ကြီး ဦးထွန်း

(ပေါက်ခေါင်းမြို့)

ပညာရေးအထူးအရာရှိ(ငြိမ်း)၊

ပေါက်ခေါင်းမြို့နယ်အသင်းနာယကကြီး

အသက်(၉၁)နှစ်

ဦးဇော်မင်းထွန်း(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန)-ဒေါ်ကြည်ကြည်လွင်တို့၏ ချစ်လှစွာသောဖခင် ပေါက်ခေါင်းမြို့နယ်အသင်းနာယကကြီး၊ ပညာရေးအထူးအရာရှိ(ငြိမ်း) တိုင်းရင်းဆေးသမားတော်ကြီး ဦးထွန်း(ပေါက်ခေါင်းမြို့)သည် ၁၇-၈-၂၀၂၀ရက်(တနင်္လာနေ့) ည ၁၀:၅၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ **ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ၊ တည်ဆောက်ရေး (၅)**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ နေပြည်တော်**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

## တိုင်းရင်းဆေးသမားတော်ကြီး ဦးထွန်း

(ပေါက်ခေါင်းမြို့)

ပညာရေးအထူးအရာရှိ(ငြိမ်း)

ပေါက်ခေါင်းမြို့နယ်အသင်းနာယကကြီး

ပေါက်ခေါင်းမြို့

အသက်(၉၁)နှစ်

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးဇော်မင်းထွန်း (ဒုတိယညွှန်ကြားရေးမှူးချုပ်)-ဒေါ်ကြည်ကြည်လွင်တို့၏ဖခင် ဦးထွန်းသည် ၁၇-၈-၂၀၂၀ရက် (တနင်္လာနေ့) ည ၁၀:၅၅နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ **ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ နေပြည်တော်**

---

### ဝမ်းနည်းကြေကွဲခြင်း

## ပါမောက္ခ ဒေါက်တာဦးညွန့်ဝင်း

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ ၁၆၆လမ်း၊ အမှတ်(၂၆/၂၈)နေ ပါမောက္ခ ဒေါက်တာခင်မာထွန်း( နာယကမြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်)၏ချစ်လှစွာသောခင်ပွန်း ပါမောက္ခ ဒေါက်တာဦးညွန့်ဝင်းသည် ၁၇-၈-၂၀၂၀ရက် တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်

---

### ကျေးဇူးတင်ရှိခြင်း

## ဦးကျော်မြင့်

LL.B ကပရ(ငြိမ်း)

အသက်(၇၂)နှစ်

ကျေးဇူးရှင်ဖခင်ကြီး ဦးကျော်မြင့် နာမကျန်းဖြစ်သည့် အချိန်မှ နာရေးကိစ္စပြီးမြောက်သည်အထိ အဘက်ဘက်မှ လိုလေသေးမရှိ နှစ်သိမ့်အားပေးကူညီပံ့ပိုးပေးပါသော Capital Diamond Star Group Ltdမှ နာယက အဖွားဒေါ်စန်းကြူ၊ အုပ်ချုပ်မှုဒါရိုက်တာ ဆရာဦးကိုကိုကြီးနှင့် အစ်မ ဒေါ်မိုးမိုးမိသားစု၊ ဖခင်ကြီး နာမကျန်းဖြစ်နေစဉ် ဆေးဝါးကုသစောင့်ရှောက်မှုပေးခဲ့ပါသော Prof: Dr.ဒေါ်ရင်ရင်ထွန်းနှင့် ပန်းလှိုင်အထူးကုဆေးရုံမှ ဆရာ၊ ဆရာမများ၊ အထူးကုဆရာဝန်ကြီး Dr.ဒေါ်သိမ့်သိမ့်ဝင်းနှင့် အောင်ရတနာ အထူးကုဆေးရုံမှ ဆရာ၊ တရာများ၊ ဆေးဝါးကုသစောင့်ရှောက်ပေးသည့်အပြင် နေ့စဉ်ကူညီအားပေး နှစ်သိမ့်ပေးပါသော အထူးကုဆရာဝန်ကြီး Dr.အံ့ဖွယ်ကိုနှင့် ဇနီး ဒေါ်အေးသိင်္ဂီကျော်(ကံသာအထူးကုဆေးခန်း)၊ ဖခင်ကြီးကျန်းမာရေးကိစ္စအဝဝအတွက် ဆေးဝါးကုသစောင့်ရှောက်ပေးသည့်အပြင် လမ်းညွှန်မှုပေးခဲ့ပါသော Dr.ဝေလင်းသိန်းနှင့် ဇနီး မဟေမာလွင်၊ နာရေးကာလတစ်လျှောက် လူကိုယ်တိုင်လာရောက်အားပေးနှစ်သိမ့်ခြင်း၊ ဈာပနအခမ်းအနားသို့ လိုက်ပါပို့ဆောင်ပေးခြင်း၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း Message များ၊ လမ်းသူပန်းခြင်း၊ လွမ်းသူပန်းခွေများ၊ လှူဖွယ်ပစ္စည်းများပေးပို့ခြင်းတို့ဖြင့် အားပေးနှစ်သိမ့်ပေးကြသော Capital Diamond Star Group Ltd မှ လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းညီအစ်ကိုမောင်နှမများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် အဘက်ဘက်မှ ကူညီပံ့ပိုးပေးကြသူများအားလုံးကို လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

---

## ဘဝနတ်ထံ လွန်တော်မူခြင်း

## အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသဒ္ဓမ္မဓဇမဟာထေရ်

(သာသနဓဇ သိရီပဝရ ဓမ္မာစရိယ)

သက်တော်(၇၄)နှစ်၊ သိက္ခာတော်(၅၄)ဝါ

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းတောင်ရိုး ကျစွာချောင် မဟာဝိဇယရံသီစာသင်တိုက်နှင့် မဟာအတုလရံသီဓမ္မရိပ်သာ၊ရန်ကုန်မြို့၊ သီရိလက္ခဏာရာမဒဂုံသာသနာ့ရိပ်သာ၊ ပြင်ဦးလွင်မြို့၊ အောင်ချမ်းသာရွာ သီရိလက္ခဏာရာမစံရိပ်ငြိမ်ကျောင်းတိုက်၊ ရှမ်းပြည်တောင်ပိုင်း၊လွိုင်လင်မြို့၊ ကံဦးတောရကျောင်းတိုက်တို့၏ဦးစီးပဓာနနာယကဆရာတော် ဝါးချက် ဇီဝိတဒါနသံဃာ့ဆေးရုံတော်ကြီး၏ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသဒ္ဓမ္မဓဇမဟာထေရ်သည် ၁၃၈၂ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက် ည ၁၁:၂၀နာရီတွင် ဘဝနတ်ထံ လွန်တော်မူသွားပါသဖြင့် အန္တိမအဂ္ဂိဈာပနပူဇာသဘင်ကို ၁၃၈၂ခုနှစ် ဝါခေါင်လဆန်း ၃ ရက် ၊ ၂၁-၈- ၂၀၂၀ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီနှင့်
တပည့် သံဃာတော်များ၊ ဒါယကာ၊ ဒါယိကာမများ

---

## ပါမောက္ခ ဒေါက်တာဦးညွန့်ဝင်း

### ဌာနမှူး(ငြိမ်း)၊ ဓာတုဗေဒဌာန ရန်ကုန်တက္ကသိုလ်

### အမှုဆောင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံ နည်းပညာ ပညာရှင်အဖွဲ့ နာယကကြီး၊ မြန်မာနိုင်ငံဓာတုသိပ္ပံအသင်း

### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ ၁၆၆လမ်း၊ အမှတ်(၂၆/၂၈)နေ (ဦးမောင်မောင်ကြီး-ဒေါ်ညွှန့်ညွန့်)တို့၏သား၊ (သခင်ချန်ထွန်း-ဒေါ်အမာ)တို့၏သားသမက်၊ ပါမောက္ခ ဒေါက်တာခင်မာထွန်း (ဒုတိယပါမောက္ခချုပ်-ငြိမ်း) (အဖွဲ့ဝင်အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်စန္ဒီဝင်း(USA)၊ ဦးဆန်းလင်းဝင်း(Max Myanmar Holding Co.,Ltd.)-ဒေါ်ခင်နှယ်ဉ်မြင့်(Telenor Myanmar)တို့၏ဖခင်ကြီး၊ ဝင်းပြည့်သီဟ(Max)၊ ဝင်းပြည့်စုံသူ(Mia)တို့၏ ဘိုးဘိုးကြီးသည် ၁၇-၈-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၈-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၃-၈-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 3K/3230 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

---

## ကျေးဇူးတင်လွှာ

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစိုးတင့်(ပြင်ဦးလွင်)

## မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်နာယကကြီး

## အသက်(၈၉)နှစ်

၁၃-၈-၂၀၂၀ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၄၀နာရီတွင် ကွယ်လွန်သွားပါသော ကျေးဇူးရှင်ဖခင်ကြီး ဦးစိုးတင့် (ပြင်ဦးလွင်)နာမကျန်း၍ ဆေးကုသမှု ခံယူနေခဲ့စဉ် အထူးဂရုစိုက်ကုသပေးကြသော ကန်သာယာအထူးကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ C.C.Uဌာနမှ ဆရာ/ဆရာမများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ နာရေးကိစ္စအဝဝကို လိုက်လံကူညီဆောင်ရွက်ပေးပါသော မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲချုပ်ကြီးနှင့် မိသားစု၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ အရာရှိကြီးများ၊ တပ်ဖွဲ့ဝင်များနှင့် တပ်ဖွဲ့ဝင်မိသားစုများအားလည်းကောင်း၊ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများ၊ သတင်းစာ၊ ဖုန်း၊ လူမှုကွန်ရက်၊ Viber၊ Messenger တို့ဖြင့်ဆက်သွယ်မေးမြန်းအားပေးနှစ်သိမ့်ကြသူများနှင့်ဝမ်းနည်းကြောင်းရေးသားပြောဆိုကြသူများ လှူဖွယ်ပစ္စည်းများပေးပို့ပါသော ဆွေမျိုးမိတ်ဆွေများအားလည်းကောင်း၊မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်နှင့် လွမ်းသူ့ပန်းခွေများဖြင့်လာရောက်နှုတ်ဆက်ဂါရဝပြုကြပါသော ကရာတေး Clubအသီးသီးမှ နည်းပြချုပ်များနှင့် နည်းပြဆရာ/ဆရာမများ၊ တပည့် သား/သမီးများအားလည်းကောင်း ကျေးဇူးရှင်ဖခင်ကြီး ဦးစိုးတင့်၏ အတ္ထုပ္ပတ္တိနှင့်ကရာတေးဒိုဆောင်ရွက်ချက်လုပ်ရှားမှု ပုံရိပ်များအားဖော်ပြဂုဏ်ဆောင်ပေးခဲ့ပါသော ကရာတေးအသင်းအသီးအသီးတို့အား အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

**(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေး အောင်မြင်ရေးမှသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းလာပြီး နိုင်ငံ၏လူမှုစီးပွားရေး အရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးရေးဆီသို့**

(၂၁) ရာစုပင်လုံ စတုတ္ထအကြိမ်အစည်းအဝေး ဂုဏ်ပြုဆောင်းပါး (စာ-၈-၉)

# ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် ဩဂုတ် ၁၈**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် နိုင်ငံအရပ်ရပ်၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ကိုရီးယားသမ္မတနိုင်ငံ၊ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ တစ်ဆင့် (၁၈)ကြိမ်မြောက် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

အဆိုပါ ကယ်ဆယ်ရေးလေယာဉ်တွင် အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံမှ ၁ ဦး၊ ချက်သမ္မတနိုင်ငံမှ ၁ ဦး၊ ဩစတြီးယားနိုင်ငံမှ ၂ ဦး၊ ဗီယက်နမ်နိုင်ငံ မှ ၂ ဦး၊ အီတလီနိုင်ငံမှ ၂ ဦး၊ ဆွစ်ဇာလန်နိုင်ငံမှ ၃ ဦး၊ ဘရာဇီးနိုင်ငံမှ ၃ ဦး၊ အင်ဒိုနီးရှားနိုင်ငံမှ ၄ ဦး၊ ဗြိတိန်နိုင်ငံမှ ၃ ဦး၊ ကနေဒါနိုင်ငံမှ ၄ ဦး၊ ဘယ်လ်ဂျီယံနိုင်ငံမှ ၅ ဦး၊ အီဂျစ်နိုင်ငံမှ ၅ ဦး၊ အမေရိကန်ပြည်ထောင်စုမှ ၂၉ ဦး၊ ကိုရီးယားသမ္မတနိုင်ငံမှ ၂၈ ဦး၊ သင်္ဘောသား ၁၇ ဦး၊ မြန်မာနိုင်ငံသားစုစုပေါင်း ၁၀၉ ဦး လိုက်ပါလာကြသည်။

*စာမျက်နှာ ၁၈ ကော်လံ ၅* ◆




## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ပြည်သူသို့ အသိပေးတင်ပြချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**ပြည်သူသို့ အသိပေးတင်ပြချက်**
**၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလကွယ်နေ့**
**(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၈ ရက်)**

၁။ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသား အဆင့်ဗဟိုကော်မတီမှ (COVID-19) ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက် ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် (၁၅-၈-၂၀၂၀) ရက်နေ့အထိ ထုတ်ပြန်ထားသော အမိန့်၊ အမိန့်ကြော်ငြာစာ၊ ပြည်သူသို့ ပန်ကြားချက်၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးရန် လမ်းညွှန်ထားသောကိစ္စရပ်များမပါ)အား (၃၁-၈-၂၀၂၀) ရက်နေ့အထိ ရက်တိုးမြှင့် သတ်မှတ်ဆောင်ရွက်သွားရန်

*စာမျက်နှာ ၇ ကော်လံ ၁* ❖

## ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

**နေပြည်တော် ဩဂုတ် ၁၈**

ယနေ့မွန်းလွဲ ၁ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရပါသည်။

မိုး/ဇလ

## နေရပ်ပြန်မြန်မာသင်္ဘောသားများ ကော့သောင်းမြို့တွင် အသွားအလာကန့်သတ်စောင့်ကြည့်ထားရှိ



**ကော့သောင်း ဩဂုတ် ၁၈**

ကော့သောင်းမြို့အနီး အက်ဒမန်ပင်လယ်အတွင်း တာဝန်လဲလှယ်မှုပြုလုပ်ရန် MV.Bulk Draco သင်္ဘောပေါ်မှ သင်္ဘောသား ၁၂ ဦး၊ M.T Adelaide သင်္ဘောပေါ်မှ သင်္ဘောသား ၁၈ ဦးနှင့် MV-Navios Destiny ပင်လယ်ကူးသင်္ဘောပေါ်မှ သင်္ဘောသား ၁၄ ဦး စုစုပေါင်း သင်္ဘောသား ၄၄ ဦးတို့ ထွက်လာရာ ယမန်နေ့ညနေပိုင်းက မြို့မဆိပ်ကမ်းမှတစ်ဆင့် ကော့သောင်းမြို့သို့ ဝင်ရောက်လာပြီး ဟိုတယ်တွင် သွားလာကန့်သတ်ထိန်းချုပ်မှု ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မြန်မာ သင်္ဘောသား ၄၄ ဦးမှာ ကော့သောင်းမြို့တွင် ကြိုတင်ရောက်ရှိနေသည့် MV. Bulk Draco

*စာမျက်နှာ ၁၀ ကော်လံ ၁* ❏

## ချင်းတွင်းမြစ်ရေ ခန္တီးမြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၁၈**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် နှစ်လက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း နှစ်ပေခွဲခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ခန္တီးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

**မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံအကြားရှိ မလေးရှားပိုင်ရေပြင်သို့ ပို့ဆောင်မည့် ငွေကျပ် ၃၁ ဒသမ ၇၄ ဘီလီယံကျော် တန်ဖိုးရှိ အိုက်စ်(မက်အဖက်တမင်း) များအား ရခိုင်ပြည်နယ် ကျောက်ဖြူ၊ ကျိန္တလီမြို့အနီး ရေပြင်၌ ဖမ်းဆီးရမိ**

(စာ-၁၁)

## ဘိုင်ယန်မြူးနစ်ကို အံ့အားသင့်ဖွယ်ရှုံးနိမ့်ပြီးနောက် နည်းပြ ဆက်တီယန်ကို ဘာစီလိုနာ ထုတ်ပယ်လိုက်ပြီ

စပိန်နာမည်ကြီး ဘာစီလိုနာအသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဘိုင်ယန်မြူးနစ်အသင်းကို အံ့အားသင့်ဖွယ်ရှုံးနိမ့်ပြီးနောက် သုံးရက်အကြာတွင် အသင်းနည်းပြအဖြစ်မှ ဆက်တီယန်ကို ထုတ်ပယ်လိုက်ပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ဘာစီလိုနာအသင်းသည် ဘာစီလိုနာကစားသမားဟောင်း ထုတ်ပယ်လိုက်သည့် နည်းပြ၏နေရာတွင် နျူးကမ့်တွင် ကစားခဲ့ဖူးသော နယ်သာလန် နည်းပြ ရော်နယ်ကိုးမန်းကို ခန့်အပ်ဖွယ်ရှိကြောင်း သိရသည်။ ကိုးမန်းသည် ၁၉၈၉ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ ဘာစီလိုနာအသင်းတွင် ကစားခဲ့ကာ ၁၉၂ ပွဲ ပါဝင်ကစားပြီး ၆၇ ဂိုး သွင်းယူပေးဖူးထားကြောင်း သိရသည်။

အသက် ၆၁ နှစ် အရွယ်ရှိပြီဖြစ်သော ရီးရဲဘက်တစ် နည်းပြဟောင်း ဆက်တီယန်သည် ဘာစီလိုနာအသင်းကို ဇန်နဝါရီလတွင် အသင်းနည်းပြအဖြစ် ခန့်အပ်ခြင်းခံခဲ့ရပြီး ဘာစီလိုနာအသင်းကို ၂၅ ပွဲသာ ကိုင်တွယ်ထားရသေးကြောင်း သိရသည်။ ထို ၂၅ ပွဲတွင် ၁၆ ပွဲနိုင်၊ လေးပွဲသရေနှင့် ငါးပွဲအထိ ရှုံးနိမ့်ထားသောကြောင့် ဘာစီလိုနာအသင်းနှင့် နိုင်ပွဲရရှိမှု ရာခိုင်နှုန်းသည် ၆၄ ရာခိုင်နှုန်းသာရှိကြောင်း သိရသည်။

ထို့အပြင် ဆက်တီယန်သည် ဘာစီလိုနာအသင်းကို ယခုနှစ် စပိန်လာလီဂါရာသီပိတ်သိမ်းချိန်တွင် ဦးဆောင်သူ

*စာမျက်နှာ ၁၁ ကော်လံ ၁* ●



နည်းပြ ဆက်တီယန်

မြန်မာ့အလင်း
ယနေ့ရန်ကုန်
Yangon Today
၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်
၂၀၂၀ ပြည့်နှစ်၊ ဩဂုတ် ၁၉ ရက်၊ ဗုဒ္ဓဟူးနေ့





# အရှေ့တောင်အာရှတွင် အရှည်ဆုံးညဈေးတန်း ဖြစ်လာမည့် ကမ်းနားလမ်း ညဈေးတန်း

ရန်ကုန်ညဈေးတန်းကြီးကို အပိုင်းငါးပိုင်းခွဲ၍ ဆောင်ရွက်လျက်ရှိပြီး အပိုင်းတစ်မှာ ကမ်းနားလမ်း ပန်းဆိုးတန်းလမ်းမှ ရွှေတိဂုံဘုရားလမ်းအထိ လည်းကောင်း၊ အပိုင်းနှစ်ကို ကမ်းနားလမ်း ရွှေတိဂုံဘုရားလမ်းမှ လသာလမ်းအထိ လည်းကောင်း၊ အပိုင်းသုံးကို ကမ်းနားလမ်း လသာလမ်းမှ လမ်းမတော်အထိ လည်းကောင်း၊ အပိုင်းလေးကို ကမ်းနားလမ်း လမ်းမတော်လမ်းမှ လမ်းသစ်လမ်းအထိ လည်းကောင်း၊ အပိုင်းငါးကို ကမ်းနားလမ်း ပန်းဆိုးတန်းလမ်းမှ ဗိုလ်တထောင် ဘုရားလမ်းအထိ လည်းကောင်း ဆောင်ရွက်မည်

■ ရှင်နော်

**ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် နိုင်ငံတွင်းရောဂါမပြန့်ပွားစေရေးအတွက် တားဆီး၊ ကန့်သတ်၊ ထိန်းချုပ်မှုများ ပြုလုပ်ဆဲကာလတွင် နိုင်ငံတွင်းရောဂါပြန့်ပွားမှုအခြေအနေကို တွက်ဆကာ နိုင်ငံတော်က အပိုင်းလိုက်ဖြေလျှော့မှုများ အဆင့်ဆင့်ပြုလုပ်ပေးလျက်ရှိသည်။ ထိုသို့အဆင့်လိုက်ဖြေလျှော့မှုများကြောင့် မြို့တော်ရန်ကုန်၏ လမ်းမများထက်၌ လူအပေါင်း သွားလာမှုက တစ်နေ့ထက်တစ်နေ့ ပြန်လည်များပြားလာသည်။**

ရန်ကုန်မြို့ရှိ အစိုးရဌာနရုံးများ ပုံမှန်အတိုင်း ပြန်လည်လည်ပတ်လာပြီး ပုဂ္ဂလိကလုပ်ငန်းများ ပြန်လည်သက်ဝင်လာမှုကြောင့် ရန်ကုန်မြို့လမ်းမများသည် ပုံမှန်နီးပါး ပြန်လည်လှုပ်ရှားလာသည်။ ရန်ကုန်မြို့၏ လူသွားလူလာက ပုံမှန်နီးပါး ပြန်လည်ရောက်ရှိလာသည့်နည်းတူ လမ်းဘေးဈေးသည်များကလည်း အများပြည်သူပိုင် လမ်းမများပေါ်တွင် တစ်ကျော့ပြန်နေရာယူလာကြသည်။ ရပ်ကွက်အတွင်းလမ်းများ၊ လမ်းကြို လမ်းကြားများအကြားတွင် လပေါင်းများစွာ ခေတ်တိုင်ဖြင့် ချည်နှောင်သော့ခတ်ခဲ့သော လက်တွန်းလှည်းလေးများမှာ လမ်းမများပေါ် စီရရီရောက်လာခဲ့ပြီဖြစ်သည်။



### အမိုးအကာများပြုလုပ်ကာ ဝန်ဆောင်မှုပေး

ယာဉ်သွားလမ်း၊ လူသွားလမ်း နှစ်နေရာပေါ်ခွကာ နေရာယူထားသော လမ်းဘေးဈေးသည်များကြောင့် ခရီးသွားပြည်သူများမှာ လမ်းလျှောက်စရာ နေရာမရှိတော့ပေ။ မိုးတွင်းကာလဖြစ်သည့်အလျောက် စားသောက်သူများ မိုးလေလုံစေရန် လမ်းဘေးဈေးသည်များ ယာယီတဲဖြင့် အမိုးအကာများပြုလုပ်ကာ ဝန်ဆောင်မှုပေးကြသည်။ တစ်နေ့ထက်တစ်နေ့ တိုးပွားလာနေသော လမ်းဘေးဈေးသည်များကိုကြည့်ရင်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ရန်ကုန်ညဈေးတန်းကို မျက်စိထဲမြင်ယောင်လာသည်။ ရန်ကုန်ညဈေးတန်းသည် လမ်းဘေးဈေးသည်များအတွက် စနစ်ကျသော ဈေးကွက် နေရာတစ်ခုကို ဖော်ဆောင်နေခြင်းသာဖြစ်သည်ဟု စိတ်တွင်မြင်ယောင်မိသည်။

### အောင်မြင်မှု မရရှိ

ရန်ကုန်ညဈေးတန်းကို ၂၀၁၆ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ဦးဆောင်ကာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဈေးများဌာနတို့နှင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော်လည်း ဈေးသည်များ စည်းကမ်းဖောက်ဖျက်ခြင်း၊ သန့်ရှင်းသပ်ရပ်မှုအားနည်းခြင်းတို့ကြောင့် အောင်မြင်မှု မရရှိခဲ့ချေ။

ယခုအခါ ရန်ကုန်ညဈေးတန်းကြီးကို နိုင်ငံတကာအဆင့်မီ အကောင်အထည်ဖော်ရန် တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ညွှန်ကြားမှုဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်းပြုလုပ်သော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးဆုံးဖြတ်မှုများအရ ရန်ကုန်ကမ်းနားလမ်း ညဈေးကို Public Private Partnership စနစ်ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် A 25 Myanmar Development Co., Ltd တို့ အကျိုးတူပူးပေါင်း၍ ရန်ကုန်ညဈေးတန်းအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့ခရီးသွားများ အပန်းဖြေလည်ပတ်နိုင်ရန်၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို သိရှိစေရန်၊ အသေးစား စီးပွားရေးလုပ်ငန်းရှင်များအား

**အချပ်ပို (ဂ) သို့**

# လူငယ်တွေမျှော်လင့်ချက်ပြည့်ဝစေမယ့် စီမံကိန်း

■ ဇင်လင်းမြင့်

**မောင်လူအေးတစ်ယောက် ဒလဆိပ်ကမ်းမှာထိုင်ရင်း ချယ်ရီကူးတို့သင်္ဘောအလာကို စောင့်မျှော်နေမိပါတယ်။ နေ့စဉ် ဒလမြို့ကနေပြီး ရန်ကုန်ဘက်ရှိ စက်မှုလက်မှုသိပ္ပံ(အင်းစိန်)ကို တက်နေရတာမို့ သင်္ဘောတစ်တန်၊ ဘတ်စ်ကားတစ်တန်နဲ့ သွားလာနေရတာက စိတ်ပန်း၊ လူပန်းဖြစ်နေတာ အမှန်ပါပဲ။ လူငယ်ဆိုတော့ ဒီလိုပင်ပန်းမှုဒဏ်ကို ခံနိုင်ရည်ရှိပါတယ်။ သူ့လိုပဲ စက်မှုလက်မှုသိပ္ပံ(အင်းစိန်)ကို တက်ရောက်နေတဲ့ သူငယ်ချင်းနှစ်ယောက်လည်းရှိတာမို့ နေ့စဉ် ကျောင်းသွားကျောင်းပြန်ရတာ အဖော်တွေကြောင့် အချိန်ကုန်တယ်။ ပင်ပန်းတယ်ဆိုတဲ့ စိတ်တော့မရှိပါဘူး။ ဒါပေမယ့် ဒီလိုမိုးရာသီကာလမှာ ကူးတို့သင်္ဘောကိုစောင့်မျှော်ရတဲ့အချိန်တွေမှာဆိုရင်တော့ ငါတို့ ဒလမြို့မှာ စက်မှုလက်မှုသိပ္ပံကျောင်းရှိရင်ကောင်းမှာပဲလို့ အကြိမ်ကြိမ် တွေးနေမိပါတယ်။ တစ်ခါတစ်ရံ အိပ်မက်အဖြစ်တောင် ညဘက်အိပ်ရင်း ဖတ်နေတတ်တာပါ။ ဟော...အခုတော့ ဒလမြို့မှာ စက်မှုလက်မှုသိပ္ပံကို တည်ဆောက်မှုတွေ စတင်နေပြီဖြစ်လို့ မောင်လူအေးနဲ့ သူငယ်ချင်းတွေအပါအဝင် လူငယ်တွေရဲ့ရင်ထဲမှာ အနာဂတ်စိတ်ကူးတွေနဲ့အတူ ကျေနပ်ပီတိဖြစ်နေကြပြီ ဖြစ်ပါတယ်။**




အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်)ကို တွေ့ရစဉ်။

အခုဆိုရင် ဒလမြို့မှာ တည်ဆောက်မှုတွေစတင်နေပြီဖြစ်တဲ့ စက်မှုလက်မှုသိပ္ပံဟာ မြေပြင်လုပ်ငန်းတွေ စတင်နေပြီ ဖြစ်ပါတယ်။ ဒီလိုလုပ်ငန်းတွေ စတင်မှုပြုလုပ်နေတာကို မောင်လူအေးတို့သူငယ်ချင်းတွေ မကြာခဏ သွားရောက် ကြည့်ရှုရင်း အင်အားတွေ တိုးပွားလာသလိုခံစားနေကြပါတယ်။ စက်မှုလက်မှုသိပ္ပံကျောင်း တည်ဆောက်တဲ့နေရာကလည်း ဒလမြို့နယ် ရာဇသင်္ကြန်ရပ်ကွက်အနီး သပြေကုန်းရွာ ထန်းတပင်လမ်းထောင့်မှာရှိတဲ့ မြေဧက ၂၀ ခန့်ပေါ်မှာ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

"ဒီစက်မှုလက်မှုသိပ္ပံကို ပြည်ထောင်စု ရန်ပုံငွေ ၂၀၁၉-၂၀၂၀ ဘတ်ဂျက်နဲ့ တည်ဆောက်မှာဖြစ်ပါတယ်။ မြေပြင်လုပ်ငန်းတွေတော့ စတင်နေပြီဖြစ်ပါတယ်။ ဒီလို စက်မှုလက်မှုသိပ္ပံကျောင်းမျိုးက ပေါ်ထွန်းသင့်တာကြာပါပြီ။ အနာဂတ်မှာ ဖွံ့ဖြိုးလာမယ့် ဒလမြို့နယ်အတွက်ရော၊ စက်မှုလုပ်ငန်းတွေအတွက်ပါ အနာဂတ်လူငယ်တွေအတွက် လိုအပ်နေတာပါ။ တစ်နည်းပြောရရင်တော့ ကျွန်တော်တို့ရဲ့ အိပ်မက်တစ်ခုပေါ့၊ ကျွန်တော်တို့တိုင်းဒေသကြီးလွှတ်တော်မှာ တင်ပြထားတာကြာပြီ။ အခုတော့ ခွင့်ပြုချက်တွေရပြီး စီမံကိန်းအကောင်အထည်ဖော်ဖို့ စတင်နေပြီ ဖြစ်ပါတယ်"ဟု ဒလမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေးက မြန်မာ့အလင်းကို ပြောပြပါတယ်။

ဒလမြို့နယ်မှာ စက်မှုလုပ်ငန်း၊ စက်မှုဇုန်၊ မြို့သစ် စီမံကိန်းတွေအပြင် စီးပွားရေးနဲ့ တည်ဆောက်ရေးလုပ်ငန်း စီမံကိန်းသစ်တွေ အများအပြားထွက်ပေါ်လာဖို့ ရှိနေတာမို့ မောင်လူအေးတို့လို ဒေသခံလူငယ်တွေအတွက် ခေတ်မီစက်မှုနည်းပညာရပ်တွေ တတ်ကျွမ်းနေဖို့လိုအပ်ပါတယ်။ အခုဆိုရင် အဲဒီလိုအပ်ချက်ကို ဒလမြို့နယ် လွှတ်တော်ကိုယ်စားလှယ်နဲ့တာဝန်ရှိသူတွေက တင်ပြတောင်းဆိုမှုတွေကြောင့် ရလဒ်ကောင်းထွက်ပေါ်လာခဲ့တာပဲဖြစ်ပါတယ်။

ဒီစက်မှုလက်မှုသိပ္ပံကျောင်း တည်ဆောက်ရေးကို ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်က စတင်ပြီးစီမံကိန်းကာလ နှစ်နှစ်ခန့်အတွင်း အပြီးတည်ဆောက်သွားနိုင်ရေး မျှော်မှန်းချက်ထားဆောင်ရွက်နေတာ ဖြစ်ပါတယ်။ နိုင်ငံတစ်ဝန်းမှာ ကိုဗစ်-၁၉ ကြောင့် စီမံကိန်းလုပ်ငန်းတွေ အကောင်အထည်ဖော်မှု နှောင့်နှေးမှုတွေနဲ့ ကြုံတွေ့ခဲ့ရပေမယ့် တတ်နိုင်သမျှ ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်သွားဖို့ လုပ်ကိုင်နေပါတယ်။

ဒလမြို့နယ်ဟာ ရပ်ကွက်ပေါင်း ၂၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၃ စုနဲ့ အိမ်ထောင်စုပေါင်း ၃၀၀၀၀ ကျော် တည်ရှိနေတဲ့အပြင် အလုပ်လုပ်ကိုင်နိုင်တဲ့ လူငယ်လူရွယ်တွေလည်း အများအပြား ရှိနေပါတယ်။ မောင်လူအေးတို့လို စက်မှုလက်မှုပညာရပ်တွေကို အဆင့်မြင့်မြင့်သင်ကြား၊ သင်ယူလိုတဲ့ လူတွေ အများအပြားရှိနေပါတယ်။ အခုလို မိမိတို့မြို့နယ်မှာ စက်မှုလက်မှုသိပ္ပံပေါ်ထွန်းလာခဲ့ရင်တော့ သူတို့တွေလည်း စိတ်ဓာတ်တက်ကြွစွာနဲ့ ဒီလိုပညာရပ်တွေကို ဆည်းပူးကြမှာ ဖြစ်ပါတယ်။

ဒလမြို့နယ်မှာ တည်ဆောက်မှု စတင်နေပြီး မြေပြင်လုပ်ငန်းတွေ လုပ်ကိုင်နေပြီဖြစ်တဲ့ စက်မှုလက်မှုသိပ္ပံကျောင်း စီမံကိန်းအတွက် စီမံကိန်းလျာထားချက်တွေက ကျပ်သန်းပေါင်း ၄၀၉၉ ဒသမ ၉ သန်းဖြစ်တယ်လို့ စီမံကိန်းဆိုင်ရာ အချက်အလက်တွေမှာ ဖော်ပြထားပါတယ်။ ဒီဘဏ္ဍာရေးနှစ်ဖြစ်တဲ့ ၂၀၁၉-၂၀၂၀ အတွက် စီမံကိန်းလုပ်ငန်းခွင့်ပြုငွေတွေကိုလည်း သတ်မှတ်ချထားပေးပြီးဖြစ်လို့ လုပ်ငန်းတွေအရှိန်အဟုန်နဲ့ ဆောင်ရွက်တော့မှာ ဖြစ်ပါတယ်။

ဒီစက်မှုလက်မှုသိပ္ပံ တည်ဆောက်ရေးလုပ်ငန်းတွေအနက် အာစီသုံးထပ်စာသင်ဆောင် တစ်လုံး၊ ဝန်ထမ်းအိမ်ရာလေးထပ်အဆောက်အအုံနှစ်လုံး၊ သံမဏိပစ္စည်းအခြေပြုတည်ဆောက်ထားတဲ့ အလုပ်ရုံတစ်ရုံ၊ ခြံစည်းရိုးကာရံခြင်း လုပ်ငန်းတွေကို စတင်လုပ်ကိုင်သွားမှာဖြစ်ကြောင်း သိရပါတယ်။ ဆက်လက်ပြီး ကျောင်းသား ကျောင်းသူ အိပ်ဆောင်တွေကိုလည်း တင်ဒါအောင်တဲ့ ကုမ္ပဏီက တည်ဆောက်သွားမှာဖြစ်ပါတယ်။

ဒလမြို့နယ် ဝန်းကျင်မှာတည်ရှိနေတဲ့ နေရာတွေက လူငယ်အများအပြားအတွက် အနာဂတ်မျှော်လင့်ချက်တွေကို အကောင်အထည်ဖော်ပေးနိုင်မယ့် ဒီစက်မှုလက်မှုသိပ္ပံဟာ ဒလဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အချင်းပြည့်ဝပြီး စွမ်းဆောင်ရည် ကောင်းမွန်တဲ့ ပညာတတ်လူငယ်တွေကို မွေးထုတ်ပေးနိုင်တော့မှာ ဖြစ်ပါတယ်။ မောင်လူအေးတို့လို ဒလမြို့ဇာတိ လူငယ်တွေဟာ ဒီလိုကျောင်းမျိုးကို မျှော်လင့်တောင့်တနေခဲ့ကြတာ ဖြစ်ပါတယ်။ ဒီလို သိပ္ပံကနေ ကျောင်းဆင်းလာတဲ့ လူငယ်တွေအတွက် ဒလဒေသ ဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းခွင်တွေအတွက် အချိတ်အဆက်မိမိနဲ့ ဝင်ရောက်လုပ်ကိုင်နိုင်တော့မှာ ဖြစ်ပါတယ်။

"ရန်ကုန်တိုင်းဒေသကြီးမှာ ခရိုင်လေးခရိုင်ရှိပြီး အဲဒီလေးခရိုင်စလုံးမှာ နည်းပညာနဲ့သက်မွေးပညာအခွင့်အလမ်းရရှိနေဖို့ ပညာရေးဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အစည်းအဝေးမှာ ဒလနည်းပညာသိပ္ပံတစ်ခုဆောက်လုပ်ဖို့ မြေနေရာရရှိမှုကို ဆုံးဖြတ်ပြီးဖြစ်တာကြောင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာ စတင်အကောင်အထည်ဖော်ဆောင်ရွက်မှာ ဖြစ်ပါတယ်" ဟု ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ၂၀၁၉ ခုနှစ် မေ ၃ ရက်က ကျင်းပခဲ့တဲ့ ပြည်သူ့လွှတ်တော် အစည်းအဝေးမှာ ပြောကြားထားပြီး ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ အရှေ့ပိုင်းခရိုင်တွင် တောင်ဒဂုံမြို့နယ်၊ တောင်ပိုင်းခရိုင်တွင် သန်လျင်မြို့နယ်၊ မြောက်ပိုင်းခရိုင်တွင် အင်းစိန်မြို့တွင် GTI အဆင့်သက်မွေးပညာသင်ကျောင်းသစ်များ ဖွင့်လှစ်ရန်အတွက် ပညာရေးဝန်ကြီးဌာနက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ အခုအချိန်မှာတော့ အနောက်ပိုင်းခရိုင်မှာ သက်မွေးပညာကျောင်းအဖြစ် စက်မှုလက်မှုသိပ္ပံကို ဒလမြို့နယ်မှာ ဖွင့်လှစ်နိုင်ရေးလုပ်ကိုင်နေပြီ ဖြစ်ပါတယ်။

ဒီလိုအခြေအနေတွေကြောင့် မောင်လူအေးတို့လို ပညာဆည်းပူးနေတဲ့ လူငယ်တွေအတွက်ရော ဒလမြို့နယ်ရဲ့ အနာဂတ်စီမံကိန်းတွေအတွက်ရော အကျိုးများစွာရှိစေမယ့် စက်မှုလက်မှုသိပ္ပံ(ဒလ)ဟာ မကြာခင်ကာလမှာ ပေါ်ထွက်လာတော့မယ့် ရန်ကုန်-ဒလမြစ်ကူးတံတားနဲ့အတူ ဖွံ့ဖြိုးတိုးတက်မှုတွေကို ဖော်ကျူးပေးနိုင်တော့မှာ ဖြစ်ပါတယ်။ ။

**❖ ဒလမြို့နယ် ဝန်းကျင်မှာတည်ရှိနေတဲ့ နေရာတွေက လူငယ်အများအပြားအတွက် အနာဂတ် မျှော်လင့်ချက်တွေကို အကောင်အထည်ဖော်ပေးနိုင်မယ့် ဒီစက်မှုလက်မှုသိပ္ပံဟာ ဒလဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အချင်းပြည့်ဝပြီး စွမ်းဆောင်ရည်ကောင်းမွန်တဲ့ ပညာတတ်လူငယ်တွေကို မွေးထုတ်ပေးနိုင်တော့မှာ ဖြစ်ပါတယ်။**

---

*အချပ်ပို (ဃ) မှ*

"နောက်တစ်ခါကိစ္စက ရေကူးရေတွန်းအားစက်ရုံနဲ့ ကုက္ကိုင်းရေကန်အကြားမှာပဲ လူနေရပ်ကွက်တွေ ရှိနေတဲ့အတွက် ဂျိုးဖြူပိုက်ကနေပဲ ရေကိုဖောက်ပေးရတာတွေ ရှိလာပြန်ပါတယ်။ အဲဒီလို ရေကိုဖောက်ပေးလာရတဲ့ အကျိုးဆက်က ဘာဖြစ်လာသလဲဆိုတော့ ကုက္ကိုင်းကန်ကြီးကို ရေပြည့်အောင် မဖြည့်နိုင်တော့ဘူး။ ဒ့ါအပြင် ဂျိုးဖြူပိုက်လိုင်းတစ်လျှောက်မှာက မင်္ဂလာဒုံ၊ မြောက်ဥက္ကလာပ၊ မရမ်းကုန်းစတဲ့မြို့နယ်တွေကလည်း ဂျိုးဖြူရေကိုပဲ အဓိကသုံးစွဲမှုတွေရှိနေတော့ ခွဲဝေပေးနေရပြန်ရော။ ဒါကြောင့် မူလရည်ရွယ်ထားတဲ့ Downtown Area ကို ရေပေးဝေနိုင်ရေးက အားနည်းမှုတွေ ဖြစ်လာရပြန်ပါတယ်။"

"ဂျိုးဖြူရေပေးရေးစနစ်မှာက တစ်ရက်ကို ရေဂါလန် ၂၇ သန်းသာ ပေးဝေနိုင်တာမို့ အားလုံးမျှသုံးလာရတဲ့ အခြေအနေကြောင့် အချိန်ပိုင်း ရေပေးဝေရေးစနစ် ဖြစ်ပေါ်လာရခြင်းပါ။ အဲဒါကြောင့် Ground Water (မြေအောက်ရေ)ကို အားကိုးပြီး ရေပေးဝေရေးစနစ်ကို စတင်အသုံးပြုလာရတာ ဖြစ်ပါတယ်။ ဒါပေမယ့် မြေအောက်ရေက ထုတ်ယူသုံးစွဲမှု အချိန်ကြာလာတာနဲ့အမျှ ရေအရည်အသွေးက တဖြည်းဖြည်းနဲ့ ကျဆင်းလာတတ်တဲ့ သဘောရှိပါတယ်။"

"ဆက်ပြောရမယ်ဆိုရင်တော့ အဲဒီလို အခြေအနေမျိုးတွေ ဖြစ်လာလိမ့်မယ်လို့လည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေနဲ့ ကြိုတင်တွက်ဆ မှန်းဆထားပြီးလည်း ဖြစ်ပါတယ်။ နောက်ထပ်ရလာနိုင်မယ့် ရေအရင်းအမြစ်တွေကနေရယူပြီး ပေးနိုင်ဖို့ကိုလည်း Master Plan တွေ ရေးဆွဲပြီးသားပါ။ အခု ကုက္ကိုဂရေပေးဝေရေးစီမံကိန်းကို JICA ODA Loan နဲ့ အကောင်အထည်ဖော်နေပါပြီ။ လာမယ့် ၂၀၂၅ ခုနှစ်မှာ စီမံကိန်းပြီးစီးမယ်။ အဲဒီအခါကျရင်တော့ ရေပေးဝေရေးဇုန် ၁ ဖြစ်တဲ့ Downtown Area အပြင် မြို့နယ် ၁၄ မြို့နယ်ကိုပါ ရေအပြည့်အဝပေးဝေသွားနိုင်တော့မှာပါ။ အဲဒီစီမံကိန်းက ပထမအဆင့်မှာကို တစ်ရက် ရေဂါလန်သန်း ၆၀ အထိ ပေးနိုင်မှာပါ။"

"နောက်တစ်ခါ တစ်ဆက်တစ်စပ်တည်း ရေပေးဝေရေးဇုန် ၉ ဖြစ်တဲ့ လှိုင်သာယာမြို့နယ်ကိုပါ ပေးနိုင်တဲ့အဆင့်အထိရှိလာမှာပါ။ စီမံကိန်းက စတုတ္ထအဆင့်အထိ သွားမှာဆိုတော့ ဒီစီမံကိန်းကြီးပြီးသွားရင် တစ်ရက်ကို ရေဂါလန်ပေါင်း ၁၈၀ အထိ ပေးဝေသွားနိုင်တော့မှာ အသေအချာပါပဲ။"

"JICA ODA Loan နဲ့ပဲ ဆောင်ရွက်နေတဲ့ နောက်စီမံကိန်းတစ်ခုက လဂွန်းပြင် ရေပေးဝေရေးစီမံကိန်းပါ။ ၂၀၂၂ ခုနှစ်မှာ ပြီးမယ်။ ရေပေးဝေရေးဇုန်တွေဖြစ်တဲ့ ၇ နဲ့ ၈ မှာရှိတဲ့ ဒဂုံလေးမြို့နယ်အပြင် သီလဝါအထူးစီးပွားရေးဇုန်အထိ တစ်ရက်ကို ရေဂါလန်သန်း ၄၀ လောက်အထိ ပေးဝေသွားနိုင်မယ့်အစီအစဉ်တွေရှိပါတယ်။"

" ADB ODA Loan နဲ့ပဲ အကောင်အထည်ဖော်နေတဲ့ နောက်ထပ်စီမံကိန်းတစ်ခုကတော့ ငမိုးရိပ်ရေလှောင်ကန်ကနေ ရေကိုပိုက်လိုင်းတွေနဲ့ သွယ်ယူပြီး ငမိုးရိပ်ရေသန့်စင်စက်ရုံ (ညောင်နှစ်ပင်)၊ အဲဒီကနေတစ်ဆင့် တစ်ရက်ကို ရေဂါလန်သန်း ၁၈၀ ထိ ပေးဝေနိုင်ဖို့ပါ။ စီမံကိန်းက လက်ရှိဒုတိယအဆင့်အထိ ပြီးနေပါပြီ။ အခုရေသန့်စက်ကနေ တစ်နေ့ရေဂါလန်သန်း ၉၀ ပေးနေပါပြီ။ အဲဒီစီမံကိန်းကလည်း စတုတ္ထအဆင့်အထိသွားမှာပါ။ အဲဒီကနေ ရေပေးဝေမှုကဇုန် ၂ နှင့် ၃၊ ၄၊ ၅ အရှေ့ပိုင်းနဲ့ ဇုန် ၆ တို့ကို ပေးဝေသွားမှာပါ။"

"လှော်ကားကနေ ရေပေးဝေရေးစီမံကိန်းကိုတော့ AFD ODA Loan နဲ့ပဲ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဇုန် ၃ နဲ့ ၄ တို့ရဲ့ အနောက်ပိုင်းအတွက် ရည်ရွယ်တာပါ။ စီမံကိန်း ရေးဆွဲထားပြီး ဖြစ်ပါတယ်။ ဒလမြို့နယ် ပါဝင်နေတဲ့ ဇုန် ၁၀ ကိုတော့ တိုးမြစ်ရေပေးဝေရေးစီမံကိန်းကနေ ပေးဝေဖို့အစီအစဉ်ရှိထားပါတယ်။ စီမံကိန်းအမြန်ဆုံးအကောင်အထည်ဖော်ဖို့ကိုလည်း အကောင်းဆုံးသောနည်းလမ်းတွေကို ရွေးချယ်လျက်ရှိနေပါတယ်။ ရေလုံလောက်စွာ ပေးနိုင်ဖို့အတွက် ရေတို (Short Team)နည်းလမ်းအရ ရန်ကုန်ပေါက်ရေပေးဝေရေးစခန်းကို အဆင့်မြှင့်တင်သွားမှာ ဖြစ်ပါတယ်။ ရေရှည်အဓိက (Mid Term) အနေနဲ့ပါ။ တွံတေးတူးမြောင်းဘေး တွံတေးမြို့နယ် ဘုရားကြီးစုကျေးရွာအနီးမှာ Japan JICS Grant ဖြင့်ရေသန့်စင်စက်ရုံကို ၂၀၂၂ ခုနှစ်မှာ အပြီးတည်ဆောက်သွားဖို့ အစီအစဉ်တွေက ရှိပြီးသားပါ။"

"ဒါဆို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်တီ ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့အနေနဲ့ တိုးတက်လာတဲ့ လူဦးရေနဲ့အညီ ရန်ကုန်မြို့ကြီးတစ်မြို့လုံးကို လွှမ်းခြုံနိုင်စေမယ့် ရေပေးဝေရေးအစီအမံတွေကို သိရှိနိုင်ပြီလို့ထင်ပါတယ်။ ဒါကြောင့် ရန်ကုန်ရေချစ်သူတွေ မကြာမီကာလမှာ သန့်ရှင်းကြည်လင်တဲ့ ရေကောင်းရေသန့်တွေကို လုံလုံလောက်လောက် ပြည့်ပြည့်ဝဝ ကြီးသုံးစွဲလာနိုင်တော့မှာ ဖြစ်ပါတယ်။"

"တစ်ဆက်တည်းပဲ ရန်ကုန်ရေချစ်သူတွေကိုမေတ္တာရပ်ခံချင်တာကတော့ စီမံကိန်းများ မပြီးသေးမီ (ရေအရင်းအမြစ်သစ်များ မတိုးချဲ့နိုင်သေးမီ)မှာ ရရှိထားပြီးဖြစ်တဲ့ ရေများကို အချိန်ပိုင်း မျှဝေသုံးစွဲကြဖို့ မေတ္တာရပ်ခံလိုပါတယ်။ နောက်တစ်ချက်က ရရှိပြီးသားရေများကို အကျိုးရှိရှိ အသုံးပြုကြစေချင်ပါတယ်။ အဓိက ရေအလေအလွင့်နည်းပါးနိုင်ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းပေးကြပါလို့ ပန်ကြားလိုပါတယ်"လို့ဆိုရင်း အဆုံးသတ်ခဲ့ပါတယ်။ ။

# ရန်ကုန်မြို့ပြည်သူများ သွားလာရေးလွယ်ကူစေရန် အင်းစိန်မူလ မီးရထားခုံးကျော်တံတားပေါ်မှ မင်းကြီးလမ်းဘက်သို့ တံတားလက်တက်ထိုး အလှုဆင်

ရွှေမြိုင်မောင်ဖုန်း

မြို့တော် ရန်ကုန်ဟာ စီးပွားရေး မြို့တော်ကြီး အဖြစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရက နိုင်ငံတကာက ရင်းနှီးမြှုပ်နှံမှုတွေနဲ့ မြို့တွင်း မြို့ပြင်တွေမှာ မြို့တော်စည်ပင် ဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်းတွေချမှတ်လို့ မျက်စိ တစ်မှိတ် အားကျစရာ အကောင်အထည်ဖော် တည်ဆောက်ရေးလုပ်ငန်းတွေ ဆောင်ရွက် နေကြပါတယ်။ တိုးချဲ့ပြုပြင်ပြောင်းလဲမှုအရ အင်းစိန်မြို့နယ်အတွင်း လက်ရှိအသုံးပြုလျက် ရှိသည့် မူလရထားလမ်း ခုံးကျော်တံတား အမှတ်(၂)အင်းစိန်နှင့်ဆက်သွယ်ကာ ခရီးသွား ပြည်သူအများ လွယ်ကူချောမွေ့စွာ သွားလာ နိုင်စေရန် မူလမီးရထားခုံးကျော် တံတား ပေါ်မှ မင်းကြီးလမ်းဘက်သို့ ထပ်မံ၍ တံတားလက်တက်ထိုး အလှုဆင်နေသည် မှာ ၈၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်ကို ကြည်နူးဖွယ် တွေ့မြင်သိရှိခဲ့ရသည်။



ထပ်မံတိုးချဲ့ပြုပြင်ဆောင်ရွက်ဆဲ အင်းစိန်မီးရထားခုံးကျော်တံတားကို တွေ့ရစဉ်။

## စက်တင်ဘာလကုန်အပြီးတည်ဆောက်

မြန်မာ့မီးရထား(မြို့ပြ) အင်ဂျင်နီယာ ဌာန တံတားပေါင်းအလုပ်ရုံ (မလွကုန်း)မှ တာဝန်ယူဆောင်ရွက်နေသော ရထားလမ်းခုံး ကျော် တံတားသစ် (မင်းကြီးလမ်းဘက်ခြမ်း) တည်ဆောက်ရေးစီမံကိန်းသည် လက်ရှိတွင် တံတားသံပေါင်တပ်ဆင်ခြင်း လုပ်ငန်းများ ပြီးစီးကာ လုပ်ငန်းပြီးစီးမှု ၈၅ ရာခိုင်နှုန်းခန့် ပြီးစီးလာပြီး လာမည့်စက်တင်ဘာလကုန် ပိုင်း အပြီးတည်ဆောက်ရန် အရှိန်အဟုန် မြှင့် ဆောင်ရွက်နေကြောင်း ထိုတံတား တည်ဆောက်ရေးစီမံကိန်း တာဝန်ခံရုံးမှ သိရ သည်။

## ညပိုင်းတွင် ကြိုးပမ်းလုပ်ဆောင်မည်

"ဒီခုံးကျော်တံတားတည်ဆောက်ခြင်း လုပ်ငန်းတွေက အခုအခြေအနေမှာ အလုံးစုံ ပြီးစီးမှုအနေနဲ့ဆိုရင် ၈၅ ရာခိုင်နှုန်းနီးပါး လောက်ပြီးလာပြီပေ့ါ။ ဒီကြားထဲမှာ ကိုဗစ် ကပ်ရောဂါကလည်းဖြစ်နေတော့ လုပ်ငန်း တွေက အနည်းငယ်တော့နှောင့်နှေးကြန့်ကြာ တာလေးတွေရှိတယ်။ ဒါပေမယ့် လာမယ့် စက်တင်ဘာလကုန်ပိုင်းကိုတော့ ပြီးစီးအောင် ဆောင်ရွက်ဖို့ ကြိုးပမ်းလုပ်ဆောင်နေပါတယ်။ တံတားတိုင်တွေပြီးလို့ တံတားပေါင်တွေ၊ သံပေါင်တွေ၊ PC Girder ပေါင်တွေ တင်ပြီး သွားပါပြီ။ ထပ်မံပြီးတော့ ကြမ်းခင်းလောင်း တာ၊ ကွန်ကရစ်ခင်းတာပဲ ကျန်တော့တယ်။ လုပ်ငန်းတွေကိုတော့ သွားလာရေးလည်း အဆင်ပြေအောင် မထိခိုက်အောင် ညပိုင်း မှာ ဆောင်ရွက်မှာ ဖြစ်ပါတယ်"ဟု မြန်မာ့ မီးရထား(မြို့ပြ) အင်ဂျင်နီယာဌာန တံတား ပေါင်အလုပ်ရုံ(မလွကုန်း) အင်ဂျင်နီယာမှူး ဦးမောင်ချိုက ပြောသည်။

## အချောသပ်လုပ်ငန်းများဆောင်ရွက်

ယခုအခါတွင် တင်ဒါအောင်မြင်သော A1 ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူ ဆောင်ရွက်နေပြီး တံတားတိုင်လေးတိုင် တည်ဆောက်ခြင်း၊ တံတားသံပေါင်များ တင်ခြင်း၊ PC Girder များ တင်ခြင်းလုပ်ငန်း ပြီးစီးနေပြီဖြစ်ကြောင်း၊ P28၊ P29၊ AB (ချဉ်းကပ်)တိုင်းများကို ကွန်ကရစ်တံတား ပေါင်များ တပ်ဆင်ခြင်းလုပ်ငန်းများ P26(A)၊ P26(B)၊ P27၊ P28 တံတားတိုင်များကို Streel Box Girders များဖြင့် ဆက်သွယ်တပ်ဆင် ခြင်းလုပ်ငန်းများ ပြီးစီးနေပြီဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ကွန်ကရစ် Slab လောင်းခြင်း၊ ကားလမ်းပြုလုပ်ခြင်း၊ လူသွားလမ်း ပလက် ဖောင်းနှင့် Hand Rail များ တပ်ဆင်ခြင်း၊ ဆေးသုတ်ခြင်းနှင့် အချောသပ်လုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို စက်တင်ဘာလကုန် ပိုင်းအပြီးဆောင်ရွက်ရန် အဆင့်ဆင့်ပြုလုပ် သွားမည်ဖြစ်ကြောင်း သိရသည်။

## ဆက်စပ်ဖွဲ့စည်းတည်ဆောက်

ထိုအင်းစိန်ခုံးကျော်တံတား မင်းကြီး လမ်းဘက်ခြမ်း လက်တက်တံတားကို ပြီးခဲ့ သည့် ဘဏ္ဍာနှစ် ၂၀၁၈-၂၀၁၉ မှ စတင်ကာ ယခုအချိန်ထိ တည်ဆောက်နေခြင်းဖြစ် သည်။ ထိုတံတားလက်တက်သည် ယခင် အင်းစိန်မီးရထား ခုံးကျော်တံတားကြီး အား ဆက်သွယ်ကာ ခုံးကျော်တံတားအဖြစ် ဗဟိုလမ်းကို ဖြတ်သန်းပြီး မင်းကြီးလမ်း အတိုင်း တံတားတိုင် P26(A)၊ P26(B)၊ P27၊ P28၊ P29၊ AB (ချဉ်းကပ်)တစ်ခုတို့ဖြင့် ဆက်စပ် ဖွဲ့စည်းတည်ဆောက်ထားခြင်း ဖြစ်သည်။

## ကျပ်သန်းပေါင်း ၁၉၁၀ ကုန်ကျ

စီမံကိန်းသည် အောက်ခံ Bord Pile Foundation ဖြစ်ကာ RC Girder နှင့် Stell Girder ပေါင်းထားသော ကွန်ကရစ်ကြမ်းခင်း တံတားဖြစ်ကြောင်း သိရသည်။

တံတားသည် အရှည် ၄၄၁ ပေနှင့် ချဉ်းကပ် တံတားအရှည်သည် ၁၂၃ ပေ ရှိသည်။ အကျယ် သည် ဘေးတစ်ဖက်တစ်ချက် လူသွားလမ်း ပလက်ဖောင်းပါဝင်ကာ ကားအဆင်းသာရှိ၍ တစ်လမ်းသွားအကျယ် ၁၆ ပေ ရှိပြီးတံတား အမြင့်သည် ကားလမ်းအလွတ် အမြင့်ဆုံး နေရာ၌ ၁၈ ပေမြင့်သည်။ စီမံကိန်းကို ကျပ်သန်းပေါင်း ၁၉၁၀ အကုန်အကျခံ တည်ဆောက်ခြင်းဖြစ်သည်ဟု ယင်းတံတား တည်ဆောက်ရေးစီမံကိန်းတာဝန်ခံရုံးမှ သိရ သည်။

## လွယ်လွယ်ကူကူသွားလာလို့ရ

တံတားတည်ဆောက်ရေး တာဝန်ခံ အင်ဂျင်နီယာမှူး ဦးမောင်ချိုက "ခရီးသွား ပြည်သူတွေဟာ အင်းစိန်ဈေးဘက်ကနေ လာပြီး အင်းစိန်ခုံးကျော်တံတားကြီးကနေ ဒီဘက်မင်းကြီးလမ်းကို ဆင်းလို့ မရပါဘူး။ ဗဟိုလမ်းကိုတော့ ဆင်းလို့ရတယ်။ ကျွန်တော် တို့ အင်းစိန်ဈေးကနေ မင်းကြီးလမ်းဘက်ကို လာချင်ရင် တံတားအတိုင်း အဆုံးထိလာပြီး ကာမှ အဲဒီကနေ နောက်ကြောင်းပြန်လှည့်ပြီး တံတားဘေးကနေ မင်းကြီးလမ်းဘက်ကို ပြန်သွားလို့ ရတာပါ။ သွားလာတဲ့သူတွေ အတွက်တော့ ခရီးထောက်တာပေ့ါ။ အခု တော့ ခုံးတံတားကနေ မင်းကြီးလမ်းဘက်ကို ကွေ့ဆင်းရုံနဲ့ရမယ်။ တံတားလက်တက် တည်ဆောက်နေပြီဆိုတော့ ပြီးစီးသွားရင် လှိုင်သာယာဘက်နဲ့ အင်းစိန်ဈေးဘက် က ခရီးသွားသူတွေဟာ တံတားကြီးအတိုင်း မင်းကြီးလမ်းဘက်မှာရှိတဲ့ အင်းစိန်ဆေးရုံ၊ တရားရုံး၊ အင်းစိန် (GTI) စတဲ့နေရာတွေဘက် ကို လွယ်လွယ်ကူကူ သွားလာလို့ရမှာ ဖြစ် ပါတယ်။ ဒီအတွက် လာမယ့်ဩဂုတ်လကုန်ပိုင်း ပြီးစီးနိုင်ရေးကို ဆောင်ရွက်နေပါတယ်" ဟု ပြောသည်။

## JNM ကုမ္ပဏီမှထုတ်လုပ်

ထိုအင်းစိန်ခုံးကျော်တံတား မင်းကြီး လမ်းဘက်ခြမ်း လက်တက်တံတားကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား (မြို့ပြ) အင်ဂျင်နီယာဌာန တံတားပေါင်အလုပ်ရုံ (မလွကုန်း) ၏ ဘတ်ဂျက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး တင်ဒါ အောင်မြင်သော A1 ဆောက်လုပ်ရေးကုမ္ပဏီ က တည်ဆောက်နေခြင်းဖြစ်သည်။ Stell Box Girders များကို JNM ကုမ္ပဏီမှ ထုတ်လုပ် ဆောင်ရွက်ကြောင်း သိရသည်။

ယခင်က အင်းစိန်ပန်းခြံဘက်မှ အင်းစိန် ဈေးဘက်သို့အတက်အဆင်းလမ်း နှစ်လမ်းသွား မီးရထားခုံးကျော်တံတား အမှတ်(၁)ရှိပြီး ယာဉ်ကြောကျပ်တည်းမှုကြောင့် ဖြေလျှော့ သည့်အနေဖြင့် အနောက်ရပ်မှ အရှေ့ရပ်သို့ အဆင်းတစ်လမ်း၊ အနောက်အရပ်မှ တောင် အရပ်သို့အဆင်းတစ်လမ်း အင်းစိန်မီးရထား ခုံးကျော်တံတား အမှတ် (၂)ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်ကာ မြန်မာ့ မီးရထားက တာဝန်ယူ တည်ဆောက်ခဲ့ပြီး ဖြစ်သည်။

ယခုအခါ အဆိုပါတံတား အမှတ်(၂)ပေါ် မှ တောင်ဘက်အရပ်ရှိ မင်းကြီးလမ်းသို့ တိုးချဲ့ တည်ဆောက်ခြင်းဖြစ်သည်။ တည်ဆောက် မှု ပြီးစီးပါက မီးရထားသွား သံလမ်းနှင့် မော် တော်ယာဉ်များသွား ကားလမ်းကိုကျော်ကာ ပေါ်ထွက်လာမည့် အဆင်းတစ်လမ်းမောင်း အင်းစိန် မီးရထားခုံးကျော်တံတားကြီးကို လှပဆန်းသစ်သောအမြင်ဖြင့် မကြာမီတွေ့မြင် လာတော့မည်ဖြစ်သည်။ ။

---

*အရှေ့တောင်အာရှတွင် အရှည်ဆုံးညဈေးတန်း ဖြစ်လာမည့် ကမ်းနားလမ်း ညဈေးတန်း . . . မှ*

အဓိကကူညီပံ့ပိုးပေးရန်၊ ရန်ကုန်မြို့၏ညအလှ ကို ခံစားပြီး အပန်းဖြေနိုင်ရန်၊ ကမ္ဘာလှည့် ခရီးသွားများအတွက် ရန်ကုန်မြို့၏ ဆွဲဆောင် မှုရှိသော အပန်းဖြေနေရာတစ်ခု ဖြစ်လာရန်၊ အရှေ့တောင်အာရှတွင် အရှည်ဆုံး ညဈေး တစ်ခုအဖြစ် စံချိန်တင်ရန် ရည်ရွယ်ချက်များ ဖြင့် ရန်ကုန်ညဈေးကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။

ရန်ကုန်ညဈေးတန်းကြီးကို အပိုင်း ငါးပိုင်း ခွဲ၍ ဆောင်ရွက်လျက်ရှိပြီး အပိုင်းတစ်မှာ ကမ်းနားလမ်း ပန်းဆိုးတန်းလမ်းမှ ရွှေတိဂုံ ဘုရားလမ်းအထိ လည်းကောင်း၊ အပိုင်းနှစ်ကို ကမ်းနားလမ်း ရွှေတိဂုံဘုရားလမ်းမှ လသာ လမ်းအထိလည်းကောင်း၊ အပိုင်းသုံးကို ကမ်းနားလမ်း လသာလမ်းမှ လမ်းမတော်အထိ လည်းကောင်း၊ အပိုင်းလေးကို ကမ်းနားလမ်း လမ်းမတော်လမ်းမှ လမ်းသစ်လမ်းအထိ လည်းကောင်း၊ အပိုင်းငါးကို ကမ်းနားလမ်း ပန်းဆိုးတန်းလမ်းမှ ဗိုလ်တထောင်ဘုရား လမ်းအထိ လည်းကောင်း ဆောင်ရွက်မည် ဖြစ်သည်။

ရှေ့ပြေး ကနဦးအစီအစဉ်အဖြစ် အပိုင်း တစ် ဖြစ်သည့် ကမ်းနားလမ်း၊ ပန်းဆိုးတန်း လမ်းမှ ရွှေတိဂုံဘုရားလမ်းအထိကို ဆောင်ရွက် လျက်ရှိပြီး ယင်းအပိုင်းတွင် ဇုန် A မှ ဇုန် G အထိ အပိုင်းခုနစ်ပိုင်းခွဲ၍ စီမံဆောင်ရွက် လျက်ရှိသည်။ ဇုန် A တွင် စားသောက်ဆိုင် ခန်းများကိုလည်းကောင်း၊ ဇုန် B တွင် အပန်းဖြေနားနေရန်နေရာ၊ ကုမ္ပဏီရုံးခန်းများ၊ ATM စက်များ၊ ငွေလဲလှယ်ရေးကောင်တာများ၊ အများပြည်သူသုံး သန့်စင်ခန်းများ၊ အမှိုက်ပုံး၊ ရေတိုင်ကီများ၊ ဘတ်စ်ကားမှတ်တိုင်နှင့် အငှား ယာဉ်ရပ်နားရန် နေရာများကိုလည်းကောင်း၊ ဇုန် C တွင် အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်း ဆိုင်များ၊ ဇုန် D တွင် ဖျော်ဖြေရေးနေရာများ ကိုလည်းကောင်း၊ ဇုန် E တွင် ကွန်တိန်နာ ဆိုင်ခန်းများကိုလည်းကောင်း၊ ဇုန် F တွင် အဟောင်းပစ္စည်းဆိုင်များကို လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ သည်။

လက်ရှိအချိန်တွင် ရန်ကုန်ကမ်းနားလမ်း ညဈေးတန်းကို Public Private Partnership စနစ်ဖြင့် စနစ်တကျစီမံခန့်ခွဲပြီး အများ ပြည်သူကျန်းမာရေးအတွက် သန့်ရှင်း လတ်ဆတ်သော အစားအသောက်များ၊ အဝတ် အထည်များ၊ လက်မှုပစ္စည်းများ၊ စာအုပ်ဆိုင် များ အစရှိသည်တို့ကို ရောင်းချသည့် နိုင်ငံတကာအဆင့်မီ ညဈေးတန်းတစ်ခုဖြစ်လာ စေရန်နှင့် အများပြည်သူအတွက် လုံခြုံ စိတ်ချရသည့် လမ်းလျှောက်အပန်းဖြေရာနေရာ များဖြင့် ဆောင်ရွက်လျက်ရှိသည်။

ကုမ္ပဏီအနေဖြင့် ဆိုင်ခန်းများ ခင်းကျင်း ရောင်းချရာတွင် ၈ ပေ ပတ်လည်ဆိုင်ခန်းများ၊ (၆ x ၈) ပေ ဆိုင်ခန်းများ၊ ၁၀ ပေ ပတ်လည် ဆိုင်ခန်းများ၊ (၂၀ x ၈) ပေ ကွန်တိန်နာဆိုင်ခန်း များ၊ (၄၀ x ၈) ပေ ကွန်တိန်နာဆိုင်ခန်းများ ကို တစ်လငှားရမ်းခအဖြစ် ဈေးနှုန်းများ သတ်မှတ်ကာ ကောက်ခံငှားရမ်းပေးလျက် ရှိသည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု လျှော့ချထား နိုင်ချိန်၊ နိုင်ငံတွင်း စီးပွားရေးလုပ်ငန်းများ ပြန်လည်နာလန်ထူရန် အားယူစပြုချိန်၊ မြို့ နယ်ရပ်ကွက်များအတွင်းရှိ လမ်းဘေး ဈေးသည်များ စတင်ပေါ်ထွက်စပြုချိန်၊ မိုးဥတု အကုန်ပွင့်လင်းရာသီရောက်စပြုချိန်တို့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့ အစည်းများ၊ ရန်ကုန်သူ ရန်ကုန်သားများ အားလုံး ဝိုင်းဝန်းပူးပေါင်းအကောင်အထည် ဖော်နိုင်ပါက စည်ကားသိုက်မြိုက်စွာ တွေ့မြင် ရမည့် ရန်ကုန်မြို့ ကမ်းနားလမ်း ညဈေးတန်း ကို မကြာခင် မြင်တွေ့ခွင့်ရမည်သာ ဖြစ်ပေ တော့သည်။ ။

# ရန်ကုန်မြို့က စည်ပင်ရေ

တင်ဝင်းလေး(ကြည့်မြင်တိုင်)
ဓာတ်ပုံ YCDC

**အခုတလော** ရန်ကုန်မြို့ရဲ့ အချို့သော မြို့နယ်တွေမှာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအောက်မှာရှိတဲ့ ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်း တာဝန်ခံအဖွဲ့က ရေပိုက်လုံးကြီးများမြှုပ်နှံ ဆောင်ရွက်နေတဲ့ လုပ်ငန်းများကို သွားရင်းလာရင်း ကားပေါ်ကနေ တွေ့တွေ့နေရပါတယ်။

ရန်ကုန်မြို့တော်ကြီးဟာ အခြားအခြားသော တိုင်းဒေသကြီး၊ ပြည်နယ်များထက် လူဦးရေပိုမိုများပြားသလို အလုပ်ရုံ၊ စက်ရုံတွေအပြင် လူနေအဆောက်အအုံများကလည်း အလွန်ပင် များပြားလှပါတယ်။ စီးပွားရေးမြို့တော်လို့ သတ်မှတ်ခေါ်ဆိုမှုနဲ့အညီ ရေကြည်ရာ စီးပွားရှာသူတို့ လာရောက်အခြေချရာ တိုင်းဒေသကြီးလည်း ဖြစ်ပါတယ်။

လူတစ်ဦးတစ်ယောက်မှာ စားဝတ်နေရေးဆိုတဲ့ အရေးသုံးပါးထက် အဓိက အကျဆုံးလိုအပ်ချက်က ရေကြည်ရေကောင်းကို နေ့စဉ်သောက်သုံးရဖို့ပဲ ဖြစ်ပါတယ်။

### အဝီစိတွင်းရေကို ရယူသုံးစွဲနေရ

ရန်ကုန်မြို့နေ လူတွေက ရေကြည်ရေကောင်းရဖို့ကို မြို့တော်စည်ပင်က နေ့စဉ်ပေးဝေနေတဲ့ ရေကိုရယူနေရသလို အဝီစိတွင်းက ရေကိုလည်း ရယူသုံးစွဲနေရတာ ဖြစ်ပါတယ်။

ရန်ကုန်မြို့ လူဦးရေဟာ ၂၀၁၄ ခုနှစ်က ကောက်ယူထားတဲ့ သန်းခေါင်စာရင်းအရဆိုရင် ၅ ဒသမ ၁၆ သန်းရှိတယ်လို့ မှတ်တမ်းအရ သိရပါတယ်။ မြို့တော်စည်ပင်က ရေပေးဝေနိုင်မှုက လူဦးရေ ၂ ဒသမ ၃၅ သန်းအတွက်လောက်သာ ပေးဝေနိုင်သေးတာကို လေ့လာတွေ့ရှိနေရပါတယ်။ အဲဒီတော့ ကျန်တဲ့ ၂ ဒသမ ၈၁ သန်းဟာ မြေအောက်အဝီစိတွင်း ရေကိုသာ အားကိုးသုံးနေရသေးကြောင်း မှတ်ယူရမှာ ဖြစ်ပါတယ်။

### ကြိုတင်မှန်းဆထားပြီးလည်းဖြစ်

ကြာလာရင် မြေအောက်ရေ ရယူသုံးစွဲမှုအန္တရာယ်က ရန်ကုန်မြို့တော်ကြီးအပေါ် ခြိမ်းခြောက်မှုတွေ ဖြစ်လာနိုင်ပါတယ်။ ဒါကိုလည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတွေက ကြိုတင်မှန်းဆထားပြီးလည်း ဖြစ်ပါတယ်။ ဒါ့ကြောင့် မြို့တော်စည်ပင်ရဲ့ ရေပေးဝေမှုကို အခုထက် အဆပေါင်းများစွာတိုးပြီး ပေးနိုင်အောင် စီမံကိန်းတွေ ချမှတ်လုပ်ဆောင်နေတာကို တွေ့ရပါတယ်။

ရန်ကုန်မြို့တော်ကြီးမှာ စည်ပင်အနေနဲ့ တစ်ရက် ရေပေးဝေနိုင်မှုကို ဆန်းစစ်ကြည့်မယ်ဆို လှော်ကားကန်က ဂါလန် ၁၄ သန်း၊ ဂျိုးဖြူကန်က ဂါလန် ၂၇ သန်း၊ ဖူးကြီးကန်က ဂါလန် ၅၄ သန်း၊ ငမိုးရိပ်ရေသန့်စင်စက်ရုံက ဂါလန်သန်း ၉၀ နဲ့ မြေအောက်အဝီစိတွင်းပေါင်း ၄၉၅ တွင်းမှ ဂါလန်သန်း ၂၀ စုစုပေါင်းရေဂါလန် ၂၀၅ သန်းကို ဖြန့်ဝေပေးနေတာပဲ ဖြစ်ပါတယ်။

ဒါကြောင့် ရန်ကုန်မြို့နေပြည်သူအများအတွက် ရေဖြန့်ဝေပေးနေမှုအပေါ် သိလိုသမျှကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်း တာဝန်ခံအဖွဲ့ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးမြင့်ဇော်သန်းကို ဆက်သွယ်မေးမြန်းခဲ့ပါတယ်။

"ရန်ကုန်မြို့တော်ကြီးရဲ့ ရေပေးဝေရေးစနစ်ကို ပြောရရင် မူလစတင်ပေးဝေခဲ့တဲ့စနစ်က စပြောပြချင်ပါတယ်။ ရေပေးဝေရေးမှတ်တမ်းအရ ၁၈၄၂ ခုနှစ်က စတင်ခဲ့တယ်လို့ ပြောရမှာဖြစ်ပါတယ်။ အဲဒီတုန်းက ရေတွင်းကြီး ၃၀ ကနေ ရေကိုရယူပြီး ဖြန့်ဝေပေးခဲ့တာလို့ သိရပါတယ်။ ၁၈၇၉ ခုနှစ်ကျမှ ကန်တော်ကြီးက ရေကိုယူပြီး ဖြန့်ဝေပေးတာ ဖြစ်ပါတယ်။ ၁၈၈၄ ခုနှစ်ကျတော့ အင်းလျားကန်ရေကို သွယ်ယူပြီး ကန်တော်ကြီးကို ရေဖြည့်ခဲ့တာပါ။"

### ကမ္ဘာမြေဆွဲအားနဲ့ပဲလွှတ်

"လှော်ကားကန်ကနေ ရေပေးဝေရေးစနစ်ကို ၁၉၀၄ ခုနှစ်ကစခဲ့ပြီး ရန်ကုန်မြို့တော်ကြီးကို ရေပေးဝေနိုင်ခဲ့တာဖြစ်ပါတယ်။ အဲဒီကစပြီး ကန်တော်ကြီးနဲ့ အင်းလျားကန်ကို ပြန်လည်ပြုပြင်ပြီး ပြည်သူအများအပန်းဖြေအနားယူနိုင်ဖို့ ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်။ ရေပေးတဲ့အခါ ကမ္ဘာမြေဆွဲအားကလည်း အရေးပါလှပါတယ်။ လှော်ကားကန်က ရေကို ကမ္ဘာမြေဆွဲအားနဲ့ ရေလွှတ်ပေးခဲ့ပြီး ဖိုးစိန်ရေတွန်းစက်က တစ်ဆင့် ရွှေတိဂုံဘုရားရေလှောင်ကန်ထဲကို တွန်းပို့ခဲ့တာ ဖြစ်ပါတယ်။ အဲဒီကတစ်ခါ ကမ္ဘာမြေဆွဲအားနဲ့ပဲ ရွှေတိဂုံဘုရားလမ်းတစ်လျှောက်ကနေ ရန်ကုန်မြို့တွင်း ရပ်ကွက်တွေကို ရေပေးဝေခဲ့တာပါ။ လှော်ကားကနေလွှတ်တဲ့ နောက်တစ်လိုင်းက သိမ်ဖြူလမ်းအထိကိုပဲ ကမ္ဘာမြေဆွဲအားနဲ့ပဲ လွှတ်ပြီး ရပ်ကွက်တွေကို ပေးဝေနိုင်ခဲ့တာ ဖြစ်ပါတယ်။"

### ရေလုံလုံလောက်လောက် ဖြန့်ဖြူးပေး

"နောက် ဂျိုးဖြူရေလှောင်ကန်နဲ့ ဂျိုးဖြူရေပေးဝေရေးစနစ်ပါ ၁၉၄၀ ပြည့်နှစ်မှာ တည်ဆောက်ပြီးစီးခဲ့ပါတယ်။ စနစ်ကျပြီး မြို့တော်အတွက် ရေပေးဝေရေးအင်္ဂါရပ်တွေနဲ့အညီ တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ ဒါကိုလည်း ကမ္ဘာမြေဆွဲအားနဲ့ပဲ ရန်ကုန်မြို့တော်ကြီးမှာ ရေပေးခဲ့တာပါပဲ။ ဂျိုးဖြူရေပေးဝေရေးစနစ်မှာ ကုက္ကိုင်းရေလှောင်ကန်က အရေးပါပြီး အဓိက ကျခဲ့ပါတယ်။ ရေဂါလန်သန်း ၂၀ အထိ သိုလှောင်နိုင်တဲ့ ကန်ဖြစ်ပါတယ်။ မြို့လယ်ကောင် Downtown Area ကို ရေလုံလုံလောက်လောက် ဖြန့်ဖြူးပေးဝေနိုင်ခဲ့တာပါ။"

"အဲဒီခေတ်အခါက ရန်ကုန်မြို့လယ်ကို ပြန်ကြည့်ရင် အရှေ့မှ အနောက်ဆိုတာက သိမ်ဖြူလမ်းကနေ ဘုန်းကြီးလမ်း၊ မြောက်မှတောင်ဆိုတာက ဗိုလ်ချုပ်အောင်ဆန်းလမ်းကနေ ကမ်းနားလမ်းအထိပါ။ ခေတ်တွေ စနစ်တွေ ပြောင်းလာပြီးနောက်မှာ ကျယ်ပြန့်လာတာပါ။ လူဦးရေတွေ တစတစများပြားလာခဲ့တာပါ။ရေပေးဝေမှုတွေပိုမိုဖြန့်ကြက်လာရတာပါ။ မြို့ပြင်ဖြစ်တဲ့ တာမွေ၊ မရမ်းကုန်း၊ ကမာရွတ်၊ ဒဂုံ၊ မင်္ဂလာတောင်ညွန့်၊ အလုံ၊ စမ်းချောင်း၊ ကြည့်မြင်တိုင်၊ ဗဟန်း စတဲ့မြို့နယ်တွေကိုပါ ဂျိုးဖြူကန်ကရေကို ကုက္ကိုင်းကန်၊ ရွှေတိဂုံဘုရားကန်တို့ကတစ်ဆင့် တိုးချဲ့ဖြန့်ဝေပေးလာရတာ ဖြစ်ပါတယ်။"

"မူလက ဂျိုးဖြူရေလှောင်ကန်ကနေ ရေကို ၅၆ လက်မရှိတဲ့ သံမဏိရေပိုက်လုံးကြီးတစ်လျှောက်ကို ကမ္ဘာမြေဆွဲအားနဲ့ ကုက္ကိုင်းရေလှောင်ကန်အထိ အရောက်ပို့ပေးနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ဂျိုးဖြူကန်နဲ့ ကုက္ကိုင်းရေလှောင်ကန်အကြားကနေ ရေဖောက်ယူပေးလာရတဲ့အတွက် ရေဖိအားတွေ လျော့ကျလာခဲ့ရပါတယ်။ ကုက္ကိုင်းကန်ပေါ်ကို ကမ္ဘာမြေဆွဲအားနဲ့ ရေက မရောက်နိုင်တော့ဘူး။ အဲဒီတော့ ရေကူးရေတွန်းအား စက်ရုံကနေ တစ်ဆင့် ရေကိုတွန်းပို့ရတဲ့ အနေအထား ဖြစ်လာပါတယ်။"

*အချပ်ပို (ခ) သို့*



ရန်ကုန်မြို့ရှိ ရေပိုက်လိုင်းများ အစားထိုးလဲလှယ်နေမှုကို တွေ့ရစဉ်။



ရန်ကုန်မြို့ရှိ ရေပိုက်လိုင်းများကို စည်ပင်ဝန်ထမ်းများ ပြုပြင်နေမှုကို တွေ့ရစဉ်။